မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အမျက်ဒေါသ မရှိ

အမျက်ဒေါသသည် ဆင်းရဲစေ၏။ စိုးရိမ်ပူပန်ရ၏။ ထို့ကြောင့် အမျက်ဒေါသကို ပယ်နိုင်ရန် သည်းခံတတ်သော စိတ်ကို မွေးမြူရာ၏။ အမျက်ဒေါသမရှိ သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန္တာမြတ်တို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ကြည်ညိုရာ၏။ **ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၄၀၀)**

၁၃၇၈ ခုနှစ်၊ ဝါဆိုလကွယ်နေ့ | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၁၀၃)

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်စေရေးအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပါကစ္စတန် တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးရာရှက်ဒ် မာမွတ် (General Rashad Mahmood)အား ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်စေရေးအတွက် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အတွေ့အကြုံဖလှယ်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးတို့ကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌနှင့်တွေ့ဆုံ

စာမျက်နှာ-၄

ဧရာဝတီမြစ်ရေ ညောင်ဦးမြို့တွင် စံချိန်တင်မြင့်တက်

နေပြည်တော် ဩဂုတ် ၂

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းတာရရှိသော ၂၂၈၅ စင်တီမီတာသည်နှစ်ပေါင်း ၅၁ နှစ်အတွင်း အမြင့်ဆုံးရေမှတ်ဖြစ်သည်။ ဧရာဝတီမြစ်ရေ(ညောင်ဦးမြို့)၏ ယခင်အမြင့်ဆုံးရေမှတ်မှာ ၂၉-၇-၂၀၀၄ ရက်တွင် တိုင်းတာရရှိသော ၂၂၆၃ စင်တီမီတာဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၆*

နီဒါတိုင်ဖွန်းမုန်တိုင်း တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံသို့ ဝင်ရောက်

စာမျက်နှာ-၁၀

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် တောင်သမန်ရေထိန်းတံခါး ရေလျှော့ချမှုကြောင့် နေအိမ်များ ပြောင်းရွှေ့ခဲ့

စာမျက်နှာ-၁၂

KBZ BANK

STRENGTH OF MYANMAR

သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ခေတ်မစားတော့သော အာဏာသိမ်းမှုများ

ပြီးခဲ့သည့်တစ်ပတ်ကျော်က တူရကီနိုင်ငံတွင် မအောင်မြင်သော အာဏာသိမ်းမှုတစ်ခုဖြစ်ပွားခဲ့သည်။ ဤသည်မှာ ၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာတစ်လွှားပထမဦးဆုံးအကြိမ် အာဏာသိမ်းမှုဖြစ်သည်။ ၎င်း အာဏာသိမ်းမှုတွင် အဆင့်မြင့်အရာရှိမည်မျှပါဝင်သလဲ၊ ၎င်းတို့က ခေတ်ဟောင်းပုံစံဘာသာရေးသို့ သွားလိုသလော၊ ၎င်းတို့သည် ပြည်ပရောက် ဘာသာရေးဆရာ၏ နောက်လိုက်များလော စသည်...စသည် တို့ကို ရှင်းလင်းစွာမသိရသေးပေ။

သို့သော်သေချာသည့်အချက်နှစ်ချက်မှာ တူရကီပြည်သူများက လမ်းမပေါ်ထွက်၍ အာဏာသိမ်းမှုကို ရဲရဲရင့်ရင့်ဆန့်ကျင်ပြခဲ့ခြင်းဖြစ်သည်။ ထို့အတွက်ပြည်သူ ၁၀၀ ကျော်သေဆုံးခဲ့သည်။ အတိုက်အခံပါတီများကလည်း သမ္မတမစ္စတာအာဒိုဂန်အပေါ် မကျေနပ်မှုများရှိသည့်တိုင် အာဏာသိမ်းမှုကိုဆန့်ကျင်ခဲ့ကြသည်။ ၁၉၆၀ ခုနှစ်နောက်ပိုင်း အာဏာသိမ်းဗိုလ်ချုပ်များ (၅) ကြိမ်မြောက် အာဏာရလာသည်ထက် အာဏာရှင်ဆန်နေသော ဘာသာရေးအယူစွဲသန်သူ လက်ရှိသမ္မတဘက်က ရပ်တည်ခဲ့ကြခြင်း ဖြစ်ပေသည်။

ဒုတိယအချက်မှာ ပုန်ကန်မှုနောက်ပိုင်းဖြစ်ပွားလာသည့် အာဒိုဂန်၏ ပြင်းထန်လှသောဖိနှိပ်မှုများက ပြည်သူများအသက်ပေး၍ရလာသည့် ဒီမိုကရေစီကိုဖျက်ဆီးနေခြင်းဖြစ်သည်။ အာဒိုဂန်က အရေးပေါ်ကာလ သုံးလကြေညာခဲ့ပြီးနောက် အဖမ်းဆီးခံရသောစစ်သား ၆၀၀၀ ကျော်ရှိလာသည်။ ထို့ပြင် ရဲများ၊ ဥပဒေတရားသူကြီးများ အလုပ်ဖြုတ်ခံရသည့်အပြင် ပညာရပ်နယ်ပယ်မှ ပုဂ္ဂိုလ်များ၊ ကျောင်းဆရာများအပါအဝင် အရပ်ဘက်ဝန်ထမ်းများပါ အရေးယူခံနေရသည်။ တူရကီ၏လက်ရှိ နှိပ်ကွပ်မှုမှာ လွန်စွာနက်ရှိုင်း၍ လွန်စွာကျယ်ပြန့်လှရာ လူပေါင်း ၆၀၀၀၀ ခန့်အထိ သက်ရောက်လျက်ရှိသည်ဟု ဆိုသည်။

ဤသည်တို့မှာ နိုင်ငံတစ်နိုင်ငံ၏လုံခြုံရေးဆိုသည်တို့ထက် ကျော်လွန်လျက်ရှိနေသည်။ မစ္စတာ အာဒိုဂန်က သူ၏ကိုယ်ပိုင်တပ်ဖွဲ့များဖြင့် ဇဟုဝါဒကို ချေဖျက်လျက်ရှိနေခြင်းပင်ဖြစ်သည်။ သူသည်တူရကီကို ပိုမို၍ ပြဿနာရှိသော အရှုပ်အထွေးပုံဘဝသို့တွန်းပို့နေခြင်းဖြစ်လာပြီး အိမ်နီးချင်းနိုင်ငံများ၊ ဥရောပနှင့်အနောက်ကမ္ဘာအတွက်ပင် အန္တရာယ်ဖြစ်လာပေတော့သည်။

တူရကီ၏ သမိုင်းကိုကြည့်လျှင် ၁၀ နှစ်တစ်ကြိမ်လောက် အာဏာသိမ်းမှုဖြစ်လေ့ရှိသည်ကို တွေ့ရသည်။ ကမ္ဘာနှင့်ချီ၍အာဏာသိမ်းမှုများကို လေ့လာထားသောစာရင်းများအရ ၁၉၆၀ ခုတစ်ဝိုက်ကအာဏာသိမ်းမှုများ ခေတ်အစားဆုံးဖြစ်ခဲ့ပြီး ၁၉၅၀ မှ ၂၀၁၀ ခုနှစ်လောက်အထိ ကာလအတွင်း ကမ္ဘာတွင် အာဏာသိမ်းမှုပေါင်း ၄၅၇ ခုဖြစ်ခဲ့သည်။ ထိုအထဲတွင် ၂၂၇ ခု (၄၉ ဒသမ ၇ ရာခိုင်နှုန်း)က အောင်မြင်ခဲ့ပြီး၊ ၂၃၀ (၅၀ ဒသမ ၃ ရာခိုင်နှုန်း)က ရှုံးနိမ့်သော အာဏာသိမ်းမှုများ ဖြစ်ခဲ့သည်။ သို့သော် မကြာသေးခင်နှစ်များအတွင်း ထိုအချိုးမှာ ပြောင်းလာခဲ့သည်။ ကြံစည်သူများက အောင်မြင်မှုပိုများလာခဲ့ပြီး ၇၀ ရာခိုင်နှုန်းခန့် အာဏာသိမ်းမှုများ အောင်မြင်လာသည်ဟုဆိုသည်။

မကောင်းသော အတွေ့အကြုံများသည် ပျံ့နှံ့လွယ်သည်။ အာဏာသိမ်းမှုလက်စွဲကျမ်းစာအုပ်များပင် ထွက်ပေါ်ခဲ့ပြီး အာဏာသိမ်းသူများ၏ အခြေခံလုပ်ဆောင်မှုအဆင့်များမှာ ခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ ပင်မမီဒီယာများကို ထိန်းချုပ်ခြင်းနှင့် အသွားအလာအားလုံးရပ်ဆိုင်းအောင် လုပ်ပစ်ခြင်းများပင်ဖြစ်သည်။ သို့သော် ယနေ့ခေတ်မှာ အာဏာသိမ်းမှုများ ခေတ်မစားသောကာလဖြစ်လာသည်။

အာဏာသိမ်းမှုများ၏ အကျိုးဆက်များကလည်း တိုင်းပြည်များ၏ စီးပွားရေးအပေါ် သက်ရောက်မှုကြီးလှသည်။ အာဏာရှင်စနစ်တစ်ခုမှ နောက်ထပ်အာဏာရှင်သို့ ပြောင်းသွားလျှင် စီးပွားရေးအကျိုးသက်ရောက်မှုမများပြားလှသော်လည်း ဒီမိုကရေစီမှ အာဏာရှင်သို့ပြောင်းသွားသောနိုင်ငံများတွင် စီးပွားရေးဆုတ်ယုတ်ပျက်စီးမှု ကြီးစွာဖြစ်သည်ကို တွေ့ကြရသည်။ လေ့လာချက်များအရ ဒီမိုကရေစီမှ အာဏာသိမ်းခံရမှုများတွင် ဆယ်စုနှစ်များနှင့်ချီ၍ စီးပွားရေးကျဆင်းသွားပြီး နောက်ဆုံးတွင် မူလဒီမိုကရေစီခေတ်ထက် တစ်ဦးချင်းဝင်ငွေ ၁၀ ဆမျှအထိ လျော့နည်းသွားတတ်သည်ဟု ဆိုသည်။

မြန်မာပြည်တွင်လည်း ထိုအတွေ့အကြုံများရှိခဲ့၍ ထိုလေ့လာချက်များမှန်မမှန်ကို အငြင်းပွားရန်မလိုတော့ပေ။ ဒီမိုကရေစီမှ အာဏာရှင်သို့ပြောင်းသွားလျှင် ဆုတ်ယုတ်ပျက်စီးမှု မြန်ဆန်လှသော်လည်း အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ ကူးပြောင်းရာတွင် ဘက်ပေါင်းစုံမှ ကျားကုတ်ကျားခဲလုပ်ဆောင်ရလေ့ရှိပြီး အကျိုးရလဒ်များ ကောင်းမွန်ခိုင်မာသော်လည်း ဖြည်းဖြည်းမှန်မှန်သာရလေ့ရှိကြောင်း တွေ့ရှိရပေသည်။ ။

စစ်ကိုင်းမြို့ (IBEC)ဗုဒ္ဓဘာသာပညာရေးစင်တာ ကျောင်းတိုက်အတွင်း ပဲအလှူတော်ပွဲကျင်းပမည်

စစ်ကိုင်း ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ (IBEC) ဗုဒ္ဓဘာသာပညာရေးစင်တာ ကျောင်းတိုက်အတွင်း ကျောင်းအုပ်ဆရာတော်ကြီးဦးစီး၍ မြတ်ဗုဒ္ဓသာသနာအဓွန့်ရှည်တည်တံ့စေရန် ပရိယတ္တိ၊ ပဋိပတ်တာဝန်ထမ်းဆောင်တော်မူကြကုန်သော မင်းကွန်း၊ မင်းဝံ၊ စစ်ကိုင်းတောင်ရိုးနှင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ရဟန်းသာမဏေ၊ သီလရှင်၊ သူတော်စင်တို့အတွက် ဆွမ်းဟင်းမကြောင့်ကြစေခြင်းအလို့ငှာ တတိယအကြိမ်မြောက် ပဲအလှူတော်ပွဲကြီးကို ဩဂုတ် ၄ ရက်မှ ၇ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ သံဃာတော်များ၊ သီလရှင် ဆရာကြီး ဆရာလေးများ ဆွမ်းဟင်း အဆင်ပြေစေရန် ပထမအကြိမ်တွင် ရဟန်းသာမဏေ၊ သီလရှင်၊ သူတော်စင်စုစုပေါင်း အပါး ၁၀၀၆၀ တို့အား တစ်ပါး လျှင် ပဲတစ်ပြည်နှုန်းဖြင့် လည်းကောင်း၊ ဒုတိယအကြိမ်တွင် အပါး ၂၅၀၀၀ တို့အား လှူဒါန်းခဲ့ပြီး ယခုတတိယအကြိမ်တွင်လည်း တစ်ပါးလျှင် နှစ်ပြည်နှုန်းဖြင့် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သာသနာ့နွယ်ဝင် သူတော်စင်များအနေဖြင့် ပဲတစ်ဘူးလျှင် ငွေကျပ် ၂၀၀၊ ပဲတစ်ပြည်လျှင် ငွေကျပ် ၁၆၀၀၊ ပဲတစ်တင်းလျှင် ငွေကျပ် ၂၅၆၀၀ နှုန်းဖြင့် ပူးပေါင်းပါဝင်လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက ဦးကိုကို ဖုန်း- ၀၉၃၃၂၂၇၂၆၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ထင်သာမြင်သာပြုပြင်စရာ

ရွှေညောင်ပင်အလကခွဲကျောင်း၌ စာသင်ခန်းများ လိုအပ်လျက်ရှိ

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ အလကခွဲအဆင့်သို့ တိုးမြှင့်လိုက်သော်လည်း ကျောင်းသားဦးရေများပြားပြီး ကျောင်းဆောင်နှင့် စာသင်ခန်းများ မလုံလောက်သောကြောင့် လိုအပ်လျက်ရှိကြောင်း သိရသည်။ ကျောင်းစာသင်ဆောင် လိုအပ်ချက်ကို ၂၀၁၂ ခုနှစ်ကစပြီး ကျောင်းဆောင်သစ်ရရှိရေးအမှုတွဲများကိုပြုစုပြီး ပညာရေးဌာနကို နှစ်စဉ်တင်ကာ ကျောင်းဆောင်သစ်ရရှိရေးကို ဆောင်ရွက်ခဲ့ကြောင်း အဆိုပါကျောင်းမှ ဆရာမ ဒေါ်နော်ဆိုးလယ်က ပြောသည်။

"ယခုလက်ရှိမှာ ကျောင်းသားမိဘများရဲ့အကူအညီနဲ့ ကျောင်းသားကျောင်းသူများ စာသင်နိုင်ဖို့အတွက် မိုးကာ၊ တာလဘတ်မိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်းများဖြင့်ယာယီစာသင်ဆောင် အခန်းနှစ်ခန်း ဆောက်ပေးထားပြီး စာသင်ဆောင် တစ်ဆောင်အတွင်းမှာ တန်းခွဲသုံးခုခွဲပြီးစာသင်နေပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ထို့ကြောင့် စာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ စာသင်ကြားရာတွင် နွေ၊ မိုး၊ ဆောင်း အဆင်ပြေစေရေး၊ ကျောင်းသားနှင့် ကျောင်းဆောင် အချိုးကျရရှိစေရေးအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် ကျောင်းသားမိဘများ၊ ကျေးရွာနေပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မူခင်းကျဆင်းရေး မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ဘားအံ ဩဂုတ် ၂ - ကရင်ပြည်နယ် ဘားအံမြို့နယ် ဗျက္ခကျေးရွာအုပ်စု နောင်မဘုံကျေးရွာ အလယ်တန်းကျောင်းခွဲတွင် ဩဂုတ် ၁ ရက်က အိန္ဒြနယ်မြေ ရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင်က မူးယစ်ဆေးဝါးအသိပညာပေးခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးခြင်း၊ မူခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးခြင်းများကို ဟောပြောဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောကျော်အေးဆေးက လာရောက်ဟောပြောပေးသည့်အတွက် ရဲတပ်ဖွဲ့ဝင်များအား ကျေးဇူးတင်ရှိကြောင်း၊ လူသားအားလုံး၏ဘုံရန်သူဖြစ်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ကျေးရွာသားများက ပူးပေါင်းပါဝင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးရောင်းဝယ်မှုများ မိမိတို့ရပ်ရွာတွင် လုပ်ကိုင်မှုအခွင့်အရေးမရှိရလေအောင် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းချိတ်ဆက်၍ မူးယစ်ဆေးဝါးသတင်းများအား ဘေးကင်းလုံခြုံစွာ သတင်းပေးနိုင်ရေးတို့အား ပြောကြားခဲ့ကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၄၄၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၄၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၄၄၀၀၀

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

ဒီဇယ်	၅၅၀ / ၅၆၀ ကျပ်
အောက်တိန်း ၉၂	၅၄၀ / ၅၇၀ ကျပ်
အောက်တိန်း ၉၅	၆၅၀ / ၇၆၀ ကျပ်
ပရီမီယံဒီဇယ်	၅၈၀ / ၅၉၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၈၇.၀
ဥရောပ	တစ်ယူရို	၁၃၂၆.၀
စင်ကာပူ	တစ်ဒေါ်လာ	၈၈၅.၅၃
ထိုင်း	တစ်ဘတ်	၃၄.၁၂၄
အိန္ဒိယ	တစ်ရူပီး	၁၇.၈၀၈
တရုတ်	တစ်ယွမ်	၁၇၈.၈၄
မလေးရှား	တစ်ရင်းဂစ်	၂၉၄.၀၇

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား နော်ဝေသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နော်ဝေနိုင်ငံသံအမတ်ကြီး မစ္စ အန်အိုလီ စတန်သည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲစေရန် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အကူအညီပေးရေး၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နော်ဝေနိုင်ငံမှ ဆက်လက်ထောက်ခံသွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတကာစာရင်းစံများလိုက်နာကျင့်သုံးရန် ကြိုးပမ်းဆောင်ရွက် စာရင်းလောကကြီးတစ်ခုလုံး စည်းလုံးညီညွတ်စွာ လုပ်ကိုင်

မုံရွာ ဩဂုတ် ၂

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ဇူလိုင်လစတုတ္ထပတ်က စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဦးစိုးလွင်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စာရင်းစစ်အရာရှိများ၊ စာရင်းစစ်ဝန်ထမ်းများ၊ စစ်ကိုင်း၊ ရွှေဘို၊ ယင်းမာပင်၊ မုံရွာခရိုင်များရှိ စာရင်းစစ်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ သုံးရပ်ရှိသည့်အနက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများသည် အုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင်ကြရာတွင် အရည်အချင်း ပြည့်ဝစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်ရန် လိုအပ်သည့်အပြင် အတတ်ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိရန် လိုကြောင်း ပြောကြားသည်။ စီမံချက်၏ ပထမအဆင့်အနေဖြင့် စာရင်းနှင့်စာရင်းစစ်အရေးကြီးမှုနှင့် အရေးပါမှုကို ပြည်သူအများသိရှိနားလည်အောင် ရည်ရွယ်၍ ရန်ကုန်မြို့တွင် စာရင်းနှင့် စာရင်းစစ်ပြပွဲကျင်းပခဲ့မှု၊ ပုဂ္ဂလိကကဏ္ဍတွင် နိုင်ငံတကာစာရင်းစစ်စံများ လိုက်နာစေရေးဆောင်ရွက်နေမှု၊ နိုင်ငံပိုင်ကဏ္ဍတွင် နိုင်ငံတကာစာရင်းစံများ လိုက်နာကျင့်သုံးရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် စာရင်းနှင့်စာရင်းစစ်ပွဲတွင် စည်းလုံးညီညွတ်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတိုင်း စာရင်းလောကကြီးတစ်ခုလုံး စည်းလုံးညီညွတ်စွာလုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မစ္စတာ ဆာဟဲလ် မူစတာဖာ အာမက် အာဂျီစပ်အား မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဩဂုတ် ၃

မစ္စတာ ဆာဟဲလ် မူစတာဖာ အာမက် အာဂျီစပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဆာဟဲလ် မူစတာဖာ အာမက် အာဂျီစပ်ကို ၁၉၆၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ်တွင် King Abdulaziz University မှ B.A. (Systems) ဘွဲ့ကိုလည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် သံတမန်ရေးရာတက္ကသိုလ်မှ ဒီပလိုမာကို လည်းကောင်း ရရှိခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံ၊ တူရကီနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ရှိ ဆော်ဒီအာရေဗျသံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ပီရူးနိုင်ငံရှိ ဆော်ဒီအာရေဗျသံရုံးတွင် ၂၀၁၃ ခုနှစ်မှစ၍ သံရုံးယာယီတာဝန်ခံအဖြစ် လည်းကောင်း၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့မှစ၍ ဒုတိယသံအမတ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သား သုံးဦးနှင့် သမီး သုံးဦးရှိသည်။

(သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

အဆိုပါမြစ်ရေသည် ပခုက္ကူမြို့တွင် သုံးပေခန့်၊ မင်းဘူးမြို့တွင် နှစ်ပေခွဲခန့်၊ မကွေးမြို့ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ၊ အောင်လံမြို့တွင် တစ်ပေခန့်၊ ပြည်မြို့နှင့် ဆိပ်သာမြို့တို့တွင် ပေဝက်ခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပခုက္ကူမြို့တွင် ပေဝက်ခန့်၊ နောက်နှစ်ရက်အတွင်း မင်းဘူးမြို့ မကွေးမြို့ အောင်လံမြို့ ပြည်မြို့နှင့် ဆိပ်သာမြို့တို့တွင် နှစ်ပေခန့်စီ၊ ဟင်္သာတ မြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

(မြန်မာ့အလင်း)

ဝေန်မြစ်ကူးတံတား(မြို့ကွင်း) မြစ်ရေတိုက်စားမှုကာကွယ်ထိန်းသိမ်းရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်ရှိ ဝေန်မြစ်ကူးတံတား(မြို့ကွင်း)၏ အင်္ဂပူဘက်ကမ်း၊ မြစ်ကမ်းပြို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသည် ဝေန်မြစ်ကူးတံတား(မြို့ကွင်း) အပါအဝင် အခြားတံတားများကိုလည်း ရေတိုက်စားမှုမှကာကွယ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း။

လမ်းတံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေးအပိုင်းသည် အရေးကြီးပါကြောင်း၊ တိုင်းဒေသကြီးအတွင်း အရေးပါသော တံတားတစ်စင်းဖြစ်သည့် ဝေန်မြစ်ကူးတံတား(မြို့ကွင်း)အား ရေတိုက်စားမှုကာကွယ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးရန်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ဝေန်မြစ်ကူးတံတား(မြို့ကွင်း) ရေတိုက်စားမှုနှင့် ကာကွယ်ထိန်းသိမ်းရန် လိုအပ်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ဝေန်မြစ်ကူးတံတား တည်ဆောက်မှု အခြေအနေ၊ ရေလမ်းကြောင်းနှင့် မြစ်ရေတိုက်စားမှုတို့အား နှစ်စဉ်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ လည်းကောင်း၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက မြစ်ချောင်း အခြေအနေနှင့် ရေလမ်းကြောင်း ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ဝေန်မြစ်ကူးတံတား အင်္ဂပူဘက်ကမ်း မြစ်ကမ်းပါးပြို ကာကွယ်ထိန်းသိမ်းထားရှိမှုနှင့် ဆက်လက်ထိန်းသိမ်းမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ Power Point ဖြင့် အသီးသီးရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

(သတင်းစဉ်)

ဆင်ပေါင်ဝဲမြို့နယ်၌ ဧရာဝတီမြစ်ရေကြီးမှု ကြိုတင်ပြင်ဆင်ထားရှိခြင်းလုပ်ငန်းများ ဆောင်ရွက်

ဆင်ပေါင်ဝဲ ဩဂုတ် ၂

ဆင်ပေါင်ဝဲမြို့၏ ဧရာဝတီမြစ် စိုးရိမ်ရေမှတ်မှာ ၁၉၄၅ စင်တီမီတာဖြစ်ပြီး ယနေ့မွန်းတည့်တွင် ၁၇၀၈ ဒသမ ၅ စင်တီမီတာထိ ရောက်ရှိလာသဖြင့် ဆင်ပေါင်ဝဲမြို့နယ် ကျွန်းကျေးရွာအုပ်စု ကျွန်းကျေးရွာ (အနောက်စု)သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး အမှတ်(၁၃) ကာကွယ်ရေးပစ္စည်းစက်ရုံမှ ဗိုလ်မှူးမျိုးမင်းမင်းနှင့် တပ်မတော်သားများ၊ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်မင်းကိုနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများသည် ယနေ့နံနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီထိ သွားရောက်ပြီး ဧရာဝတီမြစ်ရေဝင်ရောက်၍ ပြောင်းရွှေ့ရန်လိုအပ်သည့် အိမ်ထောင်စုများ၊ တိရစ္ဆာန်များနှင့် ပစ္စည်းများကို ရေလွတ်ရာဒေသဖြစ်သည့် မြစ်အနောက်ဘက်ကမ်းရှိ အင်းလတ်ကျေးရွာသို့ ပြောင်းရွှေ့နေရာချထားပေးကြသည်။

ထိုသို့ ပြောင်းရွှေ့ပေးရာတွင် အမှတ် (၁၃)ကာကွယ်ရေးပစ္စည်းစက်ရုံမှ ကနောင်ဇက်ရေယာဉ်ဖြင့် ကျွန်းကျေးရွာ (အနောက်စု)မှ ဒေသခံအချို့နှင့် တိရစ္ဆာန်များအား အင်းလတ်ကျေးရွာသို့ ပို့ဆောင်ပေးခဲ့ပြီး အင်းလတ်ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် နီးစပ်ရာဆွေမျိုးသားချင်းနေအိမ်များတွင် ယာယီနေရာချထား ဆောင်ရွက်ပေးကြသည်။

ကျွန်းကျေးရွာ(အနောက်စု)တွင် အိမ်ခြေ ၆၈ လုံး၊ အိမ်ထောင်စု ၇၅ စု၊ လူဦးရေ ၁၃၄ ဦးရှိပြီး ရေဝင်အိမ်ခြေ ၆၆ အိမ်အတွက် လတ်တလောစားသောက်ရေး အဆင်ပြေစေရန် ဆန်နှစ်အိတ်၊ မာမားခေါက်ဆွဲခြောက်အထုပ် ၃၀ ပါ သုံးဖာနှင့် ရေသန့်ဘူးကြီး ၁၀ ဘူးတို့ကို ကျေးရွာသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့ (ကျေးရွာအုပ်ချုပ်ရေးမှူး) ထံအပ်နှံပေးခဲ့ပြီး ကျေးရွာတွင်းရှိ သာမန် ဖျားနာသူ ၁၆ ဦးအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း လုပ်ငန်းများလည်း ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် အကျိုးတူကိစ္စရပ်များ ဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌနှင့်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ရာရှက်ဒ်မာမွတ်နှင့် ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေးနှင့် အခြားအကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နော်ဝေနိုင်ငံ သံအမတ်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ အန်အိုလီစတန်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နော်ဝေနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ အန်အိုလီစတန်အား ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဗြိတိန်နိုင်ငံ အဆင့်မြင့်ပညာရေးစနစ်အကြောင်း ဆွေးနွေးမည်

ရန်ကုန် ဩဂုတ် ၂

ဗြိတိန်အစိုးရတက္ကသိုလ်ဖြစ်သည့် University of Bedfordshire (UOB)၏ Executive Dean of Academic Partnerships, Professor Helen Bailey (MA, PhD, FRSA) သည် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ Park Royal Hotel, Yadanar Room ၌ ဆွေးနွေးပွဲတစ်ရပ် ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဗြိတိန်နိုင်ငံ၏ အဆင့်မြင့်ပညာရေးစနစ်ကို လည်းကောင်း၊ UOB နှင့် STIMU တို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသည့် ဘွဲ့ကြိုနှင့်ဘွဲ့လွန်သင်တန်းများအား လည်းကောင်း ဆွေးနွေးမည်ဖြစ်သည်။

University of Bedfordshire ကို ၁၈၈၂ ခုနှစ်တွင် Teacher Training College အဖြစ် စတင်တည်ထောင်ခဲ့ပြီး Chancellor အဖြစ် အောက်လွှတ်တော်ဥက္ကဋ္ဌ Rt Hon John Bercow က လည်းကောင်း၊ Vice-Chancellor အဖြစ် Bill Rammell ကလည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

လက်ရှိတွင် ကျောင်းသား၊ ကျောင်းသူ သုံးသောင်းကျော် တက်ရောက်ပညာသင်ကြားလျက်ရှိပြီး Campus ပေါင်း ခြောက်ခုဖြင့် ဖွဲ့စည်းထားကာ ပင်မ Campus ဖြစ်သည့် Luton Campus သည် လန်ဒန်မြို့လယ်မှ မိနစ် ၂၀ ခန့်ကွာဝေးသည့် နေရာတွင်တည်ရှိကာ ကျောင်းသားများနေထိုင်ရန် အဆောင်များ ပါဝင်သည်။

UOB နှင့် STIMU တို့ပူးပေါင်းဆောင်ရွက်နေသည့် သင်တန်းများမှာ Master of Business Administration (General)၊ Master of Business Administration (Hospital and Health Services Management)၊ M.Sc (Public Health)၊ M.Sc (Nutrition and Dietetics)၊ B.A (Hons) in Business Administration၊ B.A(Hons) in Accounting ၊ B.Eng(Hons) Civil Engineering၊ B.Eng (Hons) Civil and Architectural Engineering၊ B.Eng(Hons) Architectural Engineering၊ B.Eng(Hons) Electronic Engineering၊ B.Sc(Hons) Construction Management တို့ ဖြစ်သည်။

စိတ်ပါဝင်စားသော မိဘနှင့် ကျောင်းသား၊ ကျောင်းသူများသည် Building 10, Phase 3, MICT park, Hlaing Universities Campus, Hlaing Township၊ ဖုန်း-၀၁-၅၀၇၁၅၁၊ ၀၁-၅၀၇၁၅၂၊ ၀၁-၅၀၇၀၄၈ တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ငါးပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် နှစ်ပေခန့်စီကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။ အဆိုပါမြစ်ရေသည် မုံရွာမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **(မြန်မာ့အလင်း)**

သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ငွေကျပ်သိန်းတစ်ထောင် လှူဒါန်း

ပဲခူး ဩဂုတ် ၂

ဒေသအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း(BFM)သည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံ အလှူငွေကျပ်သိန်းတစ်ထောင် ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လှူဒါန်းမှုများထဲတွင် ပထမဆုံး အလှူငွေအများဆုံး စံချိန်တင် လှူဒါန်းမှုဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၏ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အလှူငွေလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) မှ တာဝန်ရှိသူ ဦးဘိုဘိုဝေမောင်က ယမန်နှစ် ရေကြီးရေလျှံမှုနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန်အတွင်း ဖောင်ဒေးရှင်းအနေဖြင့် သော်လည်းကောင်း၊ အခြားပရဟိတအဖွဲ့များနှင့် အလှူရှင်များအနေဖြင့် လည်းကောင်း၊ ခက်ခဲစွာ၊ လူအား၊ ငွေအားဖြင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်၍ ဝေးလံသော အချို့ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရကြောင်းနှင့် ထိုအတွေ့အကြုံများကို အခြေခံ၍ ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံအနှံ့အပြား၌ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရသောကြောင့် ဖြစ်ပွားမှုများကို သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများက အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းထံ အလှူငွေကျပ် သိန်းတစ်ထောင်ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဖောင်ဒေးရှင်းအနေဖြင့် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ရှစ်ခုသို့ ငွေကျပ်သိန်း တစ်ထောင်စီကို သဘာဝဘေး အန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သဲနိုင်ဦး(မြန်မာစာ)

တပ်မတော်နှစ်ရပ်အကြား တွေ့ဆုံဆွေးနွေးမှုနှင့် အတွေ့အကြုံဖလှယ်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပါကစ္စတန်တပ်မတော်ပူးတွဲ စစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌဗိုလ်ချုပ်ကြီး ရာရှက်ဒ်မာမွတ် အားယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် နှစ်ဖက်တပ်မတော်ခေါင်းဆောင်များသည် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကြည်း၊ ရေ၊ လေ ဆိုင်ရာ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များစေလွှတ်ရေး၊ တပ်မတော်နှစ်ရပ်အကြား တွေ့ဆုံဆွေးနွေးမှုနှင့် အတွေ့အကြုံဖလှယ်ရေးကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာများ၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ညပိုင်းတွင် ပါကစ္စတန်တပ်မတော်ပူးတွဲ စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နေပြည်တော်ရှိ Park Royal Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂

မူးယစ်ဆေးဝါးတရားမဝင် သယ်ဆောင်ရောင်းဝယ်မှုများနှင့် အခြားဂိုဏ်းဖွဲ့ ကျူးလွန်မှုခင်းများအကြား ဆက်စပ်နေမှုမှာလည်း နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်သည့် စီးပွားရေးကို လှုပ်စားစေသည့်အပြင် တည်ငြိမ်အေးချမ်းသာယာရေး၊ လုံခြုံရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုပါ ခြိမ်းခြောက်လျက်ရှိကြောင်းနှင့် ပြီးပြည့်စုံသော ဘက်ပေါင်းစုံချဉ်းကပ်မှုများ ပါဝင်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ် ပေါ်ထွက်ရေး အမြန်ဆုံး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ က ယနေ့ နံနက် ၉ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (၁/၂၀၁၆) အစည်းအဝေးတွင် ပြောကြားသည်။ **(အပေါ်ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် နှီးနွယ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ က မူးယစ်ဆေးဝါးပြဿနာသည် လူမှုစီးပွားရေးပိုင်းတွင် ကြုံတွေ့ရသော Impact on Social and Economy နှင့် မှုခင်းဆိုင်ရာ တရားစီရင်ရေးပိုင်းတွင် ရိုက်ခတ်သော Impact on Criminal Justice များ တွေ့ရှိရကြောင်း၊ Social and Economy Impact အနေဖြင့် ပြည်သူ့ကျန်းမာရေးကိစ္စများ၊ ခွဲခြားဆက်ဆံခံရမှုများ၊ ဆင်းရဲမွဲတေမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စသည့် လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများတွင် အဟန့်အတားတစ်ခုအဖြစ် တည်ရှိနေကြောင်း၊ Criminal Justice အပိုင်းတွင်လည်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စများ၊ ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှု လျှော့ချရေး ကိစ္စများ၊ အကြမ်းဖက်မှုနှင့် မှုခင်းကျဆင်းရေးကိစ္စများ၊ တားဆီးနှိမ်နင်းရေးနှင့် တရားစွဲဆိုရေးကိစ္စများ၊ အကျဉ်းထောင်အတွင်း ပြဿနာများနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများအား ရိုက်ခတ်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာအရ မူးယစ်ဆေးဝါးသုံးစွဲမှုသည် အရွယ်ရောက်သူ လူဦးရေ ၂၀ တွင် တစ်ဦးမှာ သုံးစွဲလျက်ရှိပြီး ထိုသုံးစွဲမှု လူဦးရေ ပမာဏသည် ပြင်သစ်၊ ဂျာမနီ၊ အီတလီနှင့် အင်္ဂလန်နိုင်ငံများ၏ လူဦးရေစုစုပေါင်းနှင့် အကြမ်းဖျင်းတူညီကြောင်း။

၎င်းတို့အနက် ဆေးသုံးစွဲသူ ၂၉ သန်းသည် စွဲလမ်းမှု ပြဿနာများနှင့် ရင်ဆိုင်နေရပြီး ၁၂ သန်းသည် မူးယစ်ဆေးဝါး အကြောတွင်း ထိုးသွင်းသူများဖြစ်ကြောင်း၊ ၁ ဒသမ ၆ သန်းသည် HIV ရောဂါ ခံစားနေရကြောင်းနှင့် ၆ သန်းသည် အသည်းရောင်အသားဝါ(စီ)ပိုး ရှိသူများဖြစ်ကြောင်း၊ လွန်ခဲ့သည့် လေးနှစ်ကြာကာလအတွင်း သုံးစွဲမှုအများဆုံး ကမ္ဘာ့မှတ်တမ်းတစ်ခုဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာ၌ အကြမ်းဖက်မှုပြဿနာများလည်းရှိနေပြီး မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများမှတစ်ဆင့် ပြစ်မှုများကျူးလွန် နေသလို မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ် ထုတ်လုပ်မှုအပိုင်းတွင်လည်း စနစ်တကျစီစဉ်ထားသော အကြမ်းဖက်မှု၊ လူသတ်မှုများနှင့် ဈေးကွက်ယှဉ်ပြိုင်မှုများ ဖြစ်လာကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်ကာလကြာရှည်စွာ ခံစားနေရကြောင်း။

နိုင်ငံတော်အစိုးရအဆက်ဆက် မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်ထားနိုင်စွမ်း မရှိဘဲ ပိုမိုဆိုးရွားလာသည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၆ ခုနှစ် ဧပြီလတွင် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂ အထူးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးမှ ဘက်ပေါင်းစုံ ချဉ်းကပ်မှုများ ပါဝင်သည့် မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒများ ရေးဆွဲနိုင်ရေး လုပ်ငန်းအကြံပြုချက်များအရ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ် ပေါ်ထွက်လာရေး ဆောင်ရွက်သွားရန်လည်း အစီအစဉ်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် မူးယစ်ဗဟိုအဖွဲ့အဖွဲ့ဝင်များ၊ UNODC ၊ ONCB နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ မိမိတို့ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းက မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒပေါ်ထွက်လာရေး လမ်းပြမြေပုံနှင့် ပတ်သက်၍ တင်ပြဆွေးနွေးသည်။

ထို့နောက် ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ၌ ခွင့်ပြုချက်မဲ့ ကျူးကျော်ဆောက်လုပ်ထားသော ဘာသာရေးအဆောက်အအုံ တရားမဝင်လွှဲပြောင်းပေးအပ်သူများနှင့် မီးရှို့ဖျက်ဆီးသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်

နေပြည်တော် ဩဂုတ် ၂

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာရှိ နိုင်ငံတော်ပိုင် မြေလွတ်မြေလပ်နှင့် မြေရိုင်း ၀ ဒသမ ၅၀ ဧကရှိ မြေနေရာတွင် ခွင့်ပြုချက်မဲ့ ဝတ်ပြုအဆောက်အအုံအပါအဝင် အဆောက်အအုံ လေးလုံး ကျူးကျော်ဆောက်လုပ်ပြီး တရားမဝင် အသုံးပြုမှုနှင့်ပတ်သက်၍ ဒေသရှိ သံဃာတော်များနှင့် ကျေးရွာနေ အများပြည်သူတို့က ကန့်ကွက်တားမြစ်သဖြင့် သက်ဆိုင်ရာသို့ အဆင့်ဆင့်တင်ပြကာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး မြို့နယ်အုပ်ချုပ်ရေးမှူးက အရေးယူဆောင်ရွက်မှုပြုခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဝတ်ပြုဆောင်ဂေါပကအဖွဲ့ဝင် နှစ်ဦးတို့သည် ဇွန် ၂၅ ရက်နှင့် ၂၈ ရက်တို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ နိုင်ငံပိုင် မြေလွတ် မြေလပ်နှင့် မြေရိုင်း ကျူးကျော်မှုဆိုင်ရာဥပဒေအရ အရေးယူရန်နှင့် မလိုက်နာပါက တရားစွဲဆိုသွားမည်ဟု ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆုံးဖြတ်ခဲ့မှုအပေါ် ဝတ်ပြုဆောင်အဖွဲ့မှ ကျောက်ရိုးစီမြေ ၀ ဒသမ ၂၀ ဧကပေါ်ရှိ တိုးချဲ့အဆောက်အအုံ သုံးလုံးကို ၎င်းတို့အစီအစဉ်ဖြင့် ဖျက်သိမ်းပေးခဲ့သော်လည်း အလှူရှင်များ လှူဒါန်းထားသည်ဟုဆိုသည့် ဧရိယာ ၀ ဒသမ ၃၀ ဧကပေါ်ရှိ မူလအဆောက်အအုံကိုမူ ဘာသာရေးအယူအဆအရ ဖျက်သိမ်းရန် ငြင်းဆန်ခဲ့သဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေစဉ် ယင်းအဆောက်အအုံအား ဇူလိုင် ၁ ရက် ညနေ ၃ နာရီ ၄၈ မိနစ်တွင် လူတစ်စုက မီးရှို့ဖျက်ဆီးခဲ့သည်။

လက်ရှိအချိန်တွင် မီးရှို့ဖျက်ဆီးခံထားရသော ခွင့်ပြုချက်မဲ့ ဝတ်ပြုဆောင်မြေနေရာအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၃၃ အရ ဒေသအာဏာပိုင်က ဒေသန္တရအမိန့်ထုတ်ဆင့်လျက် ကန့်သတ်နယ်မြေဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်၏ အခြားအမိန့်တစ်စုံတစ်ရာမထုတ်ပြန်မီအထိ တားမြစ်ဧရိယာအဖြစ် သတ်မှတ်ထားရှိခဲ့သည်။

တာဝန်ရှိ အဖွဲ့အစည်းများအနေဖြင့် ဘာသာအသီးသီးမှ တရားမဝင် အဆောက်အအုံများ ဆောက်လုပ်မှုနှင့်ပတ်သက်၍ ဥပဒေအတိုင်း စိစစ်ဆောင်ရွက်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာရှိ ဘာသာရေးဝတ်ပြုဆောင်အား တရားမဝင်လွှဲပြောင်းပေးအပ်သူများကိုလည်းကောင်း၊ ဝတ်ပြုဆောင်အား မီးရှို့ဖျက်ဆီးခဲ့သူများကိုလည်းကောင်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

✳ *ကျောဖုံးမှ*

ရေလေးပေခန့် ဝင်ရောက်လျက်ရှိခြင်းကြောင့် ယခုကဲ့သို့ ယာယီပိတ်လိုက်ခြင်းဖြစ်သည်။ "အခုရေဝင်ရောက်တဲ့နေရာတွေက စန္ဒာပူရီရေတံခါးနဲ့ ကျိုင်းရုံးမြို့တံခါးကြားက နေရာအချို့ကျိုးပေါက်ပြီး ရေဝင်ရောက်လာတာဖြစ်ပါတယ်။ ကြိုတင်ကာကွယ်မှုအနေနဲ့ သဲအိတ်တွေချထားပြီး ပိတ်ဆို့ထားပေမယ့် မြစ်ရေတက်မှုအရှိန်ကြောင့် အခုလိုရေတွေဝင်ရောက်လာတာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အင်းဝယဉ်ကျေးမှုနယ်မြေတင်မက ဦးပိန်တံတားမှာလည်း ဩဂုတ် ၁ ရက်က ယာယီပိတ်ထားပြီး ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီက တံတားအခန်းအမှတ်(၂၃၁)မှ (၂၆၀)အထိ ရေခြောက်လက်မခန့် တံတားပေါ်ကျော်နေကြောင်း၊ တံတားအခန်းအမှတ်(၂၆၁) မှ (၄၁၂)အထိ အင်းရေပြင်နှင့် ကြမ်းခင်း ခြောက်လက်မခန့်အကွာတွင် ရှိနေကြောင်း၊ ဇရပ်အမှတ်(၄)တွင် ရေတစ်ပေခန့် ကြမ်းခင်းနှစ်မြုပ်နေသည်ဟု ဆိုသည်။ လက်ရှိအခြေအနေတွင် တံတားအစိတ်အပိုင်းအားလုံး ပျက်စီးခြင်း၊ ရေမျောပါခြင်း မရှိသေးကြောင်း၊ ရေကျပြီး တံတားပြန်ပေါ်လာပါက ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ဥပဒေအရာရှိကောင်းတို့ဟူသည်

မောင်စာဂ

(ယမန်နေ့မှအဆက်)

အယူခံမှု၊ ပြင်ဆင်မှုများတင်သွင်းခြင်း

တရားရုံးကဆုံးဖြတ်ပြီးလျှင် တရားရုံး၏စီရင်ချက်အမိန့်ကိုစိစစ်ရမည်။ တရားရုံး၏စီရင်ချက်က ဥပဒေနှင့်အညီမဖြစ်လျှင် မှုတသောပြစ်ဒဏ်များမဖြစ်လျှင် သက်ဆိုင်ရာတရားရုံးသို့ ပြင်ဆင်မှုများတင်သွင်းရသည်။ တရားရုံးကအပြီးအပြတ်လွှတ်သည့်အမိန့်ချမှတ်လျှင် အယူခံဝင်ရောက်ရန် သင့်မသင့်စိစစ်ရသည်။ အယူခံဝင်ရောက်သင့်ကြောင်းစိစစ်တွေ့ရှိရလျှင် သတ်မှတ်ထားချက်များနှင့်အညီ တင်ပြရသည်။ အယူခံမှုများ၊ ပြင်ဆင်မှုများတွင်လည်း နိုင်ငံတော်ဘက်မှလိုက်ပါဆောင်ရွက်ကြရသည်။

ဥပဒေနှင့်အညီဖြစ်ရန်လိုအပ်ခြင်း

ဥပဒေအရာရှိများ၏ လုပ်ငန်းဆောင်တာများသည် များပြားသည်ဟုဆိုခဲ့ပြီးပါပြီ။ လုပ်ငန်းများဆောင်ရွက်မှုအဆင့်ဆင့်တိုင်းတွင် ဥပဒေနှင့်အညီဖြစ်ရန်လိုအပ်သည်။ မှန်ကန်ရမည်။ မျှတရမည်။ တရားသဖြင့်ဖြစ်စေရမည်။ အဂတိတရားကင်းစင်ကြရမည်။

ယနေ့ အစိုးရသစ်လက်ထက်တွင်ကောင်းသော ဥပဒေများပေါ်ပေါက်လာစေဖို့၊ ကောင်းသောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအုပ်ချုပ်ရေးတည်ဆောက်နိုင်စေဖို့၊ ဖြောင့်မတ်မှန်ကန်သော တရားစီရင်ရေးဖြစ်ထွန်းလာစေဖို့တို့ကို အဓိကအလေးထားဦးတည်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ ဥပဒေအရာရှိတစ်ဦးစီ၊ တစ်ဦးစီသည်မိမိတို့ကိုယ်တိုင်က ဥပဒေကိုလေးစားကြမည်၊ ဥပဒေကိုလိုက်နာကြမည်၊ ဥပဒေစိတ်ထားများထားရှိကြမည်၊ အဂတိတရားများ ကင်းစင်ကြမည်၊ ဥပဒေနှင့်အညီ ကြိုးပမ်းအားထုတ်ကြမည်ဆိုပါက အစိုးရ၏ ဦးတည်မျှော်မှန်းချက်များအောင်မြင်စေဖို့ အထောက်အကူပြုနေမည်သာ ဖြစ်ပေသည်။ နိုင်ငံတော်နှင့်ပြည်သူများအတွက် အားကိုးထိုက်သော ဥပဒေအရာရှိကောင်းများ ဖြစ်ကြပါစေ။

ဦးလေးမောင်၏ဥပဒေဆုံးမစကားများ

၁၉၈၂ ခုနှစ်ကဖြစ်သည်။ ဥပဒေဝန်ထမ်းများ၏ ဌာနတွင်းမွမ်းမံသင်တန်းတစ်ခုတွင် တက်ရောက်ခဲ့သည်ကို ပြန်၍အမှတ်ရသည်။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင် ဆရာဦးလေးမောင်လာရောက်ပို့ချသည်။ ဆရာသည်တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ မှတ်ဉာဏ်အလွန်ကောင်းသည်။ သင်တန်းသား ၅၀ ခန့် တက်ရောက်သည်။ သင်ခန်းစာမပို့ချခင်ပဏာမအနေဖြင့် သင်တန်းသားများအား "အမောင်တို့ -မိမိတို့ကြိုက်နှစ်သက်ရာ အမှတ်အသား တစ်ခုစီကို ထပြီးပြောပါ၊ တစ်ယောက်ပြောပြီးသောအမှတ်အသားကို နောက်လူကထပ်ပြီးမပြောပါနဲ့"ဟုဆရာက ပြောသည်။

သည်လိုနှင့်သင်တန်းသားတစ်ဦးစီက ကျွန်တော်ကလေယာဉ်ပျံ၊ ကျွန်တော်ကမီးရထား၊ ကျွန်တော်ကမိုးကောင်းကင်၊ ကျွန်တော်က ဖားစည်၊ ကျွန်တော်က ခရေပန်း၊ ကျွန်တော်ကနှင်းဆီ၊ ကျွန်တော်ကကျွန်းသေတ္တာ၊ ကျွန်တော်က မြင်းစသည်ဖြင့် တစ်ယောက်စီ၊ တစ်ယောက်စီထပြောပြီး ထိုင်ကြသည်။ သင်တန်းသား ၂၀ က ထပြောသည်။ အစီအစဉ်အတိုင်းပြောခြင်းမဟုတ်။ ရှေ့ဆုံးက ပြောသည်။ အလယ်ကပြောသည်။ နောက်ဆုံးကပြောသည်။ ဆရာဘာမျှရေးမှတ်ထားခြင်းမပြု။ သင်တန်းသားများထပြောသည်ကို အာရုံစူးစိုက်၍ထားသည်။

ပြီးလျှင်ပြီးချင်း လက်ညှိုးဖြင့်ညွှန်ပြ၍ "အမောင်က နှင်းဆီ၊ အမောင်က မီးရထား၊ အမောင်က ဖားစည်"ဆိုပြီး သင်တန်းသား ၂၀ ပြောခဲ့သည်ကို မှန်မှန်ကန်ကန်ပြန်၍ပြောသည်။ သင်တန်းသားများက ဆရာ၏ မှတ်ဉာဏ်အားကောင်းမှုကိုချီးကျူးမိသည်။ ထိုစဉ်က ပြည်သူ့ဥပဒေအကျိုးဆောင်ဥက္ကဋ္ဌသည် ဦးမြင့်မောင်ဖြစ်သည်။ အဖွဲ့ဝင်ခုနစ်ဦးရှိသည်။ ဆရာက ဥပဒေအကြံဉာဏ်ပေးရေးဌာနကြီး၏ တာဝန်ကိုယူရသည်။

ဆက်လက်ပြီး ဆရာဦးလေးမောင်က ဥပဒေဝန်ထမ်းများသည်ဥပဒေအကြံဉာဏ်ပေးရေးတာဝန်ကို အဓိကဆောင်ရွက်နေကြရကြောင်း၊ အစိုးရကိုလည်း အကြံဉာဏ်ပေးရသည်။ ဝန်ကြီးဌာနအသီးသီးကိုလည်း အကြံဉာဏ်ပေးရသည်။ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများကိုလည်း ဥပဒေအကြံဉာဏ်ပေးရသည်။ အဆင့်ဆင့်သောတရားရုံးများတွင်လည်း ပြစ်မှုဆိုင်ရာအမှုများ စစ်ဆေးစီရင်ရာတွင် နိုင်ငံတော်ကိုယ်စားပါဝင်၍ဆောင်ရွက်ပေးရသည်။ အမှုလိုက်ပါပေးရသည်။ ဥပဒေအကြံဉာဏ်များတင်ပြရသည်။ လျှောက်လဲချက်များပေးကြရသည်။ ဤလုပ်ငန်းတာဝန်များကို ဥပဒေဝန်ထမ်းများအနေဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ထမ်းဆောင်ကြမည်ဆိုလျှင် သူတော်ကောင်းတရားခုနစ်ပါးနှင့်ညီညွတ်သည်။ သူတော်ကောင်းတရားခုနစ်ပါးကိုကျင့်ကြံအားထုတ်ရာရောက်ကြောင်း ပို့ချသည်။ ဆရာ၏ ပို့ချမှုမှတ်မိသမျှကို ပြန်ပြောပါမည်။

> **ရှေ့နေဆိုပျို့မှု၊ သမားဆိုအိုမှဆိုတဲ့ ဆိုရိုးစကားရှိတယ်။ ရှေ့နေပျို့မှုဆိုတာ အသက်အရွယ်ငယ်ရမယ်၊ ပျိုရမယ်လို့ဆိုလိုတာမဟုတ်ဘူး။ အသက်ကြီးသွားပေမယ့် ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေအသစ်တွေကို အမြဲလေ့လာနေရမယ်။ ဥပဒေအသစ်တွေနဲ့အညီ မိမိစိတ်ကလည်း အမြဲသစ်လွင်နေရမယ်။ ပျိုနေရမယ်လို့ ဆိုလိုတာဖြစ်တယ်**

သူတော်ကောင်းတရားခုနစ်ပါးဆိုတာတချို့လည်း သိကြပြီးဖြစ်ကြမယ်။ တချို့လည်းသိချင်မှသိကြမယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပ ဒီခုနစ်ချက်ဟာ သူတော်ကောင်းတရားခုနစ်ပါးဖြစ်တယ်။

"ဥပဒေဝန်ထမ်းတွေဟာ မိမိတို့ရဲ့လုပ်ငန်းတာဝန်များကို ဆောင်ရွက်တဲ့နေရာမှာဥပဒေနဲ့အညီ မှန်မှန်ကန်ကန်ဆောင်ရွက်သွားမယ်လို့ မိမိတို့ရဲ့စိတ်က ခိုင်ခိုင်မာမာယုံယုံကြည်ကြည်ခံယူထားမယ်ဆိုရင် "သဒ္ဓါ"ဆိုတဲ့တရားကို ကျင့်ကြံအားထုတ်ရာရောက်တယ်။"

"ဥပဒေအကြံဉာဏ်များပေးတဲ့နေရာမှာ မှန်ကန်စွာအကြံပေးမယ်။ မမှန်မကန်အကြံပေးခြင်းမျိုးမဖြစ်ရအောင်ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိတို့ကင်းစင်အောင် အမြဲတစေစောင့်ရှောက်ထိန်းသိမ်းထားမယ်ဆိုရင် "သီလ"ဆိုတဲ့တရားကို ကျင့်ကြံအားထုတ်ရာရောက်တယ်။"

"ဥပဒေဝန်ထမ်းများအနေနဲ့သူများတွေကို ဥပဒေအကြံဉာဏ်ပေးရသူတွေဖြစ်တဲ့အတွက် ကိုယ်ကိုယ်တိုင်က ဥပဒေပညာကို နှံ့နှံ့စပ်စပ် သိထားရမယ်။ ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ထားရမယ်။ ဒီလိုဖြစ်လာအောင် ပြဋ္ဌာန်းဥပဒေများကို အပတ်တကုတ်လေ့လာခြင်း၊ ဆည်းပူးခြင်း၊ သင်ယူခြင်းတို့ ပြုလုပ်ခြင်းအားဖြင့် အကြားအမြင်ဗဟုသုတများပြားစေတယ်။ "သုတ"ဆိုတဲ့တရားကို ကျင့်ကြံအားထုတ်ရာရောက်တယ်။"

"ဥပဒေဝန်ထမ်းတွေဟာ ကိုယ်တတ်သိထားတဲ့ဥပဒေပညာနဲ့ တစ်ပါးသူတွေ၊ အဖွဲ့အစည်းတွေကို ဥပဒေအကြံဉာဏ်ပေးကြရတယ်။ ဥပဒေအသိပညာပေးဆွေးနွေးမှုတွေ၊ ဟောပြောမှုတွေဆောင်ရွက်ကြရတယ်။ ဤသို့ကိုယ်တတ်ထားတဲ့ဥပဒေပညာကို သူတစ်ပါးအား စေတနာသဒ္ဓါတရားရှေ့ထားပြီး မျှဝေပေးနေမယ်ဆိုရင် "စာဂ"ဆိုတဲ့တရားကို ကျင့်ကြံအားထုတ်ရာရောက်တယ်။"

"ရှေ့နေဆိုပျို့မှု၊ သမားဆိုအိုမှ ဆိုတဲ့ဆိုရိုးစကားရှိတယ်။ ရှေ့နေပျို့မှုဆိုတာ အသက်အရွယ်ငယ်ရမယ်၊ ပျိုရမယ်လို့ဆိုလိုတာမဟုတ်ဘူး။ အသက်ကြီးသွားပေမယ့် ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေအသစ်တွေကို အမြဲလေ့လာနေရမယ်။ ဥပဒေအသစ်တွေနဲ့အညီ မိမိစိတ်ကလည်း အမြဲသစ်လွင်နေရမယ်။ ပျိုနေရမယ်လို့ ဆိုလိုတာဖြစ်တယ်။ ဒီတော့ ဥပဒေဝန်ထမ်းများအနေနဲ့ ဥပဒေပညာရပ်များကို နားလည်တတ်ကျွမ်းသိရှိအောင် စဉ်ဆက်မပြတ်ဆည်းပူးလေ့လာသင်ယူနေခြင်း၊ အမြဲတစေဥပဒေအကြံဉာဏ်များပေးခြင်း၊ မျှဝေခြင်းတို့ဖြင့် ဥပဒေအသိဉာဏ်ပညာများ တိုးတက်ရှင်သန်နေစေရမယ်၊ ရှင်သန်အောင်လုပ်နေကြရမယ်။ ဤသို့ဆိုလျှင် "ပညာ"ဆိုတဲ့တရားကိုလည်း ကျင့်ကြံအားထုတ်ရာရောက်တယ်။"

"ဥပဒေဝန်ထမ်းတွေဟာ ဥပဒေအကြံများပေးကြရတဲ့အခါ၊ ဥပဒေအကြံဉာဏ်များ မျှဝေကြရတဲ့အခါ အဂတိတရားတစ်ပါးပါးနဲ့ ဘက်လိုက်ပြီး မမှန်မကန်သောဥပဒေအကြံဉာဏ်များပေးခြင်းကို ရှက်တတ်ရမယ်။ ကြောက်တတ်ရမယ်။ အဲဒီလိုအသိစိတ်များ အမြဲကိန်းအောင်းပြီးနေမယ်ဆိုရင် "ဟီရိ" ဆိုတဲ့တရားနဲ့ "ဩတ္တပ္ပ"ဆိုတဲ့တရားများကို ကျင့်ကြံအားထုတ်ရာရောက်တယ်။"

"ဒီတော့ အမောင်တို့ဥပဒေဝန်ထမ်းတွေဟာ ဒီလိုမွန်မြတ်တဲ့လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရတာဟာ ဂုဏ်ယူစရာကောင်းတယ်။ ဝမ်းမြောက်စရာလည်းကောင်းတယ်။ ဒီသူတော်ကောင်းတရားခုနစ်ပါးကို အမြဲလက်ကိုင်ထားပြီး မိမိတို့ရဲ့လုပ်ငန်းတာဝန်များကို ထမ်းဆောင်သွားကြဖို့ တိုက်တွန်းလိုက်ပါတယ်" ဆိုပြီး ပို့ချခဲ့သည်။

ဤသည်မှာ ကျွန်ုပ်မှတ်သားထားမိသလောက်သာဖြစ်သည်။ တကယ်တော့ ဆရာကဥပမာ၊ သာဓကများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပို့ချပေးသွားသည်။ သင်တန်းသားအားလုံးကျေနပ်နှစ်ခြိုက်ကြသည်။ ဆရာသည် ကြည်ညိုဖွယ်၊ လေးစားဖွယ်ကောင်းသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟူ၍ သင်တန်းသားအားလုံးက မှတ်ချက်ချခဲ့ကြသည်။

ရှေးရှေးကဆရာများသည် ဥပဒေပညာရပ်များသင်ကြားပို့ချသည့်အခါ ဗုဒ္ဓမြတ်စွာဟောကြားခဲ့သော တရားတော်များနှင့်ယှဉ်၍ သင်ကြားပို့ချဆုံးမလေ့ရှိသည်ကို သတိမူမိကြရန် ပြန်လည်ဝေငှပေးနေခြင်းသာဖြစ်သည်။ တရားတော်များနှင့်ယှဉ်၍ ပို့ချဆုံးမလေ့ရှိသဖြင့် ပို့ချချက်၊ ဆုံးမချက်များအတိုင်း လိုက်နာကျင့်ကြံနေထိုင်သွားချင်စိတ်တွေက အလိုလိုပင်စွဲမြဲဖြစ်ပေါ်လာရသည်။

"မိမိပြုသောကောင်းမှုကုသိုလ်များသည် အရိပ်သဖွယ်မိမိ၏နောက်တွင်အစဉ်လိုက်ပါလျက် မိမိအား ကောင်းကျိုးချမ်းသာများ အစဉ်ပေးနေတတ်သည်။ မိမိပြုသောမကောင်းမှု အကုသိုလ်များကလည်း နွားခြေရာနောက်မှာလှည်းဘီးက ထက်ကြပ်မကွာ လိုက်ပါတိသကဲ့သို့ မိမိ၏နောက်တွင်အစဉ်လိုက်ပါကာ မိမိအား မကောင်းကျိုးများ အမြဲပေးတတ်သည်။ ဤသည်မှာ ဗုဒ္ဓမြတ်စွာဟောဆိုမိန့်ကြားထားခဲ့သည့် တရားဖြစ်သည်။"

ဥပဒေအရာရှိများသည် မိမိတို့တတ်ကျွမ်းသော ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းနေကြရသူများဖြစ်သည်။ ဤအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းကို ဥပဒေနှင့်အညီ တရားသဖြင့် တရားနည်းလမ်းကျစွာ (သမ္မာအာဇီဝ)ပြုမူဆောင်ရွက်ကြမည်ဆိုလျှင် မြင့်မြတ်သောအသက်မွေးဝမ်းကျောင်းမှုဖြစ်နေပေမည်။ (The Legal profession is a noble profession) ကောင်းကျိုးချမ်းသာများ အစဉ်ရရှိနေမည်ဖြစ်ပေသည်။

သို့ဖြစ်၍ ဥပဒေအရာရှိကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားကြပါ။ ဥပဒေပညာရှင်များဖြစ်အောင် အားထုတ်ကြပါ။ ဥပဒေအရာရှိကောင်း တစ်ယောက်ဖြစ်ဖို့၊ ဥပဒေပညာရှင်ကောင်းတစ်ယောက်ဖြစ်ဖို့ ဘာတွေလိုအပ်ပါသလဲဟုမေးလာလျှင် ဥပဒေစိတ်ထားရှိခြင်းက အဓိကပါပဲဟူ၍သာ ဖြေလိုက်ပါရစေ။

ဗုဒ္ဓတစ်ထောင် အကောက်တောင် စိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်

ကြံခင်း ဩဂုတ် ၂

ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် သောကြာဒူးကျေးရွာအုပ်စုရှိ ဗုဒ္ဓတစ်ထောင်အကောက်တောင် ဘုရားတောင်တော်တစ်ခွင် စိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပွဲကို ဇူလိုင် ၃၁ ရက်က ယင်းတောင်တော်၌ကျင်းပရာ အကောက်တောင်သာသနာပြုဆရာတော် ဦးပညာဒီပ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့များ၊ ဘုရားတောင်အကျိုးဆောင်အဖွဲ့နှင့် ကျေးရွာပြည်သူများ စုပေါင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးသည့်သစ်ပင်အမျိုးအစားများမှာ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ယာ၊ ပင်လယ်ကဝီး၊ ကံ့ကော်၊ ခရေ၊ စိန်ပန်းပြာ၊ ယင်းမာ၊ မဟော်ဂနီများဖြစ်ပြီး စုစုပေါင်း အပင် ၆၀၀ ခန့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အကောက်တောင်တွင် နံရံကပ်ရှေးဟောင်းဘုရားအဆူတစ်ထောင်ကျော်ခန့်ရှိပြီး ပြည်တွင်းပြည်ပဘုရားဖူးခရီးသွားများ နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

ဌေးမင်း

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး

ရခိုင်ပြည်နယ် တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီဥက္ကဋ္ဌ ရခိုင်မျိုးနွယ်စုများနှင့်တွေ့ဆုံ

မောင်တော ဩဂုတ် ၂

ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ရခိုင်တိုင်းရင်းသားလူမျိုးများအရေးလေ့လာရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် ဇူလိုင် ၃၁ ရက်က မောင်တောခရိုင်ထွေ/အုပ် အစည်းအဝေးခန်းမ၌ ရခိုင်မျိုးနွယ်စုဝင် သက်၊ ဒိုင်းနက်၊ မြိုတိုင်းရင်းသားလူမျိုး ၁၂၀ တို့နှင့်တွေ့ဆုံကာ လူမှုရေးလိုအပ်ချက်များကို မေးမြန်းခဲ့သည်။

တက်ရောက်လာသည့် ကျေးရွာကိုယ်စားလှယ်များက ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားကျေးရွာများ၌ အစိုးရစာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးရေး၊ ဆင်းရဲနွမ်းပါးသည့်တိုင်းရင်းသားမျိုးနွယ်စုများအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးရေး၊ ကျေးလက်ဆေးပေးခန်းများ ဆောက်လုပ်ပေးပြီး ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်ပေးရေး၊ ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှုအဆောက်အအုံနှင့် ဘုန်းတော်ကြီးကျောင်းများဆောက်လုပ်ပေးရေး၊ ခိုင်းနွားများသည် လက်ရှိရာသီဥတုအခြေအနေကြောင့် ခွာနာလျှာနာရောဂါများ ဖြစ်ပွားနေသည့်အတွက် လယ်ယာမြေထွန်ယက်စိုက်ပျိုးရန် အခက်အခဲများရှိနေသည့်အတွက် လက်တွန်းထွန်စက်များ ထောက်ပံ့ပေးရန်တို့ကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ထွေ/အုပ် အစည်းအဝေးခန်းမ၌ မြို့ပေါ်ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖ ၇၈ ဦးနှင့်တွေ့ဆုံ၍ ၎င်းတို့၏ လူမှုရေးဆိုင်ရာကိစ္စများ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ မှန်ကန်တရားမျှတစွာ သတ်မှတ်ကာလအတွင်းဖြေရှင်း

နေပြည်တော် ဩဂုတ် ၂

နိုင်ငံအဝန်း အဂတိလိုက်စားမှု ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတစ်ရပ်ကို ပြည်သူ့လွှတ်တော်တွင် ယနေ့တင်သွင်းသည်။

အဆိုကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးသန်းဝင်းက တင်သွင်းခဲ့ခြင်းဖြစ်ပြီး ယင်းအဆိုအပေါ် မန္တလေးတိုင်းဒေသကြီး လယ်ဝေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးက ထောက်ခံဆွေးနွေးသည်။

အဆိုအား လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာကာ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် ပတ်သက်ပြီး အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက လယ်ယာမြေမှုခင်းများကို စစ်ဆေးဆုံးဖြတ်ပေးကြရသည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့မှ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လိုက်နာစစ်ဆေး ဆုံးဖြတ်နိုင်ရေးအတွက် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ အငြင်းပွားမှုများ ဖြေရှင်းရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များအနေဖြင့် သတ်မှတ်ကာလအတွင်း အမှုများပြီးပြတ်အောင် ဆောင်ရွက်ရန် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်များ ကိုယ်တိုင်ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားသည့် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်မှ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပကတိအခြေအနေမှန်နှင့်တိုက်ဆိုင်စိစစ်ပြီး မှန်ကန်တရားမျှတစွာ သတ်မှတ်ကာလအတွင်း ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ နည်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လစဉ်တင်ပြချက်များအပေါ် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ကင်းတားရေလွှဲဆည်မှ မိတ္ထီလာသို့ သဘာဝအနိမ့်အမြင့်သဘောနှင့် မဟုတ်ဘဲ ရေစုပ်စက်ကြီးများနှင့် အဆင့်ဆင့်စက်ရေတင်၍ ရေပေးဝေရေးစီမံကိန်း ပြီးစီးပါက မူလလျာထားခဲ့သော မြေကေသုံးသောင်းကျော်ကို လုံလုံလောက်လောက် ရေပေးနိုင်ခြင်း ရှိ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာ ဦးလင်းလင်းကျော်က မေးမြန်းရာ၌ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဇော်ဂျီမြစ်ပေါ်တွင် ဇော်ဂျီရေလှောင်တမံအား (၁၉၉၇-၁၉၉၈) ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ရေအားလျှပ်စစ် ၁၂ မဂ္ဂါဝပ်ထုတ်လုပ်ကာ ရှေးယခင်ကတည်းက တည်ဆောက်ထားသည့် ရေလွှဲဆည်အဆင့်ဆင့်ဖြင့် ဆည်ရေသောက်ဧရိယာ ဧက ၈၂၀၀၀ ခန့်အား ဆည်ရေပေးဝေခဲ့ပါကြောင်း၊ ထို့နောက် ဇော်ဂျီရေလှောင်တမံမှ ပိုလျှံလာသော စီးဝင်ရေများကို ထိန်းညှိသိုလှောင်ပြီး ဇော်ဂျီမြစ် ရေကြီးရေလျှံမှုကာကွယ်ရန်၊ ဇော်ဂျီရေသောက်စနစ်သို့ ရေကူဖြည့်တင်းပေးနိုင်ရန်၊ ရေအားလျှပ်စစ် ၃၀ မဂ္ဂါဝပ် ထုတ်လွှတ်နိုင်ရန်၊ ကင်းတားဆည် ရေသောက်စနစ်သို့ ရေကူဖြည့်တင်းရန်နှင့် ကင်းတားရေလွှဲဆည်မှ တစ်ဆင့် လျှပ်စစ်ရေတင်စနစ်ဖြင့် မိတ္ထီလာလွင်ပြင်ရှိ စိုက်ပျိုးမြေများအား ဆည်ရေပေးဝေခြင်းဖြင့် ဒေသစိမ်းလန်းစိုပြည်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဇော်ဂျီတမံ၏ အောက်တွင် မြို့ကြီးရေလှောင်တမံကို ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ဇော်ဂျီရေလှောင်တမံ၏ အထက်ဘက်တွင် တည်ဆောက်ဆဲဖြစ်သော ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းကိုလည်း နှစ်အလိုက် လိုအပ်ရန်ပုံငွေတင်ပြတောင်းခံပြီး (၂၀၁၈-၂၀၁၉) ခု ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကျိုင်းခမ်း၊ ဇော်ဂျီနှင့် မြို့ကြီး ရေလှောင်တမံများမှ စုစုပေါင်း ရေဧကပေ ၁၁ ဒသမ ၅သိန်းခန့် ပိုမိုသိုလှောင်နိုင်မည်ဖြစ်သဖြင့် မူလရှိပြီး ဇော်ဂျီဆည်ရေသောက်စနစ်သို့ ရေပိုမိုဖြည့်တင်းပေးဝေနိုင်မည့်အပြင် မြို့ကြီးမြောင်းမတော်အမှတ်(၁)မှ တစ်ဆင့် ကင်းတားလက်ယာမြောင်းကြီးထဲသို့ ရေကူဖြည့်တင်းပြီး ပြောင်းပြာနှင့် ငလိုင်းဇင်ရေသောက်ဧရိယာ အဖျားပိုင်းရှိ ဧက ၁၄၀၀၀ ခန့်အား ရေပိုမိုတိုးချဲ့ပေးဝေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကင်းတားရေလွှဲဆည်မှ ကင်းတားလက်ယာမြောင်းသို့ ရေခွဲဝေပေးရန်မလိုတော့သည့်အတွက် ကင်းတားလက်ဝဲမြောင်းနှင့် ပန်းလောင်ရေသောက်စနစ်တို့ရှိ ရေသောက်ဧရိယာ အဖျားပိုင်း ဧက ၂၆၅၀၀ ခန့်အား ပိုမိုတိုးချဲ့ရေပေးဝေနိုင်တော့မည်ဖြစ်သည့်အတွက် ကင်းတား ဆည်ရေသောက်ဧရိယာအတွင်းရှိ မူလကရေပေးဝေနိုင်ခြင်းမရှိခဲ့သော မြောင်းဖျားပိုင်း စိုက်ပျိုးမြေဧရိယာဧက ၄၀၀၀၀ ကျော်ခန့်အား ပိုမိုတိုးချဲ့၍ ရေပေးဝေနိုင်တော့မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးနေသော ပင်ရင်းဌာန၊ နေရာများကိုလည်း ပြည်သူနှင့် ပူးပေါင်းဖော်ထုတ်

နေပြည်တော် ဩဂုတ် ၂

မြေယာအရှုပ်အရှင်း ကင်းရှင်းသူများကိုသာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက အထက်မြန်မာပြည် မြေနှင့်အခွန် နည်းဥပဒေနှင့် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာများ နည်းဥပဒေတို့အရ လျှောက်ထားသူ၏ မြေပေါ်ရှိ အဆောက်အအုံခိုင်မာမှုအပေါ်မူတည်ပြီး ၁၀ နှစ် နှစ်တိုမြေငှားဂရန်၊ နှစ် ၃၀ နှစ်ရှည် မြေငှားဂရန်များ ထုတ်ပေးလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြောကြားသည်။

ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်စိုး

ဒုတိယဝန်ကြီးက ရပ်ကွက်တိုးချဲ့မြေများတွင် မြေကွက်စတင်ချထားပေးစဉ်ကပင် ပိုင်ဆိုင်မှုအထောက်အထား ထုတ်ပေးထားခြင်းမရှိသော မြေကွက်များနှင့်ပတ်သက်၍ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရောင်းဝယ်၊ လွှဲပြောင်း၊ ပေးအပ်ခြင်း စသည့် ကိစ္စများအတွက် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ခဲ့သည့် စာချုပ်အထောက်အထားများဖြင့်လည်းကောင်း၊ အမွေဆက်ခံမှု၊ အမွေပုံစီမံခန့်ခွဲမှုကိစ္စများအတွက် တရားရုံး၏ အမိန့်ဒီကရီများဖြင့် လည်းကောင်း၊ မြေပိုင်ဆိုင်မှု၊ အငြင်းပွားခြင်းကိစ္စများအတွက် သက်ဆိုင်ရာတရားရုံးများ၏ လက်ရောက်ရရှိစေမှု၊ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးမှုစသည့် အမိန့်ဒီကရီများဖြင့်လည်းကောင်း၊ ဂရန်လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်အလက်များဖြင့်လည်းကောင်း ပြည့်စုံစွာ လျှောက်ထားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ **"မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ သီရိမြိုင်ရပ်ကွက်အပါအဝင် သီရိမင်္ဂလာရပ်ကွက်၊ မုပွန်ရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်နှင့် ရွှေမြိုင်သီရိရပ်ကွက်ကြီးများရှိ လူနေအိမ်ယာ မြေကွက်များကို နိုင်ငံတော်မှ အနှစ် ၃၀ အငှားဂရန်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖြေကြားရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၊ မုပွန်ရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်နှင့် ရွှေမြိုင်သီရိရပ်ကွက်များရှိ တိုးချဲ့လူနေအိမ်ရာမြေကွက်များကို မြေနေရာချထားခဲ့သည့် အချိန်တွင် မြေကွက်ဖော်ထုတ်၍ မဲနှိုက်စနစ်ဖြင့် နေရာချထားပေးခဲ့သော်လည်း မြေပိုင်ဆိုင်မှု အထောက်အထားထုတ်ပေးခဲ့မှုမရှိခြင်း၊ ၎င်းပုဂ္ဂိုလ်များနှင့်၊ လက်ရှိနေထိုင်သူတို့အကြား အောက်ခြေအရပ်စာချုပ်အဆင့်ဆင့်ဖြင့် လွှဲပြောင်းဝယ်ယူ၍နေထိုင်ခြင်း၊ မြေပိုင်ဆိုင်မှုအထောက်အ ထားမရှိသော မူလနေရာချထားပေးခြင်းခံရသူများ ကွယ်လွန်ခြင်း၊ ပြောင်းရွှေ့သွား၍ ၎င်းတို့၏ အမွေဆက်ခံသူများမှ နေထိုင်ပြီး အမွေပိုင်ဆိုင်မှု အရှုပ်အရှင်းများရှိခြင်း၊ မူလနေရာချထားခြင်းခံရသူက ပုံစံအမျိုးမျိုးဖြင့်လွှဲပြောင်း၍ နေထိုင်ခြင်းတို့ကြောင့် လက်ရှိနေထိုင်သူများကိုသာ အခြေပြု၍ မြေငှားဂရန်ချထားမည်ဆိုပါက မြေယာပိုင်ဆိုင်မှု အငြင်းပွားခြင်းကိစ္စရပ်များအတွက် တိုင်ကြားမှု အများအပြားရှိလာမည် ဖြစ်ပါကြောင်း ပြောကြား သည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း၏ **"မြန်မာနိုင်ငံအနှံ့အပြားတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေမှုများ၊ အုပ်စုလိုက်မူးယစ်ဆေးဝါးသုံးစွဲသည့် နေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေး"**အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်းက မူးယစ်ဆေးဝါးရောင်းချသူများ၏ အဓိကပစ်မှတ်သည် လူငယ်ထုဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာပေးခြင်းလုပ်ငန်း၏ ပစ်မှတ်ကိုလည်း လူငယ်ထုကိုသာ ဦးတည်ရမည်ဖြစ်ပါကြောင်း၊ လူငယ်များ အများဆုံးနေရာဖြစ်သည့် စာသင်ကျောင်းများတွင် မူးယစ်ဆေးဝါး ပညာပေးလုပ်ငန်းများဖြစ်သည့် ဟောပြောပွဲ၊ အက်ဆေးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ စသည်တို့ကို စာသင်ကျောင်းများတွင် အကြိမ်ရေများများဖြင့် ခပ်စိပ်စိပ် ဆောင်ရွက်သင့်သည့်အပြင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများ၏ အကူအညီကိုရယူပြီး ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကား သုံးစွဲနေမှုများကို အလွယ်တကူတိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များဖော်ပြထားသည့် နံရံကပ်ပိုစတာများကိုကပ်ခြင်းဖြင့် မသမာသူများကို စိုးရိမ်စိတ်ကြီးထွားစေခြင်း စသည့် နည်းလမ်းပေါင်းစုံသုံး၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သင့်ပါကြောင်း။

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ
ဦးစိုင်းဝမ်းလှိုင်းခမ်း

မူးယစ်ဆေးဝါး အန္တရာယ်သည် မြန်မာတစ်မျိုးသားလုံးကို ခြိမ်းခြောက်သည့် အဆင့်ကိုကျော်လွန်ပြီး အန္တရာယ်ပေးသည့်အဆင့် ရောက်ရှိနေပြီဖြစ်သည့်အတွက် အစိုးရအနေဖြင့် ပြည်သူလူထု၏ အားကိုယူ၍ အလျှင်အမြန် တားဆီးနှိမ်နင်းရမည့် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်ဝင်းက ပြည်သူလူထုအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအတွင်း တက်ကြွစွာ ပါဝင်လာကြသည်ကို ကြိုဆိုရမည်ဖြစ်သော်လည်း ကမ္ဘာ့ကုလသမဂ္ဂနှင့် UNODC တို့က ချမှတ်ထားသည့် မူဘောင်များ၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ တည်ဆဲဥပဒေတို့နှင့် ညီညွတ်စွာ ဆောင်ရွက်ပါက လုပ်ငန်းစဉ်များ ပိုမိုအောင်မြင်ပြီး ဘိန်းစိုက်ပျိုးသည့် ဒေသများအတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုများ၏လူမှုစီးပွားဘဝ တိုးတက်လာကာ ဘိန်းကင်းစင်နယ်မြေများ ရေရှည်တည်တံ့နိုင်မည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အဆက်ဆက်တွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း သိရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးသည် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ပြီး မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရမှ ချမှတ်သော လမ်းစဉ်များအတိုင်း တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်တစ်ခုတည်းအတွက် မဟုတ်ဘဲ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦးက မြန်မာရှေးဘုရင်များ လက်ထက်မှစ၍ ယနေ့အချိန်ထိ မူးယစ်ဆေးဝါးအန္တရာယ်သည် ကြီးမားစွာ ကျရောက်လျက်ရှိနေကြောင်း၊ ရည်ရွယ်ချက်ကောင်းသည့် ဥပဒေများ၊ အမိန့်များ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သော်လည်း သက်ဆိုင်ရာတာဝန်ရှိသူများက ထိရောက်သည့် ဖမ်းဆီးအရေးယူခြင်း မရှိခဲ့သည့်အတွက် ယနေ့ မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ် အပါအဝင် ကျေးလက်ဒေသများပါမကျန် နေရာအနှံ့တွင် ရောင်းချခြင်း၊ သုံးစွဲခြင်း၊ သယ်ယူဖြန့်ဖြူးခြင်း၊ ထုတ်လုပ်ခြင်းများသည် လိုင်စင်ရ တရားဝင်ဆိုင်များကဲ့သို့ ဖြစ်နေပါကြောင်း။

မြန်မာနိုင်ငံတွင် ကြီးမားစွာ အန္တရာယ်ကျရောက်နေသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရေးတကြီး အဆောတလျင် ထိရောက်စွာ ဖမ်းဆီးအရေးယူပြီး ပြည်သူတစ်ရပ်လုံးအား အသိပညာပေးခြင်း၊ ဆေးစွဲသူများကို ပြန်လည်ပြုစုပျိုးထောင်သည့် စခန်းများ ဖွင့်လှစ်၍ ဆေးဝါးကုသပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအား လွှတ်တော်မှ တိုက်တွန်းသင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတင်လင်းဦးက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရာတွင် လုပ်ဆောင်ရမည့် နည်းလမ်းများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို မိမိနိုင်ငံအတွင်းသို့ ဝင်ရောက်လာနိုင်သော လမ်းကြောင်းများကို ပိတ်ဆို့ခြင်း၊ စစ်ဆေးရှာဖွေ ခြင်း၊ ဖမ်းဆီးအရေးယူခြင်းများ ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဘိန်းစိုက်ပျိုးသည့်နေရာများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများကို သတင်းစုံစမ်းဖော်ထုတ်ပြီး ဖျက်ဆီးရှင်းလင်းရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ဖြူးခြင်း ပြုလုပ်နေသော ပင်ရင်းဌာန၊ နေရာများကိုလည်း ပြည်သူလူထုနှင့် ပူးပေါင်းဖော်ထုတ်၍ ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲနေသူများကို ပြည်သူလူထု အကူအညီရယူဖော်ထုတ်ပြီး လူငယ်ပြုစုပျိုးထောင်ရေးဌာနများ၊ ဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေခြင်း၊ ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့နယ်၊ ရပ်ကွက်များတွင်သာမက

စာမျက်နှာ ၈ ကော်လံ ၁ သို့

ရေစကြိုမြို့နယ် ဇရပ်နီကျေးရွာမှ ကလေးများနှင့်သက်ကြီးရွယ်အိုများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်း

ရေစကြို ဩဂုတ် ၂

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ ချင်းတွင်းမြစ်ရေ ဝင်ရောက်လျက်ရှိရာ ကျွန်းထဲကျေးရွာတစ်ရွာဖြစ်သော ဇရပ်နီကျေးရွာတွင် နှစ်ထပ်အိမ်များ ကြမ်းပြင်အထိ ရေများရောက်ရှိလာသဖြင့် အဆိုပါကျေးရွာမှ ရေဘေးသင့်ပြည်သူ ကလေးများနှင့်သက်ကြီးရွယ်အို အဘိုးအဘွား စုစုပေါင်း ၂၉ ဦးကို ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီခန့်က ရေလွတ်ရာ မြို့ပေါ်ရှိ ဂူကြီးဘုန်းကြီးကျောင်းဝိုင်းအတွင်းသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဟန်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ကြသည်။

"မြစ်ရေက ဇရပ်နီရွာထဲမှာ ခြောက်ပေကနေ ရှစ်ပေအထိ မြင့်တက်နေပါတယ်။ နှစ်ထပ်အိမ်တွေရဲ့အပေါ်ထပ်ကိုလည်း ရေတွေရောက်နေပါတယ်။ အဲဒါကြောင့် ကလေးတွေရယ် အဘိုးအဘွားတွေရယ် စုစုပေါင်း ၂၉ ဦးကို ကျွန်တော်တို့အဖွဲ့တွေ စုပေါင်းပြီးတော့ စက်လှေကြီးနှစ်စင်း၊ ပဲ့ထောင်စက်လှေတစ်စင်းနဲ့ သွားရောက်ကူညီကယ်ဆယ်ခဲ့ကြပါတယ်။ စက်လှေကြီး နှစ်စင်းကို မြို့နယ်စည်ပင်သာယာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က စီစဉ်ပေးခဲ့တာပါ။ အခု ဇရပ်နီကျေးရွာက ရေဘေးဒုက္ခသည်တွေကို ဂူကြီးဘုန်းကြီးကျောင်းထဲမှာ ရွက်ဖျင်တဲတွေချက်ချင်းထိုးပြီး နေရာချထားပေးထားပါတယ်။ ဒီနေ့အတွက် ညစာထမင်းကိုလည်း ကျွန်တော်တို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်တွေက စုပေါင်းချက်ပြုတ်ပြီးတော့ ကုသိုလ်ပြုခဲ့ကြပါတယ်"ဟု မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးညီညီအောင်က ပြောသည်။

ဇရပ်နီကျေးရွာ၌ ကျန်နေသေးသော ရွာသူ ရွာသားများမှာ ၎င်းတို့ပိုင်ဆိုင်သည့် နွားများနှင့် အိုးအိမ်များကို ထိန်းသိမ်းစောင့်ရှောက်၍ နေလိုကြခြင်းကြောင့် ရေလွတ်ရာ ရေစကြိုမြို့ပေါ်သို့ လိုက်လာကြခြင်းမရှိကြောင်း သိရပြီး ဩဂုတ် ၂ ရက်တွင်လည်း ဇရပ်နီကျေးရွာနှင့် နွားမော့ကျေးရွာ၊ သာခေါင်ကျေးရွာတို့မှ ရေဘေးသင့်နွားများကို ကူညီကယ်ဆယ်ကြမည်ဖြစ်ကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

အမျိုးသားလွှတ်တော်မှ

ကျေးလက်ဒေသများအထိ ပြည်သူလူထုကို အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးသည် လူသားအားလုံး၏ ပကတိစစ်မှန်သော ရန်သူကြီးဖြစ်သည်ဟုခံယူလျက် မူးယစ်ဆေးဝါးများ ကမ္ဘာမြေပြင်မှ လုံးဝချုပ်ငြိမ်း ပပျောက်သွားရေးကို နိုင်ငံတကာမှ လူသားအားလုံးက ဘုံရည်မှန်းချက်အဖြစ်ထားရှိလျက် လက်တွဲညီညီ တိုက်ဖျက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် အသိအမှတ်ပြုခံယူလျက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တပ်မတော်အနေဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် တစ်ခဲနက်ပါဝင်ကာ အားသွန်ခွန်စိုက် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းဖြေကြားပြီး လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း၏ အဆိုကို အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

နတ်တလင်းမြို့နယ်၌ ရေဘေးကြုံတွေ့နေသူများအား ဝိုင်းဝန်းရွှေ့ပြောင်း

နတ်တလင်း ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ရေမွှေးကျေးရွာ၊ ပုဇွန်ချောင်းရွာ၊ ကျောင်းရွာလေးရွာ စသည့်ကျေးရွာများတွင် ရောဝတီမြစ်ရေတက်မှုကြောင့်လည်းကောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်လည်းကောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေခြင်းကို တာပွန်နယ်ရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်နိုင်ဝင်းနှင့်အဖွဲ့၊ နယ်မြေမီးသတ်စခန်း ယာယီတာဝန်ခံ ဒုတပ်ကြပ်ဝေယံထွဋ်နှင့် တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ၊ NGO အဖွဲ့အစည်းများက ရေဘေးကြုံတွေ့နေရသော မိသားစုများအား ရေလွတ်ရာသို့ ဝိုင်းဝန်းကူညီပို့ဆောင်ပေးခဲ့ကြသည်။ တာပွန်နယ်မြေ မီးသတ်စခန်းမှ ဒုတပ်ကြပ်ဝေယံထွဋ်က "ဩဂုတ် ၁ ရက် ကတည်းက ပုဇွန်ချောင်း၊ ရေမွှေးရွာတွေကို ရေစဝင်နေတာ သတင်းရလို့ နယ်မြေခံရဲတပ်ဖွဲ့နဲ့ ကျွန်တော်တို့အဖွဲ့ပူးပေါင်းပြီး အမြန်ဆုံး သွားရောက်ခဲ့တယ်။ နိမ့်တဲ့အိမ်လေးတွေမှာ ရေတွေက အဆင့်မြပ်နေပြီ။ ချက်ချင်းဘုန်းကြီးကျောင်းနဲ့ အောက်ခြေမြင့်တဲ့ အိမ်တွေကို ရွှေ့ပြောင်းပေးရတယ်။ ည ၁၂ နာရီမှ ပြီးတယ်။ ဩဂုတ် ၂ ရက်မှာ ဆက်လက်ပြီး ရွှေ့ပြောင်းပေးရတယ်။ ရေဘေးရွှေ့ပြောင်းမိသားစုတွေ စားသောက်ဖို့အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ရပ်မိရပ်ဖတွေက ဆောင်ရွက်ပေးနေပါတယ်။လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ မြို့နယ်အဖွဲ့တွေလည်း လာရောက်စီစဉ်ပေးမှာပါ။ လောလောဆယ်တော့ ရေလွတ်ရာကို ဦးစားပေးအနေနဲ့ အားလုံးဝိုင်းဝန်းလုပ်ဆောင်ပေးနေပါတယ်"ဟု ပြောသည်။

တင်မြင့် (နတ်တလင်း)

မိုးညိုမြို့နယ်အတွင်း ရောဝတီမြစ်ရေ ဝင်ရောက်နေ၍ ကျောင်းများ ခေတ္တပိတ်

မိုးညို ဩဂုတ် ၂

မိုးညိုမြို့နယ်၌ ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရောဝတီမြစ်တစ်လျှောက်ရှိ ဆင်မနိုင်ကျေးရွာအုပ်စု ဆင်မနိုင်ရွာ၊ မြို့မကျွန်းရွာ၊ ကျွန်းသာယာရွာ၊ မစိုးရိမ်ရွာတို့တွင် လေးပေခန့်၊ ဆင်ခေါင်းကျေးရွာအုပ်စု ဆင်ခေါင်းရွာ၊ မိုးညိုလေးရွာ၊ ရေအိုးစင်ကုန်းရွာတို့တွင် နှစ်ပေခန့်၊ ရှားတောကျွန်းကျေးရွာအုပ်စု ရှားတောကျွန်းရွာသစ်ရွာ၊ ဗောဓိကုန်းရွာ၊ ဘိုကုန်းရွာ၊ လက်ပံချောင်ရွာ၊ သက္ကယ်ချင်းကုန်းရွာတို့တွင် သုံးပေခန့်၊ လက်ပံခုန်အုပ်စု လက်ပံခုန်ရွာ၊ ပြည်တော်သာရွာ၊ မြောက်စုရွာ၊ ကျောင်းစုရွာတို့တွင် သုံးပေခန့်ဖြင့် ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာ ၁၇ ရွာတွင် မြစ်ရေများ ထပ်မံဝင်ရောက်သဖြင့် ဩဂုတ် ၁ ရက်ထိ စုစုပေါင်းကျေးရွာအုပ်စု ၂၇ အုပ်စု၊ ကျေးရွာ ၉၂ ရွာ၌ မြစ်ရေများ ဝင်ရောက်လျက်ရှိသည်။

ရေများဝင်ရောက်မှုကြောင့် ဆင်မနိုင်ရွာရှိ အထကခွဲ ဆင်မနိုင်ကျောင်း၊ ဆင်ခေါင်းရွာရှိ အလကခွဲ ဆင်ခေါင်းကျောင်း၊ ဖလံချောင်းအုပ်စု ရှားစီးဘိုရွာရှိ အမကရှားစီးဘိုကျောင်း၊ ကျောက်ဝအုပ်စု ဗောဓိကုန်းရွာရှိ အလကခွဲ ဗောဓိကုန်းအမှတ်(၁)ကျောင်း စုစုပေါင်းလေးကျောင်းတို့ကို ဩဂုတ် ၁ ရက်မှစတင်၍ ခေတ္တပိတ်ထားခဲ့ရပြီး ဇူလိုင် ၁၃ ရက်မှ ဩဂုတ် ၁ ရက်အထိ စုစုပေါင်းကျောင်း ၅၇ ကျောင်း ခေတ္တပိတ်ထားခဲ့ရသည်။

အဆိုပါမြစ်ရေဝင်ရောက်မှုများသည် နှစ်စဉ်ရေဝင်ရောက်မှုဖြစ်၍ ဘေးဒုက္ခဖြစ်ပွားသည့် အခြေအနေမရှိသေးကြောင်းနှင့် တာတမံများအား လှိုင်းပုတ်ဒဏ်ကြောင့် မကျိုးပေါက်စေရေး ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို တပ်မတော်တပ်ရင်းများနှင့် ပြည်သူများက ဝိုင်းဝန်း၍ ကာရိုက်ခြင်း၊ သဲအိတ်များကာရံခြင်းစသည်တို့ကို လုပ်ဆောင်နေသည့်အပြင် ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကလည်း ရေကင်းတဲများ ဆောက်လုပ်၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၂ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

စဉ်	စာရေးသူ	စာအုပ်	ဈေးနှုန်း	ထုတ်ဝေသည့်တိုက်
၁	မြတ်သင်း	မြတ်သင်းဝတ္ထုတိုပေါင်းချုပ်	၅၀၀၀ိ/-	စိတ်ကူးချိုချို
၂	ဒေါက်တာသန်းထွန်း	ခေတ်ဟောင်းခေတ်သစ်ရာဇဝင်နှစ်စောင်တွဲ	၆၅၀၀ိ/-	စိတ်ကူးချိုချို
၃	ဇော်ဇော်အောင်	မကြည်ပြာနှင့်ယုဇန မခင်ပျို	၂၃၀၀ိ/-	စိတ်ကူးချိုချို
၄	သစ္စာနီ	ကဗျာအကြောင်းပြောရအောင် ကဗျာဆိုင်ရာဆောင်းပါးများ	၂၃၀၀ိ/-	စိတ်ကူးချိုချို
၅	တီးတိုး(Geophysics)	ကမ္ဘာ၊ နေ၊ နေမိသားစုနှင့်စကြဝဠာ	၃၀၀၀ိ/-	တီးတိုးစာပေ
၆	ဆရာဦးတင်ထွန်း	အထက်တန်းအဆင့်စနစ်သစ်စာစီစာကုံးနှင့်ပေးစာများ	၁၈၀၀ိ/-	မူဝံစာပေ
၇	ဆရာဦးတင့်ထွန်း	လိုတရ အင်္ဂလိပ်စကားပြောနည်းများ	၃၅၀၀ိ/-	အရုဏ်သစ်စာပေ
၈	ထင်အောင်အောင်	နိုင်ငံရေးသိပ္ပံ အဖွင့်နိဒါန်း	၂၅၀၀ိ/-	မျိုးဆက်သစ်
၉	စိုးမြတ်နွယ်	မြန်မာ့လူ့ဘောင်ဂျက်စစ်ဘက်ဆိုင်ရာ မဟာမိတ်များ	၁၈၀၀ိ/-	JuornalistPublishing
၁၀	ဥပဒေ-ဦးစိန်လှိုင်	ဗုဒ္ဓဘာသာဖတ်စာ(၁)	၂၀၀၀ိ/-	ဦးစိန်လှိုင်
၁၁	မင်းနိုင်	ဒီပံလင်းခေတ်ကြီး(၅)ပါး	၅၀၀၀ိ/-	ပြည့်ဝပျော်ရွှင်စာပေ
၁၂	သုတေသီမောင်မောင်	မြန်မာနိုင်ငံခေတ်ပြားသမိုင်းသုတေသနကျမ်း ၁၈၅၇-၁၉၇၇	၃၀၀၀၀ိ/-	သုတေသီဦးမောင်မောင်
၁၃	ဆရာဦးခန့်ကျော်	အစွမ်းထက်မြန်မာ့ဂမ္ဘီရဆေးနည်းတိုများ	၁၀၀၀ိ/-	ဦးခန့်ကျော်စာပေ
၁၄	တင်မောင်မြင့်	ဟတ်က်ဖင်း၏ စွန့်စားခန်းများ	၂၅၀၀ိ/-	စာနဒီစာပေ
၁၅	Khin Hsu Wai	လွယ်ကူစွာလေ့လာနိုင်သော ကိုရီးယားဘာသာပထမခြေလှမ်း	၄၀၀၀ိ/-	ရာပြည့်
၁၆	ကလောင်စုံ	သို့---သူမကဗျာများ	၁၅၀၀ိ/-	ယဉ်မျိုးစာပေ
၁၇	ကလောင်စုံ	ရင်ခုန်သံအနီးအဝေး	၁၀၀၀ိ/-	ရွှေစာပေ
၁၈	ပန်းချီ-မျိုးမာန်	ဝင့်ကြွေးဆပ်ရာမြေကမ္ဘာသို့မဟုတ် ကိုယ်ချင်းစာတရား	၁၅၀၀ိ/-	မြင့်မိုရ်မေမေစာပေ
၁၉	ဦးဝမ်ထိန်	အခြေခံပညာအောက်ဆင့် ကလေးများအတွက် ပတ္တမြားရွှေရည် စာစီစာကုံးများ	၈၀ိ/-	ပတ္တမြားငမောက်စာပေ
၂၀	ပုညခင်	အရှေ့တံခါးအဝင်	၃၅၀၀ိ/-	ပုညခင်စာပေ
၂၁	နန်းနန္ဒာ	မှော်ဝင်ပိုးထည်	၁၂၀၀ိ/-	ပန်းဆက်လမ်းစာပေ
၂၂	နန်းနန္ဒာ	ငလက်မလေးတွမ်	၁၂၀၀ိ/-	ပန်းဆက်လမ်းစာပေ
၂၃	SARA GILBERT	The Story of Google	၁၀၀၀ိ/-	ပန်းဆက်လမ်းစာပေ
၂၄	Willam Shakespeare	Hamlet	၁၃၀၀ိ/-	ပန်းဆက်လမ်းစာပေ
၂၅	ပန်းဆက်လမ်းစာတည်းအဖွဲ့	စူးစမ်းစွန့်စား ပုံပြင်များ	၁၈၀၀ိ/-	ပန်းဆက်လမ်းစာပေ
၂၆	ပန်းဆက်လမ်းစာတည်းအဖွဲ့	မှော်ပဥ္စလက် ပုံပြင်များ	၁၈၀၀ိ/-	ပန်းဆက်လမ်းစာပေ
၂၇	မြတ်ငြိမ်း	ဆရာအို၏ ဘဝနေဝင်ချိန်သင်တန်း	၂၅၀၀ိ/-	ဇေယျာမိုးစာပေ
၂၈	သိန်းဟန်-၁	ကုမ္ပဏီများကို ကြီးပွားတိုးတက်စေသော မဟာဗျူဟာများ	၅၀၀၀ိ/-	သိန်းဟန်၁-စာပေ
၂၉	နေမင်း(သရက်)	ဘက်လိုက်သတင်းသမားရဲ့အာဏာရှင် နိုင်ငံတော်ကို ဖြိုလှဲခြင်း	၅၀၀၀ိ/-	လွင်ဦးစာပေ
၃၀	ထွေးကြူ	မူးယစ်ဆေးဝါးမူဝါဒလမ်းညွှန်	၄၀၀၀ိ/-	သတ္တစာပေတိုက်
၃၁	မောင်ခင်မင်(ဓနုဖြူ)	မြန်မာစကားအကြောင်းတစေ့တစောင်း	၄၀၀၀ိ/-	လင်းလွန်းခင်စာပေ
၃၂	ကိုကိုသက်	ဖူးဖူးသက်ရဲ့အင်တာနက်မိတ်ဆက်စာမျက်နှာများ	၁၀၀၀ိ/-	နှစ်ကာလများစာပေ
၃၃	ရွှေမေတ္တာဆရာတော်	ဒေါက်တာအရှင် ဝဏ္ဏိသရ ရွှေမေတ္တာတရားပေါင်းချုပ်-၁	၂၀၀၀ိ/-	ကောင်းထွဋ်စာပေ
၃၄	ကလောင်စုံ	အကြွေးငါးသိန်းကျေမည့်နည်း	၁၅၀၀ိ/-	ဦးမြကြိုင်စာပေ
၃၅	ငြိမ်းအောင်-ဘာသာပြန်	ဒေါ်နယ်ထရန့်၏ အိမ်ခြံမြေရောင်းဝယ်နည်းမဟာဗျူဟာများ	၂၅၀၀ိ/-	မျက်ပွင့်စာပေ
၃၆	မှော်ဝန်းကြည်မြတ်	ဂီတနက်သန် ဂန္ထဝင်ရေစီး	၁၅၀၀ိ/-	သီဟနန္ဒာ
၃၇	ဒေါက်တာဒဂုန်ခင်သဇင်	သေခြင်းတရားနှင့်ဗေဒင်ပညာ	၂၀၀၀ိ/-	သမီးဇောတိက
၃၈	ဟန်ဆန်း	လူကူးမျဉ်းကျားက လမ်းဖြတ်ကူးလျှင် ကမ္ဘာကျော်နိုင်ပါသည်။	၁၅၀၀ိ/-	GPG စာပေ
၃၉	မြတ်စိုးချိန်	ရန်ကုန်အကြောင်းတစေ့တစောင်း	၁၅၀၀ိ/-	အဖြူရောင်ပဲ့တင်သံစာပေ
၄၀	နေထွဋ်နောင်	ထိုတောင်တန်း၏လျှို့ဝှက်ချက်	၄၀၀၀ိ/-	မအိမွန်စာပေ
၄၁	အရှင်သူရိယ	မသိမဖြစ်-၃	၅၀ိ/-	မသိမဖြစ်စာပေ
၄၂	ဒေါက်တာအရှင်သူရိယ	မသိမဖြစ်-၄ နေ့စဉ်သုံး အဘိဓမ္မာ	၆၅ိ/-	မသိမဖြစ်စာပေ
၄၃	မောင်မောင်လှမြင့်	ထွက်တော်မူနန်းကခွာတယ်	၂၅၀၀ိ/-	မျိုးဆက်သစ်စာပေ
၄၄	နေမင်းရာဇာအယ်ဒီတာအဖွဲ့	မြန်မာရိုးရာ သချ်ာ EQ IQ ဉာဏ်စမ်းများ	၂၀၀၀ိ/-	မဇ္ဈိမစာပေ
၄၅	ဗမောင်	အမေ့စကားနားထောင်ပါ ဒေါ်အောင်ဆန်းစုကြည်၏အတွေးအမြင်များ	၄၀ိ/-	လဝန်းပြာစာပေ
၄၆	ဆောင်းခူးလတ်	အမြဲတေကဗျာများ	၁၅၀၀ိ/-	ယဉ်မျိုးစာပေ
၄၇	ရဲမြင့်(စွန့်ဦးတီတွင်)	စာမဲ့ကတိနှင့် အခြားဆောင်းပါးများ	၃၀၀၀ိ/-	အခွင့်အလမ်းစာပေ
၄၈	ညီတော်လှ	အမေရိကန်ဘီလီယံ ၄၀ နှင့် အမေရိကန်တီထွင်သူ ၅၀	၂၀၀၀ိ/-	အိပ်မက်ရိပ်စာပေ
၄၉	နေထွဋ်နောင်	ဘဝအဆက်ဆက်တိုင်း	၄၀၀၀ိ/-	မအိမွန်စာပေ
၅၀	မင်းသိင်္ခ	ဘာဘာဘာမှမသိဘူး	၃၅၀၀ိ/-	ဘုမ္မာဝတီစာပေ
၅၁	ချစ်ဦးညို	ရတနာဂီရိ အကျဉ်းသား	၅၅၀၀ိ/-	လင်္ကာဒီပစာပေ

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဘာလဲ၊ ဘယ်လဲ

မောင်ကြာလှ

သဲကန္တာရတွေထဲမှာ ဒီကနေ့ တွေ့မြင်နေရတဲ့ ရှားစောင်းပင် (Euphorbia neriifolia)တွေဟာ အရင်တုန်းက အခုလို ဆူးတွေမပါဘူးတဲ့ဗျ။ အဲဒီ ဆူးနေရာမှာ အရွက်သေးသေးလေးတွေပါသတဲ့၊ အပင်တွေကလည်း အခုလို တစ်ပင်လုံး စိမ်းမနေဘဲ အဖြူရောင်ပင်စည်တွေနဲ့တဲ့။ ဖြစ်ပုံက သဲကန္တာရဆိုတာ အင်မတန် ဆိုးရွားတဲ့ ရာသီဥတုရှိတာဆိုတော့ မကြာခဏဆိုသလို သဲမုန်တိုင်းတွေ တိုက်ခတ်တာပေါ့၊ အဲဒီလို သဲမုန်တိုင်းတွေ ဖြတ်သန်းတိုက်ခတ်ပြီးသွားတဲ့အခါတိုင်း ရှားစောင်းပင်တွေဟာ အရုပ်ကြိုးပြတ် ညှိုးရော်ခွေကျသွားတဲ့အထိ နွမ်းနယ်သွားကြတာပဲ။

ဘာဖြစ်လို့လဲဆိုတော့ အပင်ထဲမှာရှိတဲ့ ရေဓာတ်ကို သဲမုန်တိုင်းထဲမှာပါတဲ့ အပူငွေ့တွေက အငမ်းမရ စုပ်ယူသွားလို့ ဖြစ်ပါတယ်။ ဒီလိုမကြာမကြာဖြစ်နေတော့ အပင်တွေ အသက်ရှင်ရပ်တည်ဖို့ အလွန်ခက်ခဲလာတာပေါ့။ ဒီတော့ ရှားစောင်းပင်တွေ စုဝေးအကြံထုတ်ကြ၊ မေးမြန်းစုံစမ်းကြတယ်။ ဒါပေမယ့် အဖြေမရဘူးတဲ့။ အဲ့ဒီအချိန်မှာ အပင်မှာရှိတဲ့ အရွက်လေးတွေက မျက်နှာငယ်လေးတွေနဲ့ သူတို့ရဲ့ အပြစ်ကို ဖော်ထုတ်ဝန်ခံပါတယ်။

ဒါကတော့ လေပူတွေလာတဲ့အခါ အပင်မှာရှိတဲ့ ရေငွေ့တွေကို သူတို့အရွက်တွေကနေတစ်ဆင့် စုပ်ယူသွားတာဖြစ်ကြောင်း၊ သူတို့မှာ အပြစ်ရှိကြောင်း ပြောလိုက်တာ ဖြစ်ပါတယ်။ ဒီလိုဆိုရင် အရွက်တွေမရှိရင် ပြဿနာပြေလည်ပြီလားလို့ စဉ်းစားကြတယ်။ အရွက်သေးလေးတွေက အခုဘာလုပ်ကြသလဲဆိုတာ စိစစ်တော့ အဲဒီအရွက်ကလေးတွေဟာ သူတို့မှာရှိတဲ့ အစိမ်းရောင်ကလိုရိုဖီးလ်ကို သုံးပြီး နေရောင်ခြည်စွမ်းအင်နဲ့ အပင်အတွက် လိုအပ်တဲ့ အစာချက်ပေးတဲ့သူတွေ ဖြစ်နေတာတွေ့တယ်။ ဒီတာဝန်ကို ဘယ်သူ့ကို လွှဲပေးနိုင်သလဲလို့ ရှာလိုက်တော့ ပင်စည်ပိုင်းက လွှဲပြောင်းတာဝန်ယူနိုင်ကြောင်း တွေ့ရသတဲ့။

ဒါနဲ့ အရွက်လေးတွေဟာ သူတို့တာဝန်ကို ပင်စည်တွေကို လွှဲပေးပြီး အပင်ထဲ ဝင်ရောက်ပျောက်ကွယ်သွားကြပါရော။ ရှားစောင်းပင်တွေကလည်း အဖြူရောင် ပင်စည်ကနေ အစိမ်းရောင်ပြောင်းပြီး သခွားသီးစိမ်းကြီးတွေ ထောင်ထားသလို ဖြစ်သွားပါသတဲ့။

လေမုန်တိုင်းတွေ ဘယ်လောက်တိုက်တိုက် အပင်ထဲက ရေငွေ့တွေ ထွက်မသွားတော့ဘဲ ကြံ့ကြံ့ခံနိုင်လာပါသတဲ့။ ဒါပေမယ့် နောက်ပြဿနာတစ်ခု ထပ်ရောက်လာတာက သဲကန္တာရထဲမှာ ကျက်စားတဲ့ ကုလားအုတ်တွေပါပဲ။ ဒီကုလားအုတ်တွေဟာ အရင်တုန်းကတော့ ခြောက်သွေ့နေတဲ့ အဖြူရောင်အပင်တွေကို စိတ်မဝင်စားပေမယ့် အခု အစိမ်းရောင်လွင်လွင်နဲ့နုညက်ရွှန်းစိုနေတာကို တွေ့တဲ့အခါမှာ အားရပါးရ ပွဲတော်တည်ကြပါသတဲ့။ ဒီလိုနဲ့ ထောင်သောင်းချီတဲ့ ကုလားအုတ်တွေရဲ့ဒဏ်ဟာ လေပူမုန်တိုင်းကြောင့် ခံရတာထက်တောင် ပိုမိုဆိုးရွားပြန်ပါလေရော။ ဒီလိုနဲ့ အားလုံးဝိုင်းဝန်းအဖြေရှာကြတဲ့အခါ ဘာလုပ်ရမှန်းမသိပြန်ဘူး။ ဒီအချိန်မှာ လေမုန်တိုင်းတုန်းက ပြဿနာဖန်တီးသူ (Problem Maker) ဖြစ်တဲ့ သစ်ရွက်ကလေးတွေက အခုကုလားအုတ်ကိစ္စကို ဖြေရှင်းပေးမယ့် ပြဿနာဖြေရှင်းသူ (Problem Solver) များအဖြစ် ပြန်ထွက်လာပါသတဲ့။ သူတို့ပြောတာက "သူတို့တွေဟာ အခုဆိုရင် အပင်ထဲမှာ အောင်းနေပြီး အလုပ်မရှိပါဘူးတဲ့၊ ဒါကြောင့် အခုအရွက်အဖြစ်မဟုတ်ဘဲ အသွင်ပြောင်းပြီး ဆူးအဖြစ် ထွက်ပေးပါမယ်၊ ဒါဆိုရင် ကုလားအုတ်တွေကို ကာကွယ်နိုင်ပါမယ်။ သူတို့ကို ခွင့်ပြုပါ"တဲ့။ ဒီလိုနဲ့ ဒီကနေ့ သဲကန္တာရထဲမှာ တွေ့နေရတဲ့ ရှားစောင်းပင်တွေဟာ တစ်ပင်လုံး အစိမ်း ရောင်လွှမ်းပြီး ဆူးတွေနဲ့ ပြည့်နေတာပါတဲ့။

ဒီဇာတ်လမ်းကို ဒီလောက်ရှည်ရှည်ဝေးဝေးဘာကြောင့် ပြောနေရတာလဲလို့ မေးချင်ကြမှာပါ။ ရည်ရွယ်ချက်ကတော့ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်တဲ့အခါမှာ တစ်ကြိမ်တည်းနဲ့၊ အချိန်တိုတိုလေးနဲ့ ရည်မှန်းချက်ကို မရနိုင်ပါဘူး။ စုပေါင်းဆွေးနွေးတိုင်ပင်ပြီး အဖြေရှာရမယ်။ အားလုံးရဲ့အသံကို နားထောင်ရမယ်။ ခိုင်မာတဲ့မူဝါဒ၊ ဥပဒေချမှတ်ရတယ်။ စနစ်တကျ တာဝန်ခွဲဝေရမယ်။ စမ်းသပ်ဆောင်ရွက်မယ်။ မှားနေရင် ပြင်ရပါမယ်။ အထူးသဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်တဲ့အခါမှာ ပိုပြီးအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးဆိုတာ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးပါတဲ့ မဏ္ဍိုင်တစ်ခုဖြစ်လို့ပါ။

မြန်မာနိုင်ငံရဲ့စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို ကြည့်ရင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း(Privatization) ဟာ အရေးပါတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တာ တွေ့ရပါတယ်။ Privatization ဆိုတဲ့ အင်္ဂလိပ်ဝေါဟာရဟာ တကယ်တော့ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းဆိုတဲ့ အနက်အဓိပ္ပာယ်ထက် များစွာ ပိုမိုကျယ်ဝန်းတယ်လို့ ပြောချင်ပါတယ်။ Privatization ဆိုတာ ပုဂ္ဂလိကကဏ္ဍ လက်ထဲ အပြီးအပိုင်လွှဲပြောင်းပေးတာချည်းမဟုတ်ပါဘူး။ စတော့ဈေးကွက်ထဲမှာ ရောင်းချတာ တိုက်ရိုက် သို့မဟုတ် တင်ဒါစနစ်နဲ့ ညှိနှိုင်းရောင်းချတာ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့အညီ ငှားရမ်းတာ၊ ဖက်စပ်လုပ်ကိုင်တာ၊ ကုမ္ပဏီအသွင်ပြောင်းလဲ ဖွဲ့စည်းတာ အစရှိတဲ့ နည်းလမ်းပေါင်းများစွာပါရှိပါတယ်။ ဒီတော့ Privatization ဆိုတာ စွမ်းဆောင်မှု တိုးတက်လာဖို့အတွက် ပုဂ္ဂလိက ကဏ္ဍကနေ ထိရောက်တဲ့ နည်းလမ်းတစ်မျိုးမျိုးနဲ့ ပါဝင်ဆောင်ရွက်နိုင်ဖို့ လမ်းဖွင့်ပေးတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။

ဒီလိုလုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် အစိုးရရဲ့ဘဏ္ဍာရေးအကျပ်အတည်းတွေကို ဖြေရှင်းနိုင်ပြီး အစိုးရရဲ့အသုံးစရိတ်နဲ့ ကြွေးမြီတွေကို ထိန်းချုပ်သွားနိုင်မှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားပြီး ငွေကြေးအရင်းအနှီးဈေးကွက်လည်း ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ဝန်ထမ်းလုပ်သားတွေရဲ့ ဝင်ငွေလည်း တိုးတက်လာပါမယ်။ နောက်တစ်ချက်ကတော့ ပြည်သူတွေဟာ အရင်တုန်းက နိုင်ငံပိုင်လုပ်ငန်းတွေရဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ အရည်အသွေး ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ဝယ်ယူသုံးစွဲခဲ့ရာကနေပြီး ဈေးကွက်အတွင်း များပြားလာတဲ့ ထုတ်ကုန်ပစ္စည်းအမျိုးမျိုး၊ ဝန်ဆောင်မှုအမျိုးမျိုးကို ရွေးချယ်ဝယ်ယူသုံးစွဲခွင့်ရလာတာဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေး သဘောတရားအရ စီးပွားရေးမှာ အစိုးရရဲ့ပါဝင်ပတ်သက်မှုကို တတ်နိုင်သမျှ လျှော့ချပြီး ပုဂ္ဂလိက ကဏ္ဍကို ဦးဆောင်ခွင့်ပေးသွားရမယ်လို့ ဆိုပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတွေရဲ့ သဘောသဘာဝကိုကြည့်ရင် နိုင်ငံတော်ရဲ့ပြည်ထောင်စုရန်ပုံငွေစနစ်အတွင်းမှာ စီးပွားရေးလုပ်နေတာဖြစ်ပါတယ်။ ဒီတော့ ရှင်းအောင်ပြောရရင် ရန်ပုံငွေ အကန့်အသတ်ရှိပါတယ်။ ခွင့်ပြုရန်ပုံငွေထက် ကျော်လွန်သုံးစွဲနိုင်မှုမရှိတဲ့အတွက် အလားအလာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကို တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်မှုမရှိပါဘူး။ တကယ်လို့သာ ဒီလုပ်ငန်းတွေကို ကိုယ်ပိုင်ရန်ပုံငွေနဲ့ လွတ်လပ်စွာဆောင်ရွက်နိုင်အောင် စီမံပေးနိုင်ရင် အကျိုးတရားများစွာရရှိမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ပါတီစုံဒီမိုကရေစီ အစိုးရပြောင်းလဲတဲ့အချိန်ကစပြီး Privatization ကို အကောင်အထည်ဖော်ဖို့ စီမံနေတာ လေ့လာတွေ့ရှိရပါတယ်။

ဒီကနေ့ ပြည်သူတွေကြားမှာ သိနေကြတဲ့ အနေအထားကိုကြည့်ရင် Privatization လုပ်လိုက်ပြီဆိုတာနဲ့ ပုဂ္ဂလိက လက်ထဲကို အပြီးအပိုင် ရောက်သွားပြီး နိုင်ငံတော်က အခွန်အကောက်ပဲရတော့မှာလား၊ တခြားအကျိုးအမြတ် မရှိတော့ဘူးလား၊ ဝန်ထမ်းတွေအလုပ်သမားတွေကရော ဘယ်လိုဖြစ်မှာလဲ စတဲ့ ပူပန်မှုတွေ ကြားသိရပါတယ်။ တချို့ကလည်း ဒီလုပ်ငန်းတွေဟာ အစိုးရကလုပ်နေလို့ မအောင်မြင်ဘဲ ရှုံးနေတာ၊ ပုဂ္ဂလိကကို ပေးလိုက်ရင် အောင်မြင်သွားမှာလို့ ပြောကြတာတွေလည်းရှိပါတယ်။

ဒီနေရာမှာမေးစရာရှိတာက နိုင်ငံပိုင်ဖြစ်တိုင်း ရှုံးသလား၊ ပုဂ္ဂလိကအနေနဲ့ လုပ်ရင်ရော လုပ်ငန်းတိုင်း မြတ်မှာလားဆိုတဲ့ မေးခွန်းတွေဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ Sapphington - Stiglic Fundamental Privatization Theorem မှာ "ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေဟာ အစိုးရက ထိန်းချုပ်ထားလို့ ကျပ်တည်းကျဉ်းမြောင်းတဲ့ အခြေအနေမှာသာ နိုင်ငံပိုင်လုပ်ငန်းတွေထက် ပိုမိုသာလွန်အောင် ဆောင်ရွက်နိုင်တာဖြစ်တယ်" လို့ ဆိုပါတယ်။ Singh & Chang ဆိုတဲ့ ပညာရှင်နှစ်ယောက်ကတော့ နိုင်ငံပိုင်လုပ်ငန်းတွေအပေါ် လေ့လာသုံးသပ်ဝေဖန်မှုတွေဟာ ဆုံးရှုံးမှုရှိနေတဲ့ လုပ်ငန်းတွေကိုသာ အဓိကထား လေ့လာထားတယ်၊ အောင်မြင်နေတဲ့ နိုင်ငံပိုင်လုပ်ငန်းတွေကိုတော့ လျစ်လျူရှုထားတယ်၊ ဘက်လိုက်မှုတွေရှိတယ်လို့ ဖော်ထုတ်ပြောကြားခဲ့ပါတယ်။ သာဓကအနေနဲ့ စင်ကာပူလေကြောင်းလိုင်းဟာ ကမ္ဘာ့အကောင်းဆုံးလေကြောင်းလိုင်းတစ်ခုဖြစ်ပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ Temasek Holdings က ရှယ်ယာ ၅၇ ရာခိုင်နှုန်း ပိုင်ဆိုင်ပါတယ်။ အလားတူ နိုင်ငံပိုင်လုပ်ငန်းတွေများစွာရှိကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းပေးမှ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှာ ဖြစ်တယ်ဆိုတဲ့ အယူအဆဟာ အခါခပ်သိမ်း မမှန်ကန်ပါဘူး။ တချို့သော အခြေအနေတွေမှာ နိုင်ငံပိုင်ကဏ္ဍကနေ လုပ်ကိုင်သင့်တာကို တွေ့ရပါတယ်။ ဒါတွေကတော့ (၁) Natural Monopoly လို့ခေါ်တဲ့ ရောင်းသူတစ်ဦးတည်း၊ ဝယ်သူတစ်ဦးတည်းဖြစ်နေတဲ့ အခြေအနေပါ။ ဒီအခြေအနေမှာ လက်ဝါးကြီးအုပ်ပြီး ဈေးကွက်ကို စိုးမိုးထားနိုင်တဲ့အတွက် မျှတမှုရှိအောင် နိုင်ငံတော်က အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ထိန်းချုပ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ (၂) အချက်ကတော့ Capital Market Failure ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍဟာ ငွေကြေးအရင်းအနှီးများများကို နှစ်ရှည်မြှုပ်နှံပြီး ကာလတိုအတွင်း အရှုံးခံလုပ်၊ အချိန်တစ်ခုကြာမှ အမြတ်ရဆိုတဲ့ လုပ်ငန်းမျိုးတွေကို စိတ်မဝင်စားပါဘူး။ ရင်းနှီးမြှုပ်နှံမှုနည်းနည်းနဲ့ အကျိုးအမြတ်များများကို မြန်မြန်ရမယ့်နေရာတွေကိုသာ လုပ်ချင်ကြတာပါ။ ဒီအခြေအနေမှာ အစိုးရကပဲ လုပ်ကိုင်မှသာ ပြည်သူတွေ လိုအပ်တဲ့ ဝန်ဆောင်မှုကို ပေးနိုင်မှာဖြစ်ပါတယ်။ (၃) အချက်ကတော့ Externalities လို့ခေါ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံပိုင်အဖြစ် လုပ်ကိုင်ခြင်းဖြင့် အကျိုးအမြတ်ကို လျှော့ယူပြီး ထုတ်လုပ်မှုစွမ်းအား တိုးတက်မှုအကျိုးရလဒ် (Productivity Gain) ကို တခြားစီးပွားရေးကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးရတာ ဖြစ်ပါတယ်။ သာဓကအားဖြင့် မီးရထားတွဲတွေကို ထုတ်လုပ်ပြီး အမြတ်အနည်းငယ်နဲ့ ရောင်းချပေးတဲ့အတွက် ပို့ဆောင်ရေးကဏ္ဍကို ဖွံ့ဖြိုးအောင် တွန်းအားပေးရတာမျိုးကိုဆိုလိုတာပါ။ ဒီလိုလုပ်ငန်းမျိုးကို ပုဂ္ဂလိကကဏ္ဍက စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ နောက်ဆုံးအချက်ကတော့ Equity Concerns ဖြစ်ပါတယ်။ တချို့လုပ်ငန်းတွေကို ပုဂ္ဂလိကအနေနဲ့ အမြတ်များများ ယူပြီး လုပ်ကိုင်မယ်ဆိုရင် တချို့ပြည်သူတွေ မတတ်နိုင်တဲ့အတွက် နစ်နာမှုရှိပြီး မမျှမတဖြစ်နိုင်ပါတယ်။ ဥပမာ - ဝေးလံခေါင်းပါးတဲ့ ဒေသတွေအတွက် စာပို့လုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမျိုးတွေ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ ထိခိုက်နစ်နာခြေအများဆုံးရှိတဲ့ ပြည်သူတွေကို အကာအကွယ်ပေးနိုင်ဖို့အတွက် အစိုးရကသာ လုပ်ကိုင်သင့်တာပါလို့ ဆိုပါတယ်။

ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်တဲ့အခါမှာ တစ်ကြိမ်တည်းနဲ့၊ အချိန်တိုတိုလေးနဲ့ ရည်မှန်းချက်ကို မရနိုင်ပါဘူး။ စုပေါင်းဆွေးနွေးတိုင်ပင်ပြီး အဖြေရှာရမယ်။ အားလုံးရဲ့အသံကို နားထောင်ရမယ်။ ခိုင်မာတဲ့မူဝါဒ၊ ဥပဒေချမှတ်ရတယ်။ စနစ်တကျ တာဝန်ခွဲဝေရမယ်။ စမ်းသပ်ဆောင်ရွက်မယ်။ မှားနေရင် ပြင်ရပါမယ်

ဒီတော့ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ထိထိရောက်ရောက်နဲ့ နိုင်ငံအကျိုးရှိအောင် Privatization ဆောင်ရွက်ရာမှာ ရေရှည်မျှော်မှန်းချက်တွေကို အခြေခံပြီး မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ ချမှတ်ဖို့အရေးကြီးသလို ပြည်သူတွေရဲ့နားလည်သဘောပေါက်မှုနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဟာလည်း အရေးကြီးပါတယ်။ ဒါ့အပြင် ဘယ်လုပ်ငန်းအမျိုးအစားတွေကို ပုဂ္ဂလိကကို အပြီးအပိုင်လွှဲပြောင်း၊ ဘယ်ဟာတွေကိုတော့ ဖက်စပ်လုပ်မယ်၊ ဘယ်ဟာတွေကိုတော့ နိုင်ငံပိုင်အဖြစ် ဆက်လက်ထိန်းချုပ်ပြီး စီမံခန့်ခွဲမှုပုံသဏ္ဌာန်ကို ပြောင်းလဲမယ် စတဲ့ ဦးစားပေးအစီအစဉ်တွေချမှတ်ပြီး ပြောင်းလွယ်ပြင်လွယ်အနေအထားကို ဖန်တီးဖို့အရေးကြီးပါတယ်။ ရင်းနှီးမြှုပ်နှံသူ (Investor) ဆိုတဲ့ နေရာမှာလည်း ပြည်တွင်းသာမက ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဆွဲဆောင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရင်တော့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဟာ သဲကန္တာရထဲက ရှားစောင်းပင်အရွက်ကလေးတွေလို အခြေအနေပေါ်မူတည်ပြီး နိုင်ငံရဲ့စီးပွားယုတ်လျော့မသွားအောင် ကိုယ်ရောင်ဖျောက်ဖို့လိုရင် ဖျောက်ရသလို နိုင်ငံရဲ့ စီးပွားကို ကျူးကျော်ဖျက်ဆီးသူတွေရန်က ကာကွယ်ဖို့ လိုအပ်လာရင်လည်း ရှားစောင်းပင်က ဆူးကလေးတွေလို အသွင်ပြောင်းလဲဖွဲ့စည်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အခုအခြေအနေမှာဆိုရင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဟာ လုပ်ငန်းဆောင်ရွက်မှုအားနည်းတဲ့အတွက် လိုအပ်သလို ပြုပြင်ပြောင်းလဲကြရမှာ ဖြစ်ပါတယ်။ တချို့က Fade out ဖြစ်ပြီး ကိုယ်ရောင်ဖျောက်ရမယ်။ ပြီးရင် Post Privatization ကာလမှာ စီးပွားရေးကမောက်ကမ မဖြစ်အောင် ထိန်းကျောင်းပေးမယ့် ဆူးလေးတွေအဖြစ် ပြန်ထွက်သင့်ရင်လည်း ထွက်ရမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် Privatization ကိုတော့ သင့်လျော်တဲ့နည်းလမ်းနဲ့ မဖြစ်မနေဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။

ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီက ငဝန်မြစ်ရေတိုးလာမှုကြောင့် မြို့တော်ခန်းမရှေ့တွင် ရေများတက်လာသည်ကို တွေ့ရစဉ်
မောင်မောင်မြင့်(ပြန်/ဆက်)

မင်းလှမြို့နယ်၌ ရေဝတီမြစ်ရေဝင်ရောက်၍ ဒေသခံပြည်သူများ ရေလွတ်ရာသို့ပြောင်းရွှေ့

အထက်မင်းလှ ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့ရှိ ရေဝတီမြစ်ရေသည် ဩဂုတ် ၁ ရက် ညနေ ၄ နာရီက ၁၂၇၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်မှာ ၁၃၈၀ စင်တီမီတာဖြစ်သည့်အတွက် စိုးရိမ်ရေမှတ်မရောက်ရှိသေးသော်လည်း မြစ်ရေဝင်ရောက်နေသည့် မြစ်ကမ်းနံဘေး မြောက်ရပ်ကွက်နှင့် တောင်ရပ်ကွက်မှ ရေဝင်ရောက်နေသည့် ဒေသခံပြည်သူများသည် ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ကိုသက်(အထက်မင်းလှ)

နီဒါတိုင်ဖွန်းမုန်တိုင်း တရုတ်နိုင်ငံ တောင်ပိုင်းကွမ်တုံသို့ ဝင်ရောက်

ကွမ်ကျိုး ဩဂုတ် ၂

တိုင်ဖွန်းမုန်တိုင်းနီဒါသည် တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုံပြည်နယ် ရှန်ကျန်မြို့ရှိ ဒန်ပန်ကျွန်းကို ဩဂုတ် ၂ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၃၅ မိနစ်တွင် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာ မိုးလေဝသအာဏာပိုင်များက ပြောကြားခဲ့သည်။ လေတိုက်နှုန်း တစ်နာရီလျှင် ၁၅၁ ဒသမ ၂ ကီလိုမီတာနှုန်းထိတိုက်ခတ်သော အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ တစ်နာရီလျှင် ၂၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားပြီး ရှန်ကျန်၊ ဒွန်ဂန်၊ ကွမ်ကျိုး၊ ဖိုဆန်၊ သောင်ချင်းမြို့များနှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသများသို့ ဖြတ်သန်းဝင်ရောက်တိုက်ခတ်မည်ဟု ခန့်မှန်းကြောင်း ကွမ်တုံပြည်နယ် မိုးလေဝသအာဏာပိုင်များက ပြောသည်။



မုန်တိုင်းကြောင့် ဩဂုတ် ၂ ရက်က မီးရထားခရီးစဉ် ၂၀၀ နီးပါး ရပ်ဆိုင်းခဲ့ရကြောင်း နန်နင်း မီးရထားဌာနက ကြေညာချက်ထုတ်ပြန်သည်။ တပ်မတော်သား နှင့် အထောက်အကူတပ်ဖွဲ့ဝင် ၂၀၀၀ကျော်၊ လူနာတင်ယာဉ် ၁၀၀ ကျော်တို့ကို မုန်တိုင်းအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားရှိသည်။ ထို့အပြင် ကမ်းနီးကမ်းဝေးငါးဖမ်းသင်္ဘောများကိုလည်း မုန်တိုင်းအန္တရာယ်မှရှောင်ရှားနိုင်ရန် ဆိပ်ကမ်းများတွင် ဆိုက်ကပ်ထားရန် သက်ဆိုင်ရာ အာဏာပိုင်က အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

ဗင်နီဇွဲလားသမ္မတ ဖြုတ်ချနိုင်ရေး ပထမအဆင့်အတားအဆီးကိုဖြတ်ကျော်

ကရာကတ် ဩဂုတ် ၂

ဗင်နီဇွဲလား အမျိုးသား ရွေးကောက်ပွဲကောင်စီက ဗင်နီဇွဲလားသမ္မတ မက်ဒူရိုကိုဖြုတ်ချနိုင်ရေး လူထုဆန္ဒခံယူပွဲကျင်းပနိုင်ရန် ပထမအဆင့်ကို ခွင့်ပြုချက်ပေးလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

၎င်းတို့၏အဆိုအရ ဗင်နီဇွဲလားနိုင်ငံရှိ ပြည်နယ် ၂၄ခုမှ မဲဆန္ဒရှင်လက်မှတ်ပေါင်း တစ်ရာခိုင်နှုန်းကိုအတိုက်အခံဘက်မှ စုစည်းနိုင်ခဲ့သည်ဟု ပြောသည်။

အဆိုပါလှုပ်ရှားမှုသည် သမ္မတ မာဒူရိုကိုဖြုတ်ချနိုင်ရေး အတိုက်ခံအဖွဲ့အစည်း၏ ပထမအဆင့်ပင်ဖြစ်သည်။ နိုင်ငံ၏အမြင့်ဆုံးတရားရုံးချုပ်က ပါလီမန်အတွင်းအတိုက်အခံ အုပ်စု၏ လှုပ်ရှားမှုများကို ခေတ္တရပ်ဆိုင်းထားသည်။

အတိုက်ခံဘက်မှ အဖွဲ့ဝင်သုံးဦးက ဆန္ဒမဲများဝယ်ယူသည်ဟူ၍ စုံစမ်းခံရမှုကို ဖြေရှင်းပြီးမှသာ လှုပ်ရှားမှုများကို ပြန်လည်စတင်သင့်သည်ဟု ဆိုသည်။

ဗင်နီဇွဲလားနိုင်ငံသည် စီးပွားရေးဆိုင်ရာအကျပ်အတည်းများ၊ နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများနှင့် ရင်ဆိုင်နေရသည်။

ရွေးကောက်ပွဲကော်မရှင်က သမ္မတ မာဒူရို၏ အတိုက်အခံများသည် လူထု ဆန္ဒခံယူပွဲကျင်းပနိုင်ရေး ဆန္ဒမဲလက်မှတ် ပေါင်း ၂၀၀၀၀၀ ကို တရားဝင် ဖြစ်အောင် ဦးဆုံး စုစည်းသင့်သည်ဟုပြောခဲ့သည်။

သမ္မတကိုဖြုတ်ချနိုင်ရေးဒုတိယ အဆင့် ဆောင်ရွက်မှုများကို လုပ်ဆောင်မည့်ရက် အတိအကျကိုမူ ကြေညာခြင်း မရှိသေးပေ။ အတိုက်အခံဘက်မှ သမ္မတ မာဒူရို၏ အစိုးရအဖွဲ့သည် နိုင်ငံ၏စီးပွား ရေးကိုစီမံခန့်ခွဲရာတွင် လွဲမှားစွာ ဦးဆောင် ခဲ့သည်ဟု ဆိုသည်။

(ဘီဘီစီ)

အလက်ပိုအစိုးရထိန်းချုပ်နေရာများအား သူပုန်များက လက်နက်ကြီးများဖြင့် ပစ်ခတ်၊ အရပ်သား ၃၀ သေဆုံး

ဒမတ်စကက် ဩဂုတ် ၂

အလက်ပို မြောက်ဘက်အစိုးရထိန်းချုပ်နယ်မြေများသို့ သူပုန်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် အနည်းဆုံး အရပ်သား ၃၀ သေဆုံးပြီး ၂၁၀ ဒဏ်ရာရရှိခဲ့ကြကြောင်း ဆီးရီးယား အမျိုးသားရုပ်မြင်က ဩဂုတ် ၁ ရက်နေ့တွင် ပြောသည်။

တနင်္ဂနွေနေ့ကတည်းက အလက်ပို အနောက်ပိုင်း အစိုးရထိန်းချုပ်ရာ ဒေသများသို့ သူပုန်များက လက်နက်ကြီးများဖြင့် အရှိန်မြှင့်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ဆီးရီးယားအစိုးရတပ်ဖွဲ့သည် ဩဂုတ် ၁ ရက်က အလက်ပိုထိုးစစ်အတွင်း သူပုန်ထိန်းချုပ်နေရာအတော်များများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း ပြောခဲ့သည်။ ယူကေအခြေစိုက် စောင့်ကြည့်ရေးအဖွဲ့ကလည်း အလက်ပိုတောင်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိသေးကြောင်း ပြောခဲ့သည်။

(ဆင်ဟွာ)

တရုတ်-အာဆီယံ ဆက်သွယ်မှု ၂၅ နှစ်မြောက် နှစ်ပတ်လည်သို့ ဝန်ကြီးချုပ်လီ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ပေကျင်း ဩဂုတ် ၂

ယခုနှစ်သည် တရုတ်-အာဆီယံဆက်သွယ်မှု ၂၅ နှစ်မြောက်နှစ်ပတ်လည်ပင်ဖြစ်ကြောင်း၊ တရုတ်နှင့်အာဆီယံတို့သည် အိမ်နီးချင်းကောင်းများဖြစ်ကြောင်းနှင့် အကျိုးတူစီးပွားဖက်နိုင်ငံများဖြစ်ကြောင်း၊ ထို့ပြင် ကဏ္ဍစုံတွင် ဆက်သွယ် ပူးပေါင်းဆောင်ရွက်မှုများ အများအပြားရှိကြောင်း ဝန်ကြီးချုပ် လီခချန်းက အနောက်တောင်ပိုင်းဂီရန်မြို့တွင်ကျင်းပသော ကိုးကြိမ်မြောက် တရုတ်-အာဆီယံပညာရေးပူးပေါင်းဆောင်ရွက်မှုရက်သတ္တပတ်သို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ပညာရေးသည် ပြည်စုံကောင်းမွန်သောဘဝတစ်ခုဖန်တီးရန်နှင့် အနာဂတ်လူငယ်များကို လေ့ကျင့်မွေးမြူရန်အတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း လီကဆက်လက်ပြောကြားခဲ့သည်။ ထိုအစည်းအဝေးသို့ တရုတ်နှင့်အာဆီယံမှ လူပေါင်း ၃၀၀ နီးပါး တက်ရောက်ကြသည်။

တရုတ်သည် အာဆီယံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လိုပြီး အသိဉာဏ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုများပြုလုပ်ကာ တရုတ်-အာဆီယံအသိုက်အဝန်းတစ်ခုကို တည်ထောင်ချင်ကြောင်း ဝန်ကြီးချုပ်လီက ထပ်မံပြောခဲ့သည်။

(ဆင်ဟွာ)

ဖလော်ရီဒါ၌ ဇီကာဖြစ်ပွားမှု ၁၀ ဦးထက်မနည်းတွေ့ရှိ

ဖလော်ရီဒါ ဩဂုတ် ၂

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ဇီကာပိုင်းရပ်စ်ကူးစက်ခံရသူ ၁၀ ဦးထက်မနည်း တွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ကြေညာခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ဖလော်ရီဒါအာဏာပိုင်များသည် နိုင်ငံအတွင်း ခြင်ကိုက်ခံရမှုကြောင့် ဇီကာကူးစက်ခံရသူ လေးဦးကို ပထမဆုံးအကြိမ်အဖြစ်တွေ့ရှိခဲ့ကြောင်း ကြေညာခဲ့သည်။

တနင်္လာနေ့တွင် ခြင်ကြောင့် ဇီကာပိုင်းရပ်စ်ကူးစက်ခံရသူဦးရေမှာ ၁၀ ဦး ရှိလာပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ ၁၀ ဦးအနက် ခြောက်ဦးမှာ ဖျားနာသည့် လက္ခဏာမျိုးမပေါ်ပေါက်သော်လည်း စစ်ဆေးစမ်းသပ်ချက်အရ ဇီကာပိုင်းရပ်စ် ကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။

မိုင်ယာမီမြို့ရှိ ကန့်သတ်ဧရိယာအတွင်း ထိုသို့ကူးစက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အမေရိကန်ရှိ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုအဖွဲ့က ကိုယ်ဝန်ဆောင် အမျိုးသမီးများအား ကန့်သတ်နယ်မြေများသို့ သွားရောက်ခြင်းကို သတိပေးတားမြစ်ထားသည်။

(အင်န်အိတ်ချ်ကေ)

အမေရိကန် တပ်ဖွဲ့မှ ပူးပေါင်းစစ်ဆင်ရေးအကြီးအကဲ တူရကီနိုင်ငံသို့ သွားရောက်

အန်ကာရာ ဩဂုတ် ၂

တူရကီနိုင်ငံ၏ မအောင်မြင်သော အာဏာသိမ်းမှုအပြီး အနောက်အုပ်စု၏ တူရကီနိုင်ငံအပေါ် တောင်းဆိုမှုများ အရာမရောက်သည့် အတွက် အမေရိကန် တပ်ဖွဲ့ ပူးပေါင်းစစ်ဆင်ရေး အကြီးအကဲ ဗိုလ်ချုပ်ကြီးဆက်ဒန်ဖော့ဒ်သည် တူရကီနိုင်ငံသို့ သွားရောက်ခဲ့သည်။

တနင်္လာနေ့က ဒန်ဖော့ဒ်သည် တူရကီဝန်ကြီးချုပ် ဘိုင်နေလ်ရေလ်ဒရင်းနှင့် အန်ကာရာ၌ တွေ့ဆုံခဲ့သည်။ ဒန်ဖော့ဒ်သည် တူရကီတပ်ဖွဲ့ဝင်များ အာဏာသိမ်းရန် ကြိုးပမ်းမှုကို ပြင်းထန်စွာ ဝေဖန်ခဲ့သည်ဟု တူရကီဝန်ကြီးချုပ်ရုံးခန်းမှ သိရသည်။

ထို့အပြင် အမေရိကန်တို့က တူရကီနိုင်ငံ၏ ဒီမိုကရေစီကို အပြည့်အဝ ထောက်ခံကြောင်း ပြောခဲ့သည်။

တူရကီ ဝန်ကြီးချုပ်က တူရကီနိုင်ငံက အလိုရှိသည့် ဖက်တူလာဂူလန်ကို အမေရိကန်တို့က လွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။ တူရကီနိုင်ငံက ဖက်တူလာဂူလန်ကို အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ကွယ်မှ ကြိုးကိုင်သူဟု ယူဆကြသည်။

အမေရိကန်တို့ကမူ လွှဲပြောင်းပေးရန်သဘောမတူခဲ့ပေ။ ၎င်းပါဝင်ပတ်သက်သည်ဟူသော သက်သေပြချက်များ လိုအပ်ကြောင်း ပြောသည်။

ယခုသွားရောက်သည့် ခရီးစဉ်မှာ တူရကီနိုင်ငံအပေါ် အမေရိကန်၏ တုံ့ပြန်မှုများ အရာမရောက်သည်ကို ဖြေရှင်းရန် ရည်ရွယ်၍ သွားရောက်ခြင်းဖြစ်သည်။

တူရကီနိုင်ငံသည် အိုင်အက်စ်တို့ကို တိုက်ခိုက်ရာ၌ အနောက်အုပ်စု၏ အဓိက မဟာမိတ်လည်းဖြစ်သည်။ ဂူလန်ကို လွှဲပြောင်းပေးရေးမှာ အမေရိကန်နှင့် တူရကီနိုင်ငံတို့ကြားဖြေရှင်းရန် ကျန်ရှိနေသည့် ကိစ္စရပ်ပင်ဖြစ်သည်။

(အင်န်အိတ်ချ်ကေ)

ဖ လူဂျာမြို့ဟာ အိုင်အက်စ်တို့လက်ထဲကို အစောဆုံးကျရောက်သွားတဲ့ အီရတ်မြို့တစ်မြို့ဖြစ်ပါတယ်။ အိုင်အက်စ် တို့လက်ထဲ နှစ်နှစ်ကျော် ကြာကျရောက်ခဲ့တဲ့အတွက် စစ်သွေးကြွတွေဟာမြို့ရဲ့အနေအထားကို ကောင်းကောင်းသိဖို့ အချိန်အများကြီးရခဲ့ပါတယ်။ ဒါကြောင့် နေရာအနှံ့မှာထောင်ချောက်တွေဆင်ထားနိုင်ခဲ့တယ်။ အီရတ်တပ်ဖွဲ့ဟာလည်း မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ဖို့ အစွမ်းကုန်အားထုတ်ခဲ့ပါတယ်။

အိုင်အက်စ်တို့လက်ထဲမှ ဖလူဂျာမြို့၏ နောက်ဆုံးနေ့ရက်များ

ချြူးစန္ဒီနွေး

ဖလူဂျာမြို့ကိုပြန်လည်သိမ်းပိုက်ခါနီးအချိန်တွေမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးအဖွဲ့သားတွေဟာ အီရတ်တပ်ဖွဲ့ဝင်များနဲ့ပူးပေါင်းပြီး ဖလူဂျာမြို့မှာရှိတဲ့ အိုင်အက်စ်အဖွဲ့ရဲ့ နောက်ဆုံးခံတပ်ဖြစ်တဲ့ အယ်ဂျိုလန်ကို ပူးပေါင်းတိုက်ခိုက်ခဲ့ကြပါတယ်။ အိုင်အက်စ်တွေအခိုင်အမာ တပ်စွဲထားတဲ့ အဲဒီမြို့ကို အီရတ်တပ်ဖွဲ့ဝင်တွေက အတန်ကြာအောင် ဝိုင်းထားခဲ့ပါတယ်။ အဲဒီမြို့မှာရှိတဲ့ အရပ်သား အားလုံးနီးပါးဟာလည်း မြို့ကနေ ထွက်သွားကြပါပြီ။ အစကထွက်ပြေးကြရတဲ့ အကြောင်းအရင်းကတော့အိုင်အက်စ်တို့ သိမ်းပိုက်ထားတဲ့ အစောပိုင်း နေ့ရက်တွေတုန်းက ရက်စက်ကြမ်းကြုတ်တဲ့ အုပ်ချုပ်မှုကြောင့် ထွက်ပြေးကြတာဖြစ်ပြီး အီရတ်တပ်ဖွဲ့ဝင်တွေနဲ့တိုက်ပွဲဖြစ်ပွားမှု ခေတ္တရပ်နားတဲ့အခါမှာလည်း အရပ်သားတွေ ထွက်ပြေးခွင့်ရခဲ့တာဖြစ်ပါတယ်။

အီရတ်တပ်ဖွဲ့၊ အထူးတပ်ဖွဲ့ဝင်တွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေဟာ လက်နက်ကြီးတွေနဲ့ ကူညီပစ်ခတ်ပေးမှု၊ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်တွေရဲ့လေကြောင်း ပစ်ကူပေးမှုတွေကြောင့်လည်း အောင်မြင်မှုရရှိလာတာဖြစ်ပြီး မြို့ကို သိမ်းယူမှု အခြေအနေဟာလည်း တဖြည်းဖြည်းချင်းတိုးတက်လာပါတယ်။ အိုင်အက်စ်အဖွဲ့ရဲ့လက်ကျန်တိုက်ခိုက်ရေးသမားတွေကိုလည်း သူတို့ရဲ့ခေါင်းဆောင်တွေကနေ အခြေအနေကို ကြည့်ပြီး လှုပ်ရှားဖို့မှာကြားထားပါတယ်။

ဂျာနယ်လစ်တစ်ဦးဖြစ်တဲ့ ဘရိုင်ယန်ဒန်တွန်ဟာ အီရတ်တပ်ဖွဲ့စုတွေနဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေးအဖွဲ့များနဲ့အတူ ဇွန်လအကုန်ပိုင်းလောက်က စစ်မြေပြင်ကိုအတူလိုက်ပါသွားခဲ့ပါတယ်။ အိုင်အက်စ်တွေရဲ့လက်ထဲကနေ မြို့ကို ပြန်သိမ်း နိုင်တော့မယ့် နောက်ဆုံး နေ့ရက်တွေကို တွေ့မြင်ခွင့်ရခဲ့ပါတယ်။ "လမ်းရဲ့တစ်ဖက်မှာတော့အိုင်အက်စ်တိုက်ခိုက်ရေးသမားတစ်ဦးဟာ သေဆုံးနေပါတယ်။ အီရတ်တပ်ဖွဲ့ဝင်တွေဟာ တိုက်ပွဲစတင်တော့မှာဖြစ်တဲ့အတွက် မြို့ရဲ့တောင်ဘက်မှာရှိတဲ့ မြေကွက်တွေကို မြေထိုးစက်နဲ့ထိုးပြီးရှင်းလင်းမှုတွေလုပ်နေပါတယ်" လို့ သူမြင်ခဲ့ရတဲ့ မြင်ကွင်းတွေကို ပြောပြခဲ့ပါတယ်။

ဖလူဂျာမြို့ကို ပြန်သိမ်းယူနိုင်ဖို့အတွက် တိုက်ပွဲတွေဆင်နွှဲတဲ့အခါမှာ အမေရိကန်က လေ့ကျင့်သင်ကြားပေးခဲ့တဲ့အကြမ်းဖက်မှု တိုက်ဖျက်ရေးအဖွဲ့သားတွေဟာ ကောင်းကောင်းလက်စွမ်းပြနိုင်ခဲ့ပါတယ်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့ကို ညအချိန်တွေမှာတောင် လျှင်လျှင်မြန်မြန်နဲ့ ရှောင်တခင် ဝင်ရောက်တိုက်ခိုက်နေရာမှာ အကောင်းဆုံးစွမ်းဆောင်ရည်ရှိအောင် လေ့ကျင့်ပေးထားတာဖြစ်ပါတယ်။ အီရတ်မှာရှိတဲ့မြို့တွေကို ပြန်သိမ်းယူဖို့ တိုက်ခိုက်တဲ့အခါမှာ တိုက်ပွဲဟာ စိပ်လာခဲ့ပြီး အထူးတပ်ဖွဲ့ဝင်တွေဟာ ခြေလျင်တပ်တွေချထားပေးဖို့လည်း တောင်းဆိုခဲ့ပါတယ်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့အတွက်တော့ ဖလူဂျာမြို့ကို ပြန်သိမ်းယူဖို့တိုက်ပွဲဆင်နွှဲမှုဟာ နောက်ဆုံးနဲ့ အပြင်းထန်ဆုံးတိုက်ပွဲ ဖြစ်ပါတယ်။ ၎င်းတပ်ဖွဲ့ဝင်တွေဟာ တိုက်ပွဲပြင်းထန်နေတဲ့ ဘယ်နေရာကိုမဆို သွားရောက်တိုက်ခိုက်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီ အချိန်တုန်းက အီရတ်တပ်ဖွဲ့ဟာ တပ်ဖွဲ့ကိုစွန့်ခွာသွားတဲ့ တပ်ဖွဲ့ဝင်တွေကြောင့် ပြန်လည်တည်ဆောက်ဖို့ ရုန်းကန်နေရဆဲအချိန်ဖြစ်နေလို့ပါ။ ဓာတ်ပုံဂျာနယ်လစ်တစ်ဦးဖြစ်တဲ့ ဘရိုင်ယန်ဒန်တွန်ဟာ သူမြင်ခဲ့ရတာတွေကို ရှင်းရှင်းလင်းလင်းပဲပြောပြခဲ့ပါတယ်။ "အိုက်အက်စ်တိုက်ခိုက်ရေးသမားတွေဟာ သူတို့ခေတ္တသိမ်းယူထားတဲ့ နေရာတွေမှာ ကတုတ်ကျင်းတွေတူးတယ်။ မြေအောက် ပုန်းကျင်းတွေတူးထားတယ်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့ဝင်တွေ အဲဒီနေရာကို ရောက်ရှိသွားတဲ့အခါမှာတော့ သံတံခါးတွေနဲ့ဖုံးထားတဲ့ မြေအောက်ပုန်းကျင်းတွေကို တွေ့ခဲ့ရတယ်။ မြို့လယ်မှာရှိတဲ့ အဆောက်အအုံ တချို့မှာတော့ လက်နက်တွေသိုလှောင်ရာနေရာအဖြစ် အသုံးချထားတာကို တွေ့ရပါတယ်" လို့ သူမြင်ခဲ့ရတဲ့ မြင်ကွင်းတွေကို ပြောပြခဲ့တယ်။

အီရတ်တပ်ဖွဲ့ဝင်တွေဟာ ပိတ်ဆို့မှုတွေ တိုးတိုးပြီး လုပ်ဆောင်ခဲ့တဲ့အတွက် တံတိုင်းတွေနဲ့ အိမ်ခေါင်မိုးတွေဟာ စနိုက်ပါသမားတွေအတွက် နေရာကောင်းတွေ ဖြစ်လာပါတယ်။ ရာသီဥတု ဆိုးဆိုးရွားရွားကြီး ပူပြင်းနေပေမယ့် ဒါကိုအရေးစိုက် နေလို့လည်း မရပါဘူး။ ဘရိုင်ယန် ဖလူဂျာမြို့ကနေ ထွက်ခွာခါနီးနောက်ဆုံးနေ့ရက်တွေမှာတော့ မြို့အတွင်းမှာ ပုန်းအောင်းနေတဲ့ အိုင်အက်စ်အဖွဲ့သားလက်ကျန်တွေဟာ စက်သေနတ်တွေနဲ့ ကျည်ဆန်မိုးရွာချသလို ပစ်ခတ်ခဲ့ပါတယ်။ ရှုံးနိမ့်နေတဲ့ကြားက တိုက်ပွဲတွေ ဆင်နွှဲနေရတာဖြစ်လို့ အိုင်အက်စ်တွေ အသုံးပြုတဲ့ စက်သေနတ်တွေကတော့ ယာယီအစားထိုးပြုပြင်ထားတဲ့ လက်နက်တွေပဲဖြစ်ပါတယ်။

ဘရိုင်ယန်လိုက်ပါသွားခဲ့တဲ့ တပ်ဖွဲ့စုက အိုင်အက်စ်တွေ အသုံးပြုခဲ့တဲ့ လက်နက်အကြမ်းထည်တွေကို တွေ့ရှိခဲ့ပါတယ်။ အိမ်တစ်အိမ်ရဲ့ မီးဖိုချောင်ထဲမှာတော့ စစ်လက်နက်ပစ္စည်းတွေကို အစုလိုက်အပြုံလိုက် တွေ့ခဲ့ရပါတယ်။ ဖလူဂျာမြို့မှာရှိတဲ့ အခြားသော အိမ်တွေကို နှိပ်စက်ညှဉ်းပန်းရေးစခန်းတွေအဖြစ် ပြောင်းလဲထားတာကို တွေ့ရပြီး လုံခြုံရေး တပ်ဖွဲ့ဝင်တွေရဲ့ အဆိုအရ အချို့အိမ်တွေကိုတော့ အိုင်အက်စ် တပ်ဖွဲ့ဝင်တွေအတွက် ဆောင်ကြာမြိုင်သဖွယ် ဖွင့်ထားခဲ့တယ်လို့ ဆိုပါတယ်။

အီရတ်အရေးပေါ် တုံ့ပြန်ရေးအဖွဲ့က အရာရှိတစ်ဦးဖြစ်တဲ့ ဟက်ဆန်အယ်မိုဆာဝီက

တိုက်ပွဲများ ပြင်းထန်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် မြို့တွင်းတစ်နေရာ

သူတို့တပ်ဖွဲ့စု ရှာဖွေတွေ့ရှိခဲ့တဲ့ ဖလူဂျာမြို့လယ်က အိုင်အက်စ်အကျဉ်းစခန်းဟောင်းတစ်ခုကို ဘရိုင်ယန်ကို ခေါ်သွားခဲ့ပါတယ်။ ပွင့်ပွင့်လင်းလင်းစကားပြောတတ်တဲ့ အရာရှိတစ်ဦးကတော့ အိုင်အက်စ်တွေရဲ့ အခြေအနေနဲ့ပတ်သက်ပြီး ဘရိုင်ယန်ကို ရှင်းရှင်းလင်းလင်း ပြောပြခဲ့ပါတယ်။ "အိုင်အက်စ်အဖွဲ့သားတွေဟာ သူအရင်တုန်းက တိုက်ခိုက်ခဲ့ဖူးတဲ့ သူပုန်တွေနဲ့ မတူပါဘူး။ အခြားသူပုန်တွေ၊ သောင်းကျန်းသူ အဖွဲ့အစည်းတွေကို ညှိနှိုင်းလို့ရချင်ရမယ်။ အိုင်အက်စ်တွေကို ညှိနှိုင်းလို့မရဘူး။ သူတို့ဟာ အထိန်းအကွပ်မဲ့ ရက်စက်ကြတယ်" လို့ ပြောပြခဲ့ပါတယ်။

ဖလူဂျာမြို့ကို လွတ်မြောက်ဖို့ ကြိုးပမ်းခဲ့တဲ့ အီရတ်တပ်ဖွဲ့ဝင် ၆၀၀၀၀ ဟာ အခုအခါမှာတော့ အန်ဘာပြည်နယ်က သဲကန္တာရထဲမှာ တိုက်ပွဲတွေ ဆင်နွှဲနေပါတယ်။ ဖလူဂျာမြို့ဟာ ဘဂ္ဂဒက်နဲ့ မိုင် ၄၀ သာ ကွာဝေးပါတယ်။ ဒါကြောင့် အာဏာပိုင်တွေဟာ အကြမ်းဖက်စစ်သွေးကြွတွေ မြို့ထဲကို စိမ့်ဝင်လာမှာစိုးတဲ့အတွက် မြို့အဝင်အထွက်မှာ ကန့်သတ်မှုတွေ လုပ်ထားပါတယ်။ ထွက်ပြေးလွတ်မြောက်လာတဲ့ မိသားစုကို ကန္တာရထဲက စခန်းတွေမှာပဲ နေထိုင်ဖို့ ဖိအားပေးနေရာချထားပါတယ်။ အမျိုးသမီးနဲ့ ကလေးတွေဟာ ဟင်းလင်းပြင် နေရာအချို့မှာ အိပ်စက်ရတဲ့အတွက် အပူဒဏ်နဲ့ ကန္တာရရဲ့ သဲဒဏ်ကို ခံစားနေရပါတယ်။ ဖလူဂျာမြို့နဲ့ နီးစပ်တဲ့ ဒေသပတ်ဝန်းကျင်တွေကို လုံခြုံရေးပေးနေတဲ့သူတွေဟာ ရှီးယိုက်တွေဖြစ်ပါတယ်။ ဒါပေမယ့် ထွက်ပြေးလာတဲ့ မိသားစုတွေနဲ့ အထိန်းသိမ်းခံထားရတဲ့ လူတွေကတော့ ဆွန်နီတွေပါ။ ဒါကြောင့် လူတွေရဲ့ခါးသီးမှုတွေ၊ ကြောက်ရွံ့မှုတွေ၊ စိုးရိမ်မှုတွေဟာရှိနေဆဲပါ။ လက်ရှိအချိန်မှာတော့ အီရတ်တပ်ဖွဲ့ဝင်တွေရဲ့ ထိုးစစ်ဆင်အောင်မြင်မှုတွေကြောင့် အိုင်အက်စ်အဖွဲ့ခေါင်းဆောင်တွေဟာ မိုဆူးလ်မြို့ကနေ သူတို့ရဲ့မိသားစုဝင်တွေကို ခေါ်ဆောင်ပြီး ထွက်ပြေးဖို့ ကြိုးပမ်းကြပါတယ်။ အဖွဲ့ခေါင်းဆောင်တွေဟာ သူတို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို ရောင်းချတယ်။

တချို့ကလည်း ကိုယ်နဲ့အပါ သယ်ဆောင်ပြီး ဆီးရီးယားကို ထွက်ပြေးဖို့ ကြိုးစားကြတယ်။ အိုင်အက်စ်တို့သိမ်းပိုက်ထားတဲ့အီရတ်နယ်မြေထဲမှ အချို့ကိုလည်း ပြန်သိမ်းယူနိုင်နေပြီဖြစ်တယ်။ ဖလူဂျာမြို့ကို ပြန်သိမ်းယူနိုင်တာကတော့ အီရတ်တပ်ဖွဲ့ဝင်တွေ နောက်ထပ်တိုက်ပွဲတွေ ဆင်နွှဲဖို့အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ ခွန်အားတွေရရှိဖို့ အထောက်အကူပြုလျက်ရှိပါတယ်။

ကိုးကား-နယူးယောက်တိုင်းမ်

(၃၁-၇-၂၀၁၆)

ဖလူဂျာမြို့ကို ပြန်သိမ်းယူနိုင်ဖို့အတွက် တိုက်ပွဲတွေ ဆင်နွှဲတဲ့အခါမှာ အမေရိကန်က လေ့ကျင့်သင်ကြားပေးခဲ့တဲ့အကြမ်းဖက်မှု တိုက်ဖျက်ရေး အဖွဲ့သားတွေဟာ ကောင်းကောင်းလက်စွမ်းပြနိုင်ခဲ့ပါတယ်။ အကြမ်းဖက်မှု တိုက်ဖျက်ရေးအဖွဲ့ကို ညအချိန်တွေမှာတောင် လျှင်လျှင်မြန်မြန်နဲ့ ရှောင်တခင် ဝင်ရောက်တိုက်ခိုက်မှု . . .

လစ်ဗျားရှိ အိုင်အက်စ်တို့ကို အမေရိကန် လေကြောင်းချီ တိုက်ခိုက်မှုပြုလုပ်

ဝါရှင်တန် ဩဂုတ် ၂

အမေရိကန်သည် လစ်ဗျားတွင် ဩဂုတ် ၁ ရက်က အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းချီတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ပင်တဂွန်က ကြေညာခဲ့သည်။ လစ်ဗျားအစိုးရ ၏ သဘောတူညီချက်အရ အမေရိကန်သည် အစိုးရတပ်ဖွဲ့များကို ကူညီ၍ လစ်ဗျားတွင် ခြေကုပ်ယူထားသော အိုင်အက်စ်တို့ကို တိုက်ခိုက်ရန်အတွက် ဆာတီ၊ လစ်ဗျားတို့ကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ပီတာကွတ်ခ်က ကြေညာချက်တွင် ပြောခဲ့သည်။

အဆိုပါလေကြောင်းချီတိုက်ခိုက်မှုများကို အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာနှင့် စစ်ဦးစီးချုပ် ဂျိုးဆက်ဖ် ဒန်ဖို့တ်တို့၏ ထောက်ခံမှုဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လစ်ဗျားတွင် အိုင်အက်စ်တိုက်ခိုက်ရေးသမားပေါင်း ၆၀၀၀ ခန့်ရှိကြောင်း၊ ယင်းပမာဏသည် အိုင်အက်စ်၏ အင်အားအကြီးဆုံးအုပ်စုဟု ဆိုရမည်ဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်တွင် ဖော်ပြခဲ့သည်။

အဆိုပါတိုက်ခိုက်ခြင်းသည် အိုင်အက်စ်တို့ကို အင်အားမေးမှိန်စေပြီး နောက်ထပ်ခြေကုပ်ယူမှုမရှိအောင်ဖြစ်ကြောင်း ပင်တဂွန်က ပြောသည်။

(တိုင်းမ်)

မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်အင်းအတွင်းရှိ ကမ္ဘာကျော် ဦးပိန်တံတား ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် အခန်းပေါင်း ၁၁၅ ခန်းရှိ လှေျာက်လမ်းကြမ်းခင်းများ ရေကျော်မှုဖြစ်ပွားလျက်ရှိရာ အဆောင်အမှတ် ၃ ဝန်းကျင်တံတားကြမ်းခင်းများ ရေနစ်မြုပ်နေမှုကို ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းက တွေ့ရစဉ်။
(ဓာတ်ပုံ - အောင်စေပိုင်စေ)

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် တောင်သမန်ရေထိန်းတံခါး ရေလျှော့ချ၍ နေအိမ်များ ပြောင်းရွှေ့ခဲ့

မန္တလေး ဩဂုတ် ၂

မန္တလေးမြို့ ရတနာပုံတက္ကသိုလ်အဝင် ကန်ပတ်လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်ကြားရှိ တောင်သမန်ရေထိန်းတံခါးတွင် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီခန့်က တာပေါင်များ ရေတိုက်စားမှုကြောင့် ကလိုင်အပေါက်များ ဖြစ်ပေါ်လာပြီး ရေထိန်းသိမ်းနိုင်မှုမရှိတော့၍ ကန်ပေါင်နှင့် ရေထိန်းတံခါးမကျိုးပျက်စေရန်အတွက် ၁၄ လက်မခန့် ရေလျှော့ချထုတ်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရေထိန်းတံခါးမှ ရေလျှော့ချမှုကြောင့် တံခွန်တိုင်ရပ်ကွက်၊ နံ့သာကွက်စိပ်၊ တောင်ဥယျာဉ်ကွက်စိပ်နှင့် ထိန်ကုန်း ရပ်ကွက်များအတွင်းသို့ ရေအမြင့်ပေ ငါး ပေခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရေဝင်ရောက်ရာ နေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ပြည်ကြီး တံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည် မြို့နယ်တို့မှ မီးသတ် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်များမှ တပ်မတော်သားများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ အသင်းအဖွဲ့ များ၊ ပြည်သူများသည် ရေနစ်မြုပ်ရာ ရပ်ကွက်များ ဖြစ်သည့် ထိန်ကုန်းရပ်ကွက်၊ တောင်မြင့်ရပ်ကွက်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ တံခွန်တိုင်ရပ်ကွက်များသို့ အဖွဲ့ များခွဲ၍ ရေဘေးကယ်ဆယ်ရေးလုပ်ငန်း များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် တောင်သမန်ကန်ရေလျှော့ချမှုကြောင့် ၁၂ နာရီအချိန်အထိ တံခွန်တိုင်ရပ်ကွက်၊ နံ့သာကွက်စိပ်၊ တောင်ဥယျာဉ်ကွက် စိပ်အတွင်းသို့ ရေငါးပေခန့် ဝင်ရောက်သဖြင့် အိမ်ထောင်စု ၂၄၀ တို့အား တံခွန်တိုင်ဘောလုံးကွင်း၊ နောင်တော်ကြီးဘုန်းကြီးကျောင်းနှင့် ရွှေယင်းမာဘုန်းကြီးကျောင်းများသို့လည်းကောင်း၊ တောင်မြင့်ရပ်ကွက်မှ အိမ်ထောင်စု ၁၄၁ စုတို့အား ချမ်းသာကြီး ချမ်းသာရ ဆုတောင်းပြည့်ဘုရားဝင်းအတွင်းသို့လည်းကောင်း၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ရဲဘော်ကွက်သစ်ကွက်စိပ်ရှိ အိမ်ထောင်စု ၇၀၅ စုတို့အား နန်းဦးဓမ္မာရုံနှင့် ရေပေါ်တောင်ဓမ္မာရုံများသို့ လည်းကောင်း၊ ထိန်ကုန်းရပ်ကွက်မှ အိမ်ထောင်စု ၂၀၇စု အား ရတနာပုံတက္ကသိုလ် လမ်းဘေးဝဲယာနေရာ အောင်ချမ်းသာဓမ္မာရုံ၊ သီလပါရမီဓမ္မာရုံ၊ မုံရွေးဘုန်းကြီးကျောင်းများသို့လည်းကောင်း အသီးသီးပြောင်းရွှေ့ပေးခဲ့ပြီး ရေမြင့်တက်မှု အခြေအနေအား စောင့်ကြည့်၍ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ရောဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ပြည်မြို့ရှိရပ်ကွက်အချို့တွင် ရေကြီးနစ်မြုပ်

ပြည် ဩဂုတ် ၂

ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရောဝတီမြစ်ရေမြင့်တက်လာမှုတို့ကြောင့် ပြည်မြို့၏မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သော နဝင်းနယ်မြေ နဝင်းရပ်ကွက်၊ ရွှေပလ္လင်မော် အောက်ချိုင့်၊ မာလကာကုန်းရပ်ကွက်၊ ဖိုးခေါင်နှင့် ချောင်းနားတန်းရပ်ကွက်တို့တွင်လူနေအိမ်များအတွင်း ရေဝင်ရောက်မှုများနှင့် ဖြစ်ပေါ် လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား တာဝန်ရှိသူများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများက ရေဘေးကင်းလွတ်ရာနေရာများတွင် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထား၍ ပြောင်းရွှေ့နေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁ ရက်အထိ နဝင်းရပ်ကွက် ရွှေပလ္လင်မော်ဓမ္မာရုံကယ်ဆယ်ရေးစခန်း၌ ပြောင်းရွှေ့အိမ်ထောင်စု ၈၄ စု၊ နဝင်းဝါဆိုကျောင်း ကယ်ဆယ်ရေးစခန်းတွင်ပြောင်းရွှေ့အိမ် ထောင်စု ၇၄ စု၊ နဝင်းတာရိုးကယ်ဆယ် ရေးစခန်းတွင် ပြောင်းရွှေ့အိမ်ထောင်စု ၇၆ စု၊ ခရမ်းကုန်းတာဘောင် ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၁၂ စု၊ ဇလုံကျေးရွာကယ်ဆယ်ရေးစခန်းတွင် အိမ် ထောင်စု ၂၈ စု၊ အနောက်လက်ခုပ်ပင်ဇရပ်ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင် စု ၁၃ စုအား တာဝန်ရှိသူများက ပြောင်းရွှေ့နေရာချထားပေးကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် ပြည်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရောဝတီမြစ်ရေ ဆက်လက် မြင့်တက်လျက်ရှိကာ ဩဂုတ် ၂ ရက် နံနက်ပိုင်းက ခရိုင်မိုး/ဇလ၏တိုင်းထွာချက်အရ ၂၉၁၃ စင်တီမီတာအထိ ရောက်ရှိနေပြီး ပြည်မြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာ အထက်ကျော်လွန် မြင့်တက်လျက်ရှိကြောင်း သိရသည်။

မျိုးကျော်ကြီး(ပြန်/ဆက်)

မင်းလှမြို့နယ်တွင် ရောဝတီမြစ်ရေကြီးမှုကြောင့် စာသင်ကျောင်းယာယီပိတ်ထား

အထက်မင်းလှ ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် သပြေတောကျေးရွာတွင် ရောဝတီမြစ်ရေကြီးမှုကြောင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ စာသင်ကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

ရောဝတီမြစ်ရေကြီးမှုသည် သပြေတောကျေးရွာအလယ်တန်းကျောင်း ရှေ့ဘက်ရေအနက်နှစ်ပေနှင့်ကျောင်းနောက်ဘက်ရေအနက်လေးပေအထိ မြင့်တက်လာမှုကြောင့် ပညာသင်ကြားနေသည့် အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၁၁၀၊ မူလတန်း အဆင့် ၁၉၆ဦး စုစုပေါင်း ၃၀၆ ဦးနှင့် ဆရာဆရာမ ၁၁ ဦးတို့သည် ပညာသင်ကြားရန် အခက်အခဲဖြစ်လာသဖြင့် အဆိုပါကျောင်းအား ဩဂုတ် ၁ ရက်မှစတင်၍ ယာယီပိတ်ထားရကြောင်း သိရသည်။

အလားတူ ရောဝတီ မြစ်ကမ်းနံဘေးရှိ မြစ်ရေဝင်ရောက်နိုင်သည့် အခြေခံပညာကျောင်းများအနေဖြင့် ရောဝတီမြစ်ရေဆက်လက်မြင့်တက်လာ၍ ကျောင်းအတွင်းဝင်ရောက်လာပါက ကျောင်းများကိုယာယီပိတ်ထားရမည်ဖြစ်ကြောင်း သိရသည်။

ကိုသက်(အထက်မင်းလှ)

ချင်းတွင်းရေယာဉ်လိုင်းများ ရပ်နားထားသည့်ရက်အတွင်း ခရီးစဉ်ပြေးဆွဲပါက ဒဏ်ကြေးပေးဆောင်ရမည်

မုံရွာ ဩဂုတ် ၂

ချင်းတွင်းမြစ်ရေသည် ဩဂုတ် ၁ ရက် ညနေ ၃နာရီက မုံရွာမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသဖြင့် အမြန်ရေယာဉ်များပြေးဆွဲမှုအား ဩဂုတ် ၄ ရက်အထိ သုံးရက်ထပ်မံတိုးမြှင့်ခဲ့ရာ အဆိုပါ ယာယီရပ်နားထားသည့်ရက်အတွင်း ခွင့်ပြုချက်မရှိဘဲ ရေယာဉ်ခရီးစဉ်များပြေးဆွဲပါက သတ်မှတ်ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီက ဩဂုတ် ၁ ရက်က ကျင်းပသည့် အစည်းအဝေးဆုံးဖြတ်ချက်အရ သိရသည်။

"တချို့ရေယာဉ်လိုင်းတွေက တင်ပြလာတာတွေရှိတော့ အများသဘောတူဆုံးဖြတ်ချက်ဖြင့် ဩဂုတ် ၂ ရက်မှ ၄ ရက်အတွင်း ခွင့်ပြုချက်မရှိဘဲ ပြေးဆွဲတဲ့ အမြန်ရေယာဉ်တွေကို သတ်မှတ်ထိရောက်တဲ့ ဒဏ်ကြေးဖြင့်ပေးဆောင်စေဖို့ ဆုံးဖြတ်ထားပါတယ်။ နောက်တစ်ခုက အမြန်ရေယာဉ်တွေ ပုံမှန်ပြန်လည် ထွက်ခွာတော့မယ်ဆိုရင် ရေယာဉ်စစ်အဖွဲ့တွေနဲ့ ကုန်တင်ယာဉ်တွေ သတ်မှတ်ထားတဲ့ ကုန်အလေးချိန်ထက်ပိုမတင်ဖို့ရယ်၊ ခရီးသည်တင်အမြန်ရေယာဉ်တွေမှာ သတ်မှတ်ထားတဲ့ လူဦးရေထက်ပိုမိုမတင်ဆောင်ဖို့ လိုက်လံစစ်ဆေးသွားမယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

(ဖိုးချမ်း-မုံရွာ)

စာမူပေးပို့ကြသူများအား မေတ္တာရပ်ခံခြင်း

မြန်မာ့အလင်းသတင်းစာတိုက်သို့ ဆောင်းပါး၊ သတင်း၊ သတင်းဆောင်းပါးနှင့် ကာတွန်း၊ ကဗျာစာမူများ ပေးပို့ကြသည့် စာမူရှင်များ၊ သတင်းထောက်များသည် စာမူများသတင်းစာတွင် ဖော်ပြပြီးပါက စာမူခများချီးမြှင့်ရာ၌ လည်းကောင်း၊ စာမူနှင့်ပတ်သက်၍ ဆက်သွယ်မှုများပြုလုပ်ရာတွင် လည်းကောင်း လွယ်ကူလျင်မြန်စေရန်အတွက် နေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်များ ထည့်သွင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာ့အလင်းစာတည်းအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

(က) သင်တန်းသုံးစက်ပစ္စည်း (၅)မျိုး
(ခ) ရုံးသုံးပရိဘောဂ (၆)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃-၈-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ ငွေစာရင်းဌာနတွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၆-၈-၂၀၁၆ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများ ပြန်လည်ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၂၅၀၀၇၃၉၉၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူဆောင်ရွက်လိုကြောင်း ကြော်ငြာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Ø 500 mm x 3m & Ø 300 mm x 8m Flexible Pipe	31 Nos
(ခ)	Tyre (6 Items)	1 Lot
(ဂ)	Battery (4 Items)	1 Lot
(ဃ)	Ø 66" x 40' M.S Pipe (8 Nos) သယ်ယူပို့ဆောင်ခြင်း	လုပ်ငန်းတစ်ရပ်
(င)	Sprinkler နှင့် Drip ရေပေးဝေရေး စနစ်တပ်ဆင်ခြင်း	လုပ်ငန်းတစ်ရပ်

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃-၈-၂၀၁၆ရက်
ပိတ်ရက်နှင့်အချိန် - ၃၀-၈-၂၀၁၆ရက်၊ ၁၅:၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)
ဖြည့်တင်းရေး-၂ ဌာနခွဲ
ရုံးအမှတ် (၅၀)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၅၉၄၆၁၊ Luojia 110, (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၁၄/ပသရ(နိုင်)၀၀၆၆၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၈၄၈၁၇၊ Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း ၁၄/ပသန(နိုင်)၀၁၄၆၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၉၈၁၁၄ Luojia 110,M/Cယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်း ၁၄/ပသန(နိုင်)၂၉၁၅၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၈၅၉၂၆ CROCODILE 125,M/Cယာဉ်လက်ဝယ်ရှိသူ ဦးစောပုလဲထူး ၁၄/ပသန(နိုင်)၂၁၄၅၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၈ ၂၁၈၀ Honda Click 125,M/Cယာဉ်အမည်ပေါက်ရှိသူ ဦးအောင်မျိုးသန်း ၁၄/မမန(နိုင်)၁၅၃၅၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

မီးလောင်မှုကြောင့် ကလေးငယ်နှစ်ဦးသေဆုံး

ကျောက်ဆည် ဩဂုတ် ၂

ကျောက်ဆည်မြို့နယ် ကုလားကျောင်းကျေးရွာအုပ်စု ကုလားကျောင်းကွင်းတွင် ယနေ့ နံနက် ၁၁ နာရီခွဲက လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားသည့်နေအိမ်သည် လူသူအတန်ငယ်ဝေးသည့်နေရာတွင် တစ်လုံးတည်းဆောက်လုပ်ထားပြီး အိမ်ပိုင်ရှင်အမျိုးသား ဦးမင်းမင်းလတ်သည် အယ်လ်ဖာဘီလပ်မြေစက်ရုံ၌ စက်မောင်းအလုပ်လုပ်ကိုင်ကြောင်း၊ ဇနီးမှာ ပုလင်းခွံ၊ ဘူးခွံလိုက်လံစုဆောင်းပြီး ပြန်လည်ရောင်းချသည့်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်သူများဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် နေအိမ်တစ်လုံး၊ ဆိုလာပြား၊ ဘက်ထရီတစ်လုံးနှင့် အိမ်အတွင်းရှိပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည့်အပြင် သုံးနှစ်အရွယ် မောင်လှိုင်ဖြိုးအောင်၊ တစ်နှစ်အရွယ် မစုအိမ်ချစ်နှင့် အိမ်မွေးဝက်တစ်ကောင် မီးလောင်သေဆုံးခဲ့ကြောင်း သိရပြီး အိမ်ရှင် ဦးမင်းမင်းလတ်အား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သက်မောင်

မယ်ယန်းကုန်သွယ်ရေးစခန်း၌ ကျောက်စိမ်းတုံး တစ်တုံးဖမ်းဆီးရမိ

တာချီလိတ် ဩဂုတ် ၂

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မယ်ယန်းကုန်သွယ်ရေးစခန်း၌ ဩဂုတ် ၂ ရက် နံနက် ၁၁ နာရီခွဲခန့်က ကျိုင်းတုံမှ တာချီလိတ်ဘက်သို့မောင်းနှင်လာသော လိုင်းကားပေါ်မှ အလေးချိန် ၃၆ ကီလိုဂရမ်ခန့်ရှိ ကျောက်စိမ်းတုံးတစ်တုံး ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂ ရက် နံနက် ၁၁ နာရီခွဲခန့်က နယ်စပ်ကုန်သွယ်ရေးစခန်း (တာချီလိတ်)မှ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ စီးပွားကူးသန်းဦးစီးအဖွဲ့၊ နယ်စပ်ကုန်သွယ်ရေးရဲ(မယ်ယန်း)မှ ဒုရဲမှူး စိုးအောင် ဦးစီးအဖွဲ့၊ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်ကြည်လွင် ဦးစီးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ ကျိုင်းတုံမှ တာချီလိတ်ဘက်သို့ ယာဉ်မောင်း တင်လှဝင်း (၃၈နှစ်) မောင်းနှင်လာသော SHN-3H/---- အမျိုးအစား ဒိုင်ညီနောင်ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက် ယာဘက်ခြမ်း ပစ္စည်းများတင်သည့်နေရာ၌ ပီနံအိတ်အတွင်း စက္ကူဂျပ်ဖာနှင့်ထုပ်လျက် ကျောက်စိမ်းတုံး အလေးချိန် ၃၆ ကီလိုဂရမ်ခန့်ရှိ ကျောက်တုံးတစ်တုံးကို တွေ့ရှိသဖြင့် သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ သည်။

ဖြစ်စဉ်မှ ဖမ်းဆီးရမိသော မော်တော်ယာဉ်နှင့် ကျောက်စိမ်းတုံးကို တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံပြီး အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ရွှေကျားဖြူခရီးသည်တင်ယာဉ်ပေါ်ပါ ခရီးသည်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်း ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂

ဩဂုတ် ၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်နွန်းပူးပေါင်းစစ်ဆေးရေးစခန်းအနီး လမ်းမပေါ်တွင် ကျိုင်းတုံမှ တာချီလိတ်ဘက်သို့ စိုင်းလှမောင် မောင်းနှင်လာသည့် 8I/---- MICRO BUS ရွှေကျားဖြူခရီးသည်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်အတွင်း ထိုင်ခုံအောက်မှ အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်း (ယင်းဒေသတန်ဖိုး ငွေကျပ် သိန်း ၂၅၀၀) သိမ်းဆည်းရမိသဖြင့် စိုင်းလှမောင် (၄၆ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ငွေကျပ် သိန်း ၃၀ ကျော်တန်ဖိုးရှိ ရွှေနှင့် ငွေသားများ ခိုးယူတိမ်းရှောင်သူနှစ်ဦးအား ဖမ်းဆီးရမိ

ကျောက်ပန်းတောင်း ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြို့မရဲစခန်းအပိုင်နယ်မြေမှ ကာလတန်ဖိုး ငွေကျပ် သိန်း ၃၀ ကျော်ရှိ ရွှေထည်နှင့် ငွေသားများခိုးယူ၍ ထွက်ပြေးတိမ်းရှောင်လာသူနှစ်ဦးအား ဩဂုတ် ၁ ရက် နံနက် ၁၀နာရီ ၄၅ မိနစ်က ကျောက်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်များက စောင့်ဆိုင်းဖမ်းဆီး၍ ညောင်ဦးမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီတွင် ညောင်ဦးမြို့မရဲစခန်းမှ စွဲဆိုထားသည့်အမှုမှ တရားလို ဒေါ်စန်း ညောင်ဦးမြို့နယ် ညောင်တိုကျေးရွာနေသူနှင့် ညောင်ဦးမြို့မရဲစခန်းတို့မှ ဆက်သွယ်အကူအညီ တောင်းခံမှုအရ ကျောက်ပန်းတောင်းမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်လွင်နှင့်အဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှူး ရဲအုပ်သျှန်အောင်နှင့် အဖွဲ့တို့ပူးပေါင်း၍ သက်သေများနှင့်အတူ မီးသတ်လမ်းဆုံတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးရာ အဆိုပါ ပြစ်မှုကျူးလွန်သူများဖြစ်သည့် မောင်နိုင်ဇင်ဖြိုးနှင့်၎င်း၏ဇနီးဖြစ်သူ မချစ်ချစ်မြတ်သူတို့နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ညောင်ဦးမြို့မရဲစခန်းမှ ဒုရဲအုပ်သန်းဇော်ဦးနှင့်အဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အမှုမှာ မောင်ဇင်ဖြိုးနိုင်နှင့် ၎င်း၏ဇနီးဖြစ်သူ မချစ်ချစ်မြတ်သူတို့နှစ်ဦးသည် ညောင်ဦးမြို့နယ် ညောင်တိုကျေးရွာနေ တရားလို ဒေါ်စန်း၏နေအိမ်သို့ အလည်လာခဲ့ပြီး အဆိုပါနေအိမ် သေတ္တာအတွင်း ထားရှိသော အလေးချိန် တစ်ကျပ်ခုနစ်ပဲသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး၊ အလေးချိန် တစ်မတ်သားခန့်စီရှိ ရွှေလက်ကောက်နှစ်ကွင်း၊ အလေးချိန် တစ်မတ်သားခန့်ရှိ ရွှေလက်ကောက်တစ်ကွင်း၊ ရွှေဆံညှပ်နှစ်ခု၊ အလေးချိန် တစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၂၃၉၀၀၀၀ ခန့်နှင့် ငွေစက္ကူရောရာ ၆၄၂၉၅၀၊ ရွှေနှင့်ငွေ တန်ဖိုးငွေကျပ် စုစုပေါင်း ၃၀၃၂၉၅၀ ခန့်တို့အား ဖောက်ထွင်းခိုးယူခဲ့ပြီး ညောင်ဦးမြို့နယ်မှ ပခုက္ကူ-ပြည်ခရီးသည်တင် ပန်းတိုင်မှန်လုံယာဉ်ဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့သဖြင့် အဆိုပါ ပြစ်မှုကျူးလွန်သူနှစ်ဦးအား ညောင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

မြေပြိုမှုကြောင့် ဟားခါးမြို့နယ် လူတစ်ဦးသေဆုံး

ဟားခါး ဩဂုတ် ၂

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၁ ရက် ည ၁၁ နာရီခွဲက ဟားခါးမြို့အရှေ့တောင်ဘက် ၃၆ မိုင် ၁ ဖာလုံခန့်အကွာတွင်ရှိသော ဟားခါး-ဂန့်ဂေါလမ်းပေါ်ရှိ သီနမ်ကျေးရွာ၌ မြေပြိုမှုဖြစ်ပွား၍ အိမ်ပြိုကျပျက်စီးခဲ့ပြီး ယင်းအိမ်၏အောက်ထပ်တွင် အိပ်နေသော ဒေါ်ဆန်လျန် (၇၀ နှစ်)ကျော်မှာ ပြိုကျနေသောအိမ်ပိ၍ သေဆုံးခဲ့ကြောင်းနှင့် ယင်းမြေပြိုကျမှုကြောင့် ကားလမ်းပိတ်ဆို့မှုဖြစ်ကာ ယာဉ်သွားလာမှု ပြတ်တောက်လျက်ရှိကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကျန်ရှိသည့် ၎င်း၏မိသားစုဝင်လေးဦးကို ဆွေမျိုးတော်စပ်သူ ဒေါ်ဆွေအီယာန်း၏နေအိမ်သို့ ကျေးရွာပြည်သူများက ရွှေ့ပြောင်းပေးထားကြောင်းနှင့် ပြိုကျသည့်အိမ်အနီးအနားရှိ နေအိမ်သုံးလုံးကိုလည်းအန္တရာယ်ရှိ၍ နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်စေကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပျောက်ဆုံးကြောင်း

ကိုပြေသိန်း ၈/ပမန(နိုင်)၁၆၅၇၈၄ (ဘ) ဦးထွန်းဟန်၏ပတ်စ်ပို့(No.MB-710949)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၃၈၇၆၂၁

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၊ FMI အိမ်ရာ)၊ မြေကွက်အမှတ်(၁၀၂၉)၊ ဧရိယာ ၀ ဒသမ ၁၄၇ ဧက၊ နှစ်၆၀မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်စန္ဒာဝင်းအောင် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ဆ/ဦ အားအရောင်းအဝယ်မှတ်ပုံတင်စာချုပ် (၃၄၇၇/၂၀၁၆) ရက်စွဲ ၁-၇-၁၆ တင်ပြ၍ ဒေါ်ခင်သန်းနွဲ့ ၁၂/လမန(နိုင်)၀၂၉၀၁၄ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စက်မှုလက်မှု၊ မင်းနန္ဒာအိမ်ရာ)၊ မြေကွက်အမှတ်(၂၇၂)၊ ဧရိယာ ၀ဒသမ ၁၆၃ ဧက၊ နှစ်၆၀မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်ကျင်အောင်(ခ)ကေသွယ်မြင့် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ဆ/ဦ အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် (၃၄၅၉/၂၀၁၆)ရက်စွဲ ၃၀-၆-၁၆ တင်ပြ၍ ဦးကြည်မင်း(ခ)ဦးကြည်ဝင်း၊ ဒေါ်ဇာနည်ကိုကိုအမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ဝယ်ယူလိုပါသည်

Nissan Truck 2004 model အတွက် စီးပွားကူးသန်းမှ ၂၀၁၅ ခုနှစ်ထုတ် ကားတင်သွင်းခွင့် Permit လိုင်စင် ဝယ်ယူလိုပါသည်။

Company Permit

Consignmet

လူအမည်ပေါက်လည်း ရပါသည်။

ကိုပြည့်ဖြိုး ဖုန်း-၀၉-၇၃၁၀၆၆၃၃၊ ၀၉-၈၆၁၄၃၅၇

ညှိနှိုင်းဈေးဖြင့် ငှားမည်

ပေ ၆၀×၁၄၀ရှိ တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်အနီးရှိ အဆောက်အအုံပါသော မြေကို ညှိနှိုင်းဈေးဖြင့် ငှားရမ်းလိုသည်။ (နှစ်ရှည်ငှားလျှင် အဆောက်အအုံကိုဖျက်ခွင့်ပြုမည်။)

ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၀၂၇၇၇၄၊ ၀၉-၇၇၇၇၀၀၅၂၇

ညှိနှိုင်းဈေးဖြင့် မြေရောင်းမည်

ပြင်ဦးလွင်မြို့ အိမ်တော်လမ်း ၀ ဒသမ ၇၂ ဧကရှိ မြေကိုညှိနှိုင်းဈေးဖြင့် ရောင်းမည်။

(ပတ်ဝန်းကျင်၌ ဟိုတယ်များရှိ)

ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၀၂၇၇၇၄၊ ၀၉-၇၇၇၇၀၀၅၂၇

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၇၅၅၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/8386 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကိုကို ၁၀/မလမ(နိုင်)၁၃၂၇၂၈၏ Passport (No.M 487517) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၅၆၆၀၈၃၄**

ပြင်ဆင်ဖတ်ရှုပါရန်

ရွှေတော်ပြေးသိန်းထီပေါက်စဉ် (၃၃၁)ကြိမ်သိန်း(၂၀၀)ဆု

သ	၂၇၉၃၈၄	ဃ	၁၆၀၄၇၉
မ	၃၈၃၅၁၂	ခ	၂၂၄၆၆၂
ဘ	၄၆၈၂၁၅	တ	၂၇၉၈၀၆
ဟ	၆၅၈၅၈၆	သ	၈၁၈၆၄၆
င	၇၂၀၈၉၄	လ	၈၁၉၁၀၆
ထ	၇၉၀၄၁၀	ရ	၉၅၆၉၁၉
ဗ	၈၃၈၁၈၆	မ္ဒ	၉၅၉၇၃၃

အတား

ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

ဦးညီညီမင်းထွန်း ၇/ပခန(နိုင်)၁၉၁၃၁၈၏ သမီး ပဲခူးမြို့၊ အထက (၃)ပဲခူး နဝမတန်း(D)မှ မခြူးခြူးမေအား မဂျူးဂျူးမေဟု ပြောင်းလဲခေါ်ပါရန်။ **မဂျူးဂျူးမေ**

ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ် ဆင်ခေါင်းကျေးရွာ(အထက) သတ္တမတန်းမှ မထက်ထက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးကိုကို ဖြစ်ပါကြောင်း။

ဦးကိုကို ၈/မဘန(နိုင်)၀၅၉၅၆၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မေတ္တာလမ်း၊ အမှတ် ၈၈၈ ၏ မြေညီထပ်(ခြေရင်း)အခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကိုလတ် (ဒါရိုက်တာ၊ ကြေးအိုးကြီးဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်) ထံမှ ဦးရဲဇော်အောင် ၁၂/တမန(နိုင်)၀၀၅၂၅၆၊ ဒေါ်သင်းသင်းအေး ၁၂/လမန(နိုင်)၀၆၁၈၀၅ တို့မှ လူနေအိမ်ခန်းအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်ရန်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား၊ မူရင်းစာရွက်စာတမ်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ထိုရက်ထက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမိုးခိုင် (စဉ်-၄၈၂၆/၈၉)
LL.B,D.B,L,D.M.L.MA(Business Law)
အမှတ် ၁၇၁၊ ပုသိမ်မြေ ၉လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၆၅၀၀၉

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ ၂ လမ်း၊ အမှတ် ၁၃၂ နေ ကျွန်ုပ်၏မိတ်ဆွေ ဦးလှရွှေ ၆/ဘပမ(နိုင်)၀၀၁၈၈၄ ၏ လွှဲအပ်ချက်အရ ဖော်ပြပါကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အောက်ပါတိုင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ "ရွှေမွန်"ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ မြန်မာ့ရိုးရာ မုန့်အမျိုးမျိုး၊ အချိုရည်အမျိုးမျိုးနှင့် စားသောက်ကုန်အမျိုးမျိုးတို့ကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး အဆိုပါကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၈၀၂၇/၂၀၁၆ ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အား မည်သူမဆို တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေရန် ပုံတူကူးယူ၍ဖြစ်စေ၊ တုပသုံးစွဲခြင်းမပြုရန် သတိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇင်ထွန်း L.L.B, D.B.L
အထက်တန်းရှေ့နေ (စဉ်-၃၃၅၈)
အမှတ် ၈၃၈၊ A-4၊ ကျောင်းကုန်း ၃ လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၁၂၆၅၄၆၊ ၀၉-၇၇၃၇၃၅၈၇၇

အိမ်ရှင်မြန်မာအသင်းပယ်နယ်တီ၌ ရှုံးနိမ့်ပြီးဗိုလ်လုပွဲနှင့်လွဲချော်

မန္တလေး ဩဂုတ် ၂

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများကို ယနေ့ ညနေပိုင်းက မန္တလာသီရိကွင်း၌ကျင်းပရာ လက်ရှိချန်ပီယံ ထိုင်း နှင့် ဗီယက်နမ်အသင်းတို့ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အိမ်ရှင်မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်၌ ရှုံးနိမ့်ပြီး ဗိုလ်လုပွဲနှင့်လွဲချော်ခဲ့ရသည်။ မြန်မာအသင်းသည် ပွဲအစပေးလိုက်ရသည့် နှစ်ဂိုးကြောင့် နောက်မှလိုက်ကစားခဲ့ရပြီး သုံးဂိုး-နှစ်ဂိုးဖြင့် ပြန်လည်ဦးဆောင်နိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် တစ်ယောက်အထုတ်ခံရပြီး ပယ်နယ်တီမှ ချေပဂိုး ပေးခဲ့ရခြင်း၊ ပယ်နယ်တီအဆုံးအဖြတ်တွင် ကံမကောင်းခဲ့ခြင်းကြောင့် မြန်မာအသင်း ဗိုလ်လုပွဲနှင့် လွဲခဲ့ရခြင်းဖြစ်သည်။

ပွဲအစပိုင်းတွင် မြန်မာအသင်း ကစားကွက်တည်မရသေးသည်ကို အခွင့်ကောင်းယူကာ ဗီယက်နမ်အသင်းက ၁၅၊ ၁၆ မိနစ်တို့တွင် နှစ်ဂိုးဆက်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၉ မိနစ်တွင် ဝင်းသိင်္ဂီထွန်းက ပထမချေပဂိုးပြန်သွင်းခဲ့သည်။ ချေပဂိုးရသွား၍မြန်မာအသင်း စိတ်ဓာတ်တက်သွားသလို ကွင်းလုံးပြည့်နီးပါး လာရောက်အားပေးသည့် ပရိသတ်များကြောင့် ကစားပုံပိုကောင်းလာကာ ၇၆ မိနစ်တွင် မေသူကျော်က ဒုတိယချေပဂိုးသွင်းယူခဲ့ပြီး ၉၁ မိနစ်တွင် ဝင်းသိင်္ဂီထွန်းက တတိယဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် လက်ကျန်မိနစ်ကိုထိန်းထားနိုင်ရန်လိုသော်လည်း ရီရီဦး နှစ်ဝါ တစ်နီဖြင့်အထုတ်ခံရသလို ၉၄ မိနစ်တွင် ပယ်နယ်တီပေးခံရပြီး ချေပဂိုးခွင့်ပြုခဲ့ရသည်။ မိနစ်၉၀ ပြည့်အပြီးတွင် မြန်မာပရိသတ်အချို့၏အလွန်အကြူးအားပေးမှုကြောင့်ပွဲကို ခေတ္တရပ်နားခဲ့ရပြီး အချိန်ပိုမိနစ် ၃၀ တွင်လည်း ဂိုးမသွင်းနိုင်၍ ပယ်နယ်တီဖြင့်ဆုံးဖြတ်ခဲ့ရသည်။ ပယ်နယ်တီကန်ရာတွင် ဗီယက်နမ်အသင်းက ငါးလုံးစလုံးဂိုးဝင်ပြီး မြန်မာအသင်းက လေးဂိုးသာဝင်သောကြောင့် ဗီယက်နမ်အသင်းက ပယ်နယ်တီငါးဂိုး-လေးဂိုးဖြင့် အနိုင်ရသွားခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်ပထမပွဲအဖြစ် ဩစတြေးလျယူ-၂၀ အသင်းနှင့် လက်ရှိချန်ပီယံ ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဩစတြေးလျအသင်းသည် ၁၁ မိနစ်တွင် ဂရေစ်မာရီသွင်းယူသည့် ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ခဲ့ပေ။ ထိုင်းအတွက် ချေပဂိုးကို ၂၉ မိနစ်တွင် ကန်ဂျာနာ၊ အနိုင်ဂိုးကို ၃၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် မိုဂျာရာတို့က သွင်းယူခဲ့သည်။

တတိယနေရာလုပွဲအဖြစ် ဩစတြေးလျယူ -၂၀ နှင့် အိမ်ရှင်မြန်မာ၊ ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဩဂုတ် ၄ ရက်တွင် မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်

ပညာရေးဝန်ကြီးဌာန
ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ
(ဆရာအတတ်ပညာကဏ္ဍ)

(၄-၈-၂၀၁၆ မှ ၅-၈-၂၀၁၆ အထိ)

အားကစားရွာ၊ Community Zone, Gold Camp ၊ နေပြည်တော်

ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်းအုပ်စု(ခ)၌ကျရောက်

ရန်ကုန် ဩဂုတ် ၂

မြန်မာနှင့်ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလား အုပ်စုမဲခွဲပွဲအခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ မြန်မာအသင်းသည် အုပ်စု(ခ) တွင် မလေးရှား၊ ဗီယက်နမ်၊ ခြေစစ်ပွဲအောင်အသင်းတို့နှင့် ကျရောက်လျက်ရှိသည်။

ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲကျင်းပနေစဉ်

၂၀၁၆ ဆူဇူကီးဖလား မဲခွဲပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံ ဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်တာဝန်ရှိသူများက အမှာစကား ပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲတွင် အသုံးပြုမည့်ဘောလုံးအား ပြသပြီး ဆူဇူကီးဖလားပြိုင်ပွဲ ခြေစစ်ပွဲနှင့် နောက်ဆုံးအဆင့် အုပ်စုများအား မဲနှိုက်ရေးဆွဲကြသည်။

၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲကို တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိသည့် ခုနစ်သင်း၊ ခြေစစ်ပွဲအောင်တစ်သင်းတို့ဖြင့်ကျင်းပမည်ဖြစ်ပြီး လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ဖိလစ်ပိုင်၊ လက်ရှိချန်ပီယံထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ အုပ်စု(ခ)တွင် မြန်မာ၊ မလေးရှား၊ ဗီယက်နမ်၊ ခြေစစ်ပွဲအောင်အသင်းတို့ ပါဝင်လျက်ရှိသည်။ အုပ်စု(က) ပွဲစဉ်များကို ဖိလစ်ပိုင်နိုင်ငံ၊ အုပ်စု(ခ)ပွဲစဉ်များကို မြန်မာနိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများကို သက်ဆိုင်ရာနိုင်ငံများတွင် ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် နှစ်ကျော့ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတစ်လျှောက်တွင် အောင်မြင်မှု ကြီးကြီးမားမားမရရှိသေးပေ။ ၂၀၀၄ ပြိုင်ပွဲတွင်သာ ဆီမီးဖိုင်နယ်သို့တက်ရောက်နိုင်ခဲ့ပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်မှထွက်ခဲ့ရသည်။ အုပ်စုပွဲများကို နိုဝင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်

EAC
တစ်ခါသုံးခွက်နှင့်အချိုရည်ဘူး အအေးကုန်ကြမ်းရောင်းဝယ်ရေး
76, ဗိုလ်ဥတ္တမလမ်း၊ 0973071901
09 5134987
09260425566, 01-2315072
ရေခဲမုန့် ၊ Snack ၊ ဖျော်ရည်၊ သစ်သီးယိုမုန့်ဖုတ်သင်တန်း
ဂျယ်လီ၊ငါးမုန့်၊ဆော့စ်မျိုးစုံ၊ အချိုရည်နှင့်ဆပ်ပြာထုတ်လုပ်သင်တန်း

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် ဦးရာလူရမည်

၁။ ပေ၄၀×ပေ၆၀ ၁၂ ကွက်စာ ခြံခတ်ပြီး
၀ ဒသမ၇၄ ဧက၊ ဂန္ဓမာလမ်း၊ အမှုထမ်းရပ်ကွက် သန်လျင်
၂။ အဆင့်မြင့် ပြင်ဆင်ပြီး လုံးချင်းတိုက်
အောင်ချမ်းသာ VIP ရပ်ကွက်၊ သန်လျင်
4 Air Con, 3BR ရေပူရေအေး
ရေချိုးခန်း၊ အိမ်သာဘိုထိုင် ၂၊ ကြွေပြားကပ်၊ ကားဂိုဒေါင်
ဖုန်း-၀၉-၅၄၀၆၁၇၇၊ ၀၉-၉၆၅၄၀၆၁၇၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၁၇၇၉၁ Honda Wave 125ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူဝင်း ၁၄/ပသန(နိုင်)၁၉၇၅၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ မိုင်းနောင်အထက်တန်းကျောင်းခွဲ တက္ကသိုလ်ဝင်တန်းမှ မလယ်လယ်အောင်၊ ပဉ္စမတန်းမှ မောင်အာခတ်၊ တတိယတန်းမှ မောင်ဖွဲမင်းခန့်တို့၏ဖခင်အမည်မှန်မှာ ဦးစိုင်းထွန်းဝင်း(ခ)ဦးသန်းထွန်း ဖြစ်ပါသည်။

ဦးစိုင်းထွန်းဝင်း(ခ)ဦးသန်းထွန်း ၁/မညန(နိုင်)၁၀၃၅၅၈

မိဘအမည်မှန်

အုတ်ဖိုမြို့၊ အထက တက္ကသိုလ်ဝင်တန်း(E)မှ မောင်သန့်ဇင်ထွန်း၏ မိဘအမည်မှန်မှာ ဦးသိန်း ၇/၀၃၂၈၃၉ နှင့် ဒေါ်မြကြီး ၇/အဖန(နိုင်)၀၃၂၅၇၄ ဖြစ်ပါကြောင်း။

ဦးသိန်း-ဒေါ်မြကြီး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/5030၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၁၆၃၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး

HYUNDAI Official Partner | UEFA EURO2016 FRANCE

HYUNDAI MOTOR မှ အရောင်းကိုယ်စားလှယ်များဖိတ်ခေါ်ခြင်း

Hyundai Motor ၏ မြန်မာနိုင်ငံတွင် တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိသော International KLM Group မှ Hyundai Motor အရောင်းကိုယ်စားလှယ်များ ရှာဖွေလျက်ရှိပါသည်။ Hyundai Motor သည် ကမ္ဘာ့အကြီးဆုံး မော်တော်ကားဈေးကွက်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် နံပါတ် (၅) နေရာမှ ရပ်တည်လျက်ရှိပြီး International KLM Co.,Ltd သည်လည်း မြန်မာနိုင်ငံတွင် ၃ နှစ်ဆက်တိုက် အောင်မြင်မှုရရှိလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ Hyundai Motor တွင် Product Line-up အပြည့်ဖြစ်သော Hatchback, Saloon, SUV, Mini Bus နှင့် Light Truck ကားများကို ရောင်းချလျက်ရှိပါသည်။

HYUNDAI MOTOR LINE-UP

OFFICIAL DEALER REQUIREMENT

အရောင်းကိုယ်စားလှယ် အဖြစ်လျှောက်ထားရန် လိုအပ်ချက်များ

- Brand New Car Dealer လုပ်ငန်းတွင်စိတ်ဝင်စားမှုရှိသူဖြစ်ရမည်။
- မော်တော်ကားလုပ်ငန်းတွင် အတွေ့အကြုံ ရှိသူ(သို့မဟုတ်) လုံလောက်သောမြေ/ အဆောက်အဦးရှိသူကိုဦးစားပေးမည်။

လျှောက်ထားနိုင်သည့် မြို့များ

- ပုသိမ် (ဧရာဝတီတိုင်း)
- နေပြည်တော်
- တောင်ကြီး၊ လားရှိုး (ရှမ်းပြည်နယ်)
- ပဲခူး (ပြည်)
- မွန် (မော်လမြိုင်)
- တနင်္သာရီ (ထားဝယ်)
- မကွေး

၃၁.၈.၂၀၁၆ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရန်နည်းလမ်းများ

- ဆွေးနွေးတိုင်ပင်ခြင်း နှင့် လျှောက်ထားခြင်း
- စိစစ်ရွေးချယ်ခြင်း
- အသိပေးကြေငြာခြင်း

အကျိုးခံစားခွင့်များ

ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်သည်မိမိ ဒေသအတွင်း Hyundai ကားများကို လွတ်လပ်စွာရောင်းချပိုင်ခွင့် ရရှိသည့် တစ်ဦးတည်းသော အရောင်းကိုယ်စားလှယ်ဖြစ်ပါသည်။

ဆက်သွယ်ရန်
ဒေါ် မေသွန္တာမိုး 09 2500 100 10
ဦးသွင်သီဟထွန်း (ကိုမိုး) 09 4210 795 71
ဦးကျော်မင်းလွင် 09 4217 427 18

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 Service Center : (01) 522 724
Mandalay : No.10, 40th Street, Between 78th & 79th Street, Maha Aung Myay Township, Mandalay, Myanmar.
Office : 09 2531 51970, 09 40 2591 885 Service Center : 09 4500 60009 (Mandalay Star)
www.hyundaimotor.com.mm
info@hyundaimotor.com.mm
www.facebook.com/hyundaimm

ပခုက္ကူမြို့နယ်အတွင်းဧရာဝတီမြစ်ရေဝင်ရောက်သည့်ကျေးရွာများသို့ ကူညီဆောင်ရွက်

ပခုက္ကူ ဩဂုတ် ၂

ပခုက္ကူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်သည့် ကျေးရွာများသို့ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့်အဖွဲ့သည် ဇူလိုင်လနောက်ဆုံးပတ်က ကယ်ဆယ်ရေးစက်လှေ နှစ်စင်းဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်၊ ရေအလှူတော်အဖွဲ့မှ ဦးဇာနည်ဘုန်းမော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဧရာဝတီမြစ်ရေဝင်ရောက်သည့် ကွန်းရွာအုပ်စု ချောက်ဦးသာကျေးရွာ၊ ကျွန်းပုလုကျေးရွာများသို့ စက်လှေနှစ်စင်းဖြင့် သွားရောက်ခဲ့ပြီး အဆိုပါ ကျေးရွာများမှ လူနှင့်တိရစ္ဆာန်များအား စက်လှေဖြင့် ကွန်းရွာကျေးရွာနှင့် ကျောစည်ကျေးရွာများသို့ ရွှေ့ပြောင်းနေမှုများကို ကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာနှစ်ရွာသို့ မြစ်ရေဝင်ရောက်သည့်အတွက် သောက်ရေ အခက်အခဲမရှိစေရန် တစ်လီတာဝင် ရေသန့်ဘူး ၇၂၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုဇော် (ခတု)

နာနတ်ပင်များအကြား မြေပဲသီးညှပ်စိုက်ပျိုးခြင်းဖြင့် တောင်သူများ နှစ်သီးစားဝင်ငွေရရှိ

သီပေါ ဩဂုတ် ၂

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဆောင်ကြဲ၊ နမ့်ပြင်၊ ကောင်းလန်းစသည့် ကျေးရွာများတွင် နာနတ်သီးများ လှိုင်လှိုင်ပေါ်နေပြီဖြစ်သဖြင့် စိုက်ပျိုးတောင်သူများ ဝင်ငွေရွှင်လျက်ရှိသည်။

ထိုသို့ နာနတ်သီးနှံရာသီတွင် စိုက်ပျိုးရေးနည်းပညာများ ဆွေးနွေးခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမိုးကျော်စွာဝင်းနှင့် အဖွဲ့က ဇူလိုင် ၂၇ ရက်တွင် ဆောင်ကြဲကျေးရွာအုပ်စုသို့ သွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံကာ နာနတ်သီးနှံ ပင်များကြား မြေပဲသီးညှပ်စိုက်ပျိုးခြင်းဖြင့် နာနတ်သီးအပြင် မြေပဲသီးနှံမှ ဝင်ငွေတိုးတက်ရရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် အဖွဲ့သည် ပန်မိတ်ကျေးရွာအုပ်စုအတွင်း တောင်သူများ စိုက်ပျိုးထားသည့် နာနတ်ပင်များကြား မြေပဲသီးညှပ်စိုက်ပျိုးမှုများနှင့်ငရုတ်သီးပါ စိုက်ပျိုးနိုင်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုကြပြီး သီးနှံများ ပိုးမွှားအန္တရာယ်ကျရောက်ခြင်း မရှိစေရေးအတွက် ပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲရေးဆိုင်ရာများကို ရှင်းလင်းပြောကြား၍ သီးနှံစံပြကွက်များတွင် လိုအပ်သော သွင်းအားစုများ ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ကနီမြို့တွင် ချင်းတွင်းမြစ်ရေဆက်လက်ဝင်ရောက်သဖြင့် နေအိမ်များပြောင်းရွှေ့ပေး

ကနီ ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ချင်းတွင်းမြစ်ရေသည် ဆက်လက်မြင့်တက်လျက်ရှိပြီး ဇူလိုင် ၃၁ ရက်တွင် ကနီမြို့၏ စိုးရိမ်ရေမှတ်အထက် ငါးပေကျော်ခန့် မြင့်တက်နေ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်မြင့်၊ မြို့နယ်စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သန္နီမီးသတ်တပ်ဖွဲ့ဝင်များသည် အမှတ်(၁)ရပ်ကွက်ရှိ ရေဝင်အိမ်များမှ ပစ္စည်းများ ပြောင်းရွှေ့ပေးမှုကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြစ်ရေဆက်လက်မြင့်တက်နေ၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မြို့နယ်သန္နီမီးသတ်တပ်ဖွဲ့ဝင်များက မြစ်ရေဆက်လက်တက်လာပါက ကြိုတင်ပြင်ဆင်၍ ရေလွတ်ရာကုန်းပိုင်းများတွင် အချိန်မီရွှေ့ပြောင်းနိုင်ရန် သဘာဝဘေး ကြိုတင်သတိပေးနှိုးဆော်မှုများနှင့် ရေကင်းများဖြင့် လှည့်လည်ခြင်းကို ဇူလိုင် ၃၁ ရက်မှ စတင်ဆောင်ရွက်ပေးနေပြီး ရေဝင်ရောက်သည့် ပြည်သူများကို မိမိတို့ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များက ဆက်သွယ်ပြီး ကူညီဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကနီမြို့ အခြေစိုက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးဦးစီးဌာန မြို့နယ်ဇလဗေဒစခန်းမှ တရားဝင်ထုတ်ပြန်ချက်အရ ဇူလိုင် ၃၁ ရက် ညနေ ၆ နာရီခွဲတွင် ကနီမြို့၏ ချင်းတွင်းမြစ်ရေမှာ ၁၂၉၂ စင်တီမီတာအထိ တက်ရောက်ခဲ့၍ ကနီမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာ အထက် ၁၆၂စင်တီမီတာ ငါးပေခန့်အထိရောက်ရှိနေပြီဖြစ်ကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒစခန်းတာဝန်ရှိသူထံမှ သိရသည်။

သန်းဌေးအောင်(ကနီ)

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

နောင်ချို ဩဂုတ် ၂

အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု လားရှိုး-နောင်ချို လှူပ်ရှားတပ်ဆွယ်နှင့်နောင်ချိုမြို့မရဲတပ်ဖွဲ့စခန်းတို့ ပူးပေါင်း၍ ဇွန် ၂၇ ရက်မှ ဇူလိုင် ၂၇ ရက်အထိ တစ်လအတွင်း ရက် ၁၀၀ စီမံချက်အတွင်း နောင်ချိုမြို့အရှေ့ဘက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ကြရာ မူးယစ်ဆေးဝါးကိုးမှု၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၅၈၅ ပြား၊ ဘိန်းဖြူမှုန့်၃၅၈ ဂရမ်၊ မော်တော်ယာဉ်လေးစီး၊ ဆိုင်ကယ်လေးစီး၊ တရားခံ အမျိုးသား ၁၂ ဦးအား ဖော်ထုတ်အမှုဖွင့်အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ကော်ပေါင်ကျေးရွာတွင် ဇူလိုင် ၂၉ ရက်က ကျည်ဆန်ထိမှန်၍ ကျောက်မဲမြို့ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသ နေသော မောင်အိုက်ငင်း ခြောက်နှစ်နှင့် ညီမဖြစ်သူ မအေးဆွေ သုံးနှစ်တို့နှစ်ဦးအား ဇူလိုင် ၃၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းခိုင်၊ မြို့နယ်စခန်းမှူး ဒုတိယ ရဲမှူး ဇော်နိုင်နှင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်မင်းမင်းတို့က ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီနှင့်အစားအသောက်များကို ကူညီထောက်ပံ့ပေးအပ်စဉ်
(ခရိုင် ပြန်/ဆက်)

မျိုးသန့်မျိုးပွားစိုက်ခင်းအောင်မြင်လျက်ရှိ

သရက်ချောင်း ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ညောင်ဇင်စံပြကျေးရွာ ကွင်းအမှတ်(၂၉၉)၊ ဦးပိုင်အမှတ် (၂၆) နေရာ၌ ကျော်ဇေယျ မျိုးသန့်မျိုးပွား စိုက်ခင်းအား ဇွန်လအစောပိုင်းက စိုက်ပျိုးထားရာ ယခုအချိန်တွင် အောင်မြင်နေပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျော်ဇေယျ မျိုးသန့်မျိုးပွား စိုက်ခင်းကို စိုက်ပျိုးနည်း ငါးမျိုးဖြင့် စိုက်ပျိုးထားခြင်းဖြစ်ကြောင်း ယင်းစိုက်နည်းများဖြစ်ကြသည့် အစေ့ချစိုက်နည်း၊ ပျိုးသက်နုစိုက်နည်း၊ GAP စိုက်နည်း၊ ကြဲခင်းစိုက်နည်းနှင့် တောင်သူစိုက်နည်းများဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။ ယခုလို ကျော်ဇေယျ မျိုးသန့်မျိုးပွားစိုက်ခင်း အောင်မြင်နေခြင်းအပေါ် မိမိတို့ ဌာနမှ ကျေးရွာနေ တောင်သူများအတွက် စံပြကွက်အဖြစ် ထိန်းသိမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ဝင်း(ပြန်/ဆက်)

ပြည်သူ့ကျန်းမာရေးအသိပညာပေးဟောပြော

ပြည် ဩဂုတ် ၂

ကွမ်းစားသုံးခြင်းနှင့်စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ စတုတ္ထပတ်က ပြည်မြို့နယ် ဝက်ထီးကန် အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်းဘုရင့်နောင်ခန်းမ၌ ကျင်းပရာ အဆိုပါရဲလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီးဒုတိယရဲမှူးကြီး မောင်ဝင်းနှင့်ဦးစီးအရာရှိများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ အဆိုပါဟောပြောပွဲတွင် ကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီး ဝက်ထီးကန်တိုက်နယ်ဆရာဝန် ဒေါက်တာနေဝင်းလှိုင်က ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းတို့၏ ဆိုးကျိုးများ၊ မြွေအန္တရာယ်၊ အရက်သောက်ခြင်း၏ ဆိုးကျိုးများနှင့် သွေးလွန်တုပ်ကွေးရောဂါ အကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မျိုးကျော်ကြီး(ပြန်/ဆက်)

မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး ကွင်းဆင်းကြည့်ရှု

မြင်းခြံ ဩဂုတ် ၂

မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအား စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို မြို့နယ်ဦးစီးမှူးနှင့် ဌာနမှဝန်ထမ်းများက ဇူလိုင်လ နောက်ဆုံးပတ်က ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြသည်။

မြင်းခြံမြို့နယ်ရှိ ကျေးရွာများအနက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးရွာငါးရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ ရွာအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ခုနစ်ရွာအား မိတ်ဆက်ရှင်းလင်းခြင်း၊ မြစိမ်းရောင်ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြစိမ်းရောင်စီမံကိန်းကျေးရွာခုနစ်ရွာအား ချေးငွေထုတ်ပေးမည့် အမည်စာရင်းများကို ကြော်ငြာသင်ပုန်းတွင် အနည်းဆုံး ခုနစ်ရက် ကြိုတင်ကြော်ငြာ၍ ကန့်ကွက်မည့်သူမရှိမှသာ ချေးငွေများ ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်းနှင့် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်သွားရန် ဌာနမှ တစ်ရွာချင်းအလိုက် ကွင်းဆင်းဆွေးနွေး ပြောကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ အတန်းလိုက် စားပွဲတင်တင်းနစ် ပြိုင်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အတန်းလိုက် စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၂ ရက်ထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က အမှာစကား ပြောကြားပြီး တတိယနှစ်နှင့် ပထမနှစ် အသင်းတို့ ယှဉ်ပြိုင်ကစားရာ အမျိုးသားပွဲစဉ်တွင် ပထမနှစ်အသင်းက တတိယနှစ်အသင်းကို အနိုင်ရရှိကာ အမျိုးသမီး ပွဲစဉ်တွင် တတိယနှစ်အသင်းက ပထမ နှစ်အသင်းကို အနိုင်ရရှိခဲ့သည်။

မေမိုးသဲ

မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေ့စဉ်သတင်းစာရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ် မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေ့မဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သခ်ါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

စည်သာလမ်း စခန်းချ

── ဆူးငှက် ──

ယခင်အပတ်မှအဆက်

တကယ်တော့ စည်သာလမ်းဇာတ်လမ်းကို ကျွန်တော့်အရင် ခံစားရင်ဖွင့်သူက ဆရာသိုက်ထွန်းသက်ဖြစ်သည်။ သူ၏ "ရွှေလျှားနံ့ရံ" ဆိုသည့်ဝတ္ထုတိုက စည်သာလမ်းပေါ်က ဇာတ်လမ်းဖြစ်၏။ စည်သာလမ်းမှာဘိုးစဉ်ဘောင်ဆက်နေ၊ စည်သာမှာမွေး၊ စည်သာလမ်းမှာကြီးပြင်းလာပြီး မြန်မာ့လူနေစရိုက်နှင့်အညီ နှစ်အိမ်တစ်အိမ်၊ တံခါးမရှိ၊ ဝင်းထရံမရှိ၊ အပိုင်းအခြားမရှိ၊ နယ်နိမိတ်မရှိနေထိုင်ခဲ့ကြသော အိမ်ထောင်စုလေးတွေဆီ အုတ်တံတိုင်းနံရံကြီးများ တဖြည်းဖြည်းရောက်လာကာ တစ်ယောက်တစ်နေရာစီ ဝေးလွင့်ကွဲကွာကြရပုံကို ရေးဖွဲ့ခဲ့ခြင်းဖြစ်ပါသည်။

သည်ဝတ္ထုတိုကလေးကို "ဝသုန္ဒရေလက်ရေး"ဟူသော ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် ပြန်လည်ဖော်ပြခဲ့သည်။ မန္တလေးတွင် ၁၉၈၄ ခုနှစ် မီးကြီးပြီးနောက်ပိုင်း ပြောင်းလဲလာသော မြို့ပြဖွဲ့စည်းမှုနှင့်ပေါက်ကွဲထွက်လာသော မြေယာပိုင်ဆိုင်မှု ပြဿနာများအပေါ် ကြိတ်မနိုင်ခဲမရ ပွင့်အံထွက်လာသည့် အနုပညာပစ္စည်းများကို စုစည်းထားသည့် ဝတ္ထုတိုပေါင်းချုပ်စာအုပ်လေးဖြစ်ပါသည်။ ထိုစာအုပ်လေးထွက်လာတော့ ဆွေးနွေးငြင်းခုံစရာတွေ ဂယက်ထလာသေး၏။ စာဖတ်ပရိသတ် အများစု အထူးသဖြင့် မန္တလေးစာဖတ်ပရိသတ်က လှိုက်လှိုက်လှဲလှဲကြိုဆိုအားပေးကြသည်။ သို့သော် မှတ်မိနေတာတစ်ခုကတော့ စေတနာမဟာဗျူဟာအပေါ် ဖော်ဆောင်သော တင်ပြမှု နည်းဗျူဟာများအပေါ် ကျွန်တော်တို့တစ်တွေ အားမရမိကြ...။ ထိုကိစ္စကို စည်သာလမ်းက ကျွန်တော့်မိတ်ဆွေနှင့်ကျွန်တော်စကားတွေ အများကြီးပြောဆိုမိကြပြီး အားမလိုအားမရဖြစ်မိခဲ့ကြတာ သေချာပါသည်။

ကျုံးနံဘေးက လက်ရွေးစင်ကဖေးမှာထိုင်ပြီး မိတ်ဆွေနှင့် ကျွန်တော်မှာ "ကျွန်တော်တို့ပြောစေချင်တာ ဒါမဟုတ်ဘူးဗျာ..." ဟု ခေါင်းတရမ်းရမ်း ညည်းတွားနေမိ၏။

ထိုအချိန်ထိုကာလက မန္တလေးမှာဝတ္ထုသမားတွေ မှိုတစ်ကျင်းလိုဖွေးခနဲပွင့်လာကြ၏။ သည်တုန်းက ကျွန်တော်တို့ကစာဖတ်သူ။

စည်သာလမ်းကမိတ်ဆွေနှင့် ကျွန်တော်ကဆန္ဒစောနေတာလည်းဖြစ်ပါသည်။ ကျွန်တော်တို့မှာ မန္တလေးသံယောဇဉ်ကြီးသူများပီပီ မန္တလေးကဆိုလျှင် အားလုံးကောင်းချင်နေကြ၏။ မန္တလေးက စာရေးဆရာများ၏ ဝတ္ထုတိုများဆိုလျှင် ဘက်နှစ်ဖက်မှာ ချွန်နေစေချင်သည်။ ထိုစဉ်က စကားလုံးနှင့်ဆိုလျှင်တော့ စံနှုန်းစံပေ့။ ဤသို့ဆန္ဒစောနေချိန် ကနဦး ဆယ့်နှစ်မျက်နှာနာရီစင် ဝတ္ထုတိုစု ထွက်လာ၏။ ကျွန်တော်တို့ ချဉ်ခြင်းမပြေခဲ့.... ဒုတိယ ဝသုန္ဒရေ လက်ရေးထွက်လာ၏။ ခေါင်းရမ်းမိသေးတော့....။

တကယ်တော့ မိတ်ဆွေသည် မန္တလေးကိုလွမ်းဆွတ်သည့် အကြောင်းအရင်းအချက်များတွင် ကျွန်တော်နှင့်သူ မန္တလေးနောက်ခံ စိတ်ကူးယဉ်ဝတ္ထုလေးတွေရေးခဲ့ကြခြင်းလည်း ပါဝင်သည်။ သူနှင့်ကျွန်တော်ရေးခဲ့သည့် စိတ်ကူးဝတ္ထုလေးတွေက ထိုစဉ်က ကျွန်တော်တို့အကြိုက် ချွန်မြစူးရှနေမှာပေ့။ သို့သော် အဘယ်မဂ္ဂဇင်းစာမျက်နှာကမျှ ဖော်ပြမှာမဟုတ်။ ထို့အတူ အနုပညာအား ပါးလျားစွာအတုံးအတစ်၊ အချွန်အတက်တွေဖြစ်နေမှာ သေချာသည်။

နောက်ပိုင်းကျွန်တော်ဝတ္ထုတိုလေးတွေရေးလာတော့ ကျွန်တော့်ဝတ္ထုလေးတွေအပေါ် သူ့မှုကို အပွန်းအပဲ့မခံဘဲ ဝေဖန်သည်။ ထိုအခါ တစ်ချိန်က သူနှင့်အတူ တစ်သဘောတည်းရှိခဲ့သော ကျွန်တော်သည် စာရေးသူတစ်ယောက်ဖြစ်လာသော အခါ ဟိုမျက်နှာသည်မျက်နှာ ဟိုဆင်ခြေ သည်ဆင်ခြေတွေနှင့် သူ့ဝေဖန်ချက်အချို့အား ငြင်းပယ်နေမိပါပကော.....။

သို့သော် မိတ်ဆွေသည် ယခင်ကလို မန္တလေးကိုအရောက်မစိပ်တော့။ သူ့မှာ ကိုယ်ပိုင်ကြက်ခြံတစ်ခြံ ထူထောင်ဖြစ်သောအခါ ကြက်ဆေး၊ ကြက်စာ၊ ကြက်ဥ၊ ကြက်သားပေါက်များနှင့် နပန်းလုံးနေရတော့၏။ သည်တော့လည်း ပုံမှန်ချိန်ကိုက် အလည်အပတ်ကိစ္စတွေ လျော့ရတော့တာပေ့ါ။ မတွေ့ဖြစ်တော့.....။

ဤသို့ဖြင့် လများပင်ရှည်ကြာခဲ့...။

တစ်ခါတစ်ရံလူမှုရေးကိစ္စများဖြင့် ပုသိမ်ကြီးမြို့ကလေးသို့ရောက်မှသာ မိတ်ဆွေ၏ ခြံကလေးဆီရောက်ဖြစ်တော့သည်။ ဤသို့ကြုံရဆုံရသော်လည်း ရှည်ရှည်ကြာကြာ စကားမပြောဖြစ်ခဲ့...။ ကြက်ခြံလေးဆီသွားကြည့်လိုက်၊ သပြေပင်ပေါက်ကလေးဆီ ရေလောင်းလိုက်နှင့်အလုပ်နှင့်ညှိ့ဝတ်ကို နှစ်ဖက်မျှတချိန်ဆက်နေရတာ တွေ့ရသည်။

ဤသို့ဖြင့် နှစ်လတစ်ခါပင်မတွေ့ဖြစ်တော့...။ လေးလတစ်ခါပင်မတွေ့ဖြစ်တော့။ သူနှင့်ကျွန်တော်မတွေ့ဖြစ်တော့သော ကာလရှည်တစ်စုမှာပင် မန္တလေးမှာပိုင်နိုင်စိတ်ချစွာ နေနိုင်ဖို့အခွင့်အရေးများ ကျွန်တော့်မှာနည်းပါးလာကြောင်း သူနှင့်ကျွန်တော်မပြောဖြစ်ခဲ့တော့...။ ကျွန်တော်ကသူ့ဆီမရောက်ဖြစ်သော်လည်း ခရီးကြုံ၍တစ်ခါတစ်ရံ သူကျွန်တော့်ဆီလာသောအခါများတွင် ဧည့်သည်များသောကျွန်တော်တို့ လက်ဖက်ရည်စားပွဲများမှာ ရင်ဖွင့်စကားများ နှစ်ဦးနှစ်ဖက် မပြောဖြစ်ကြ...။

ရင်ဖွင့်စကားဆိုလို့ စည်သာလမ်းကမိတ်ဆွေပြောဖြစ်သော စကားလေးတစ်ခုကို သတိရမိသေးသည်။ ကျွန်တော့်ဆီသူလာတိုင်း ကျွန်တော့်ဆီရောက်နှင့်နေသော ဧည့်သည်တစ်ယောက်ယောက်သည် သူတို့နှင့်ပတ်သက်သော ပြဿနာများကို ရင်ဖွင့်ပေါက်ကွဲနေကြသည်ချည်းတွေ့ရသည်။

တကယ်တော့ ကျွန်တော့်ဆီမိတ်ဆွေရောက်တိုင်း ရင်ဖွင့်နေတာက ကိုယ်ရေးကိုယ်တာ ပြဿနာတွေမဟုတ်...။ ကျွန်တော်တို့စာရေးဆရာတွေ"လူ"ပြဿနာများ ဖောက်သည်ချကြ ခြင်းဖြစ်သည်။ ကျွန်တော်စာလေးမတောက်မခေါက်စပြီးရေးခါစ...။ မိတ်ဆွေနှင့်အတွေ့ကျဲစဉ်... "မဂ္ဂဇင်းတွေ ဘာထူးသလဲဗျ" ဟု အမေးမှာ ထိုစဉ်က ခေတ်စားနေသော ကဗျာတပ်မှူးကြီးများကိစ္စကို မြိန်ရေရှက်ရေပြောမည်ဟု နိဒါန်းပျိုးစဉ်မှာ မိတ်ဆွေက "လူ ပြဿနာတွေ မပြောစမ်းပါနဲ့ဗျာ အချိန်တွေနမြောစရာ ကောင်းလှတယ်"ဟု ပြောဆိုဖူးပါ၏။ ယခုကျွန်တော်တို့စာရေးဆရာတွေ လူပြဿနာတွေနဲ့အချိန်ကုန်နေတာ မိတ်ဆွေသာ တိတိပပသိပါက ဘယ်လောက်စိတ်ပျက်လေမည်မသိ...။ ဆိုပါပြီကော စာဖတ်ပရိသတ်မှာက စိတ်ပျက်ပိုင်ခွင့် အပြည့်ရှိနေသည်...။

စာဖတ်ပရိသတ်စစ်စစ်သည် ဂျာနယ်လစ်တွေ ဖိတ်စာတွေလို မလို ပြဿနာ စိတ်ပျက်မှာ သေချာသည်။ စာရေးဆရာကြီးခေတ်ပုံဘယ်သူပိုင် မပိုင် စာမျက်နှာ ဖြုန်းတီးကြမှာကို စိတ်ပျက်မှာသေချာသည်။ တကယ့်စာဖတ်ပရိသတ်စစ်စစ်က လူပြဿနာတွေကို စိတ်ပျက်နေမှာပေ့ါ။ သို့သော် ကျွန်တော်ကိုယ်နှိုက်ကပည့်ညံ့ စာရေးဆရာတစ်ယောက်ဖြစ်နေသောအခါ ထိုလူပြဿနာများကို စာပေရေးရာများပမာ ရေးကြီးခွင်ကျယ်လုပ်ကာ အချိန်ယူမြိန်ရှက်နေမိတာလည်း သေချာပါသည်။

စည်သာလမ်းကမိတ်ဆွေနှင့် နှစ်ချီ၍ကြာမြင့်အောင်မတွေ့ဆုံဖြစ်ကြတော့ဘဲ ပြန်လည်ဆုံမယ့်ဆုံတော့ အံ့အားတသင့်ပင် ဖြစ်မိတော့၏။ အား...မမှတ်မိလောက်အောင်ပင် ပိန်ကျသွားပါကလား...။ ဆိုက်ကားတစ်စီးဖြင့် ရောက်လာကာ လူတွဲပါမှ ဖြည်းဖြည်းချင်းလမ်းလျှောက်နိုင်သည်။ မန္တလေးဆေးရုံကြီး ကျောက်ကပ်ဌာနမှာ ဆေးရုံတက်နေရတာတဲ့...။ ကျွန်တော်နေခဲ့ဖူးသောအိမ်က ဆေးရုံကြီးနှင့်နီးသော ကြောင့် ခဏတစ်ဖြုတ် အလည်လာတာပဲ...။ ကျွန်တော့်ဆီရောက်တော့ မောဟိုက်နေပြီး စကားတွေပင်ဖောင်လောက်အောင် မပြောလိုက်ရ...။ သို့သော် ကျွန်တော့် ကက်ဆက်ကလေးဖြင့် သီချင်းတွေနားထောင်သည်။ မဂ္ဂဇင်းတချို့ ဖတ်သည်။ ဤသို့ဖြင့် ဆေးရုံတက်သောကာလအတွင်း ကျွန်တော်က လူမမာဆီရောက်တာထက် လူမမာက ကျွန်တော့်ဆီ ဆိုက်ကားတစ်စီးဖြင့်အပျင်းပြေရောက်ရောက်လာတတ်၏။

နောက်ခွဲစိတ်ကုသ...။ နောက်ဆေးရုံကဆင်းသွား...။ ကျန်းမာသွားပြီဟုပဲ မှတ်ထင်ထားခဲ့သည်။ ကျွန်တော်လည်း ပုသိမ်ကြီးမြို့သို့မရောက်ဖြစ်...။ ပြောကြပါစို့... ဆေးရုံကဆင်းပြီး လပိုင်းမှာပင် သူဆုံးပါးသွားခဲ့ပါပြီ။

ဆုံးပြီဟုသိသိချင်းကြားရလို့လိုက်သွားတော့ သူ့ဇနီးသည်ကဆီးပြောသည်။

"သူကရှင့်ကိုသိပ်တွေ့ချင်တာ၊ ကျွန်မကိုသွားတောင်ခေါ်ခိုင်းတာ။ မန္တလေးအကြောင်း သိပ်ပြောချင် ကြားချင်လို့တဲ့လေ။ ကျွန်မလည်း ရှင်အလုပ်ရှုပ်နေမှာဆိုပြီး မခေါ်မိဘူး။ နောက်တော့ ရှင်မလာနိုင်တော့ မြို့မသီချင်းတိပ်ခွေတွေပဲ ဖွင့်ပေးပါဆိုလို့ သူ့အိပ်ရာဘေးမှာ တစ်ချိန်လုံးဖွင့်ပေးထားရတာ"

ကျွန်တော်သည် မမှတ်မိလောက်အောင် ချုံးကျသွားသော သူ့မျက်နှာကိုကြည့်ကာ ဆို့နင့်စွာဖြင့်.....

"ကျွန်တော့်ကို ခေါ်လိုက်ရောပေ့ါဗျာ။ ကျွန်တော်လည်း သူ့ကိုပြောစရာတွေ အများကြီးရှိတာပေ့ါ" ဟုသာပြောနိုင်တော့သည်။ ဤသို့ဖြင့် မန္တလေးမှာမွေးသော၊ မန္တလေးမှာကြီးပြင်းသော၊ မန္တလေးကိုနင့်နေအောင်ချစ်သော စည်သာလမ်းက မိတ်ဆွေသည် မန္တလေးနှင့် မလှမ်းမကမ်းမြို့ကလေးမှာပင် ခေါင်းချသွားခဲ့တော့သည်။

စည်သာလမ်းဇာတ်လမ်းမှာ ကျန်ရစ်ခဲ့သောကျွန်တော်သည် အဘယ်စက်ဘီးအုပ်ကြီးနှင့်အတူ မန္တလေးသို့ မနက်လင်းပြန်ဝင်၊ ညနေခင်း ပြန်ထွက်ရမည်ဆိုတာ မမှန်းဆနိုင်ပါပြီ။

ကံကောင်းလျှင်တော့ စည်သာလမ်းနှင့်ရေစက်ဆုံနိုင်သေးတာပေ့ါ။ ထိုအခါ မြို့ထဲအလာ စည်သာလမ်းပေါ်က ကိုသိုက်ထွန်းသက်အိမ်ဝင်နားနိုင်တာပေ့ါ။ ကိုသိုက်နှင့်အတူ တိမ်မိုးလွင်ကဖေးမှာထိုင်ကာ ဂျာနယ်တွေအကြောင်းပြောနိုင်တာပေ့ါ။

ကံကောင်းလျှင် မကြာခင်ကျင်းပတော့မည့် စည်သာလမ်းထိပ် အိုးဘိုရပ်က အိုးပုတ်ခိုးပွဲ နွှဲနိုင်သေးတာပေ့ါ။

ကံကောင်းလျှင် စည်သာလမ်းပေါ်က ရွှာစားစိန်တင်ဟန်အိမ်မှာ စာရေးဆရာနေမျိုးဆီ မြန်မာသစ်ဂျာနယ် ဝင်ယူနိုင်သေးတာပေ့ါ။ ကံကောင်းလျှင်....

("ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)

အထက်ဗမာပြည် စာရေးဆရာအသင်း ဂုဏ်ထူးဆောင်အသင်းသားကြီးများအား ဂါရဝပြု ဩဝါဒခံယူပွဲကျင်းပ

မန္တလေး ဩဂုတ် ၂

အထက်ဗမာပြည်စာရေးဆရာအသင်း ဂုဏ်ထူးဆောင်အသင်းသားကြီးများအား ဂါရဝပြုဩဝါဒခံယူပွဲအခမ်းအနားကို ဇူလိုင်လနောက်ဆုံးပတ်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ရွှေပြည်သာဟိုတယ်၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းပြန်လည်ဖွဲ့စည်းခြင်းနှင့် လက်ရှိအသင်းသားအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆရာသန်းနိုင်ဦးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထက်ဗမာပြည်စာရေးဆရာအသင်း ဂုဏ်ထူးဆောင်အသင်းသားကြီးများအား အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဂုဏ်ထူးဆောင်အသင်းသားကြီးများကိုယ်စား မောင်သစ်လွင်(လူထု)က ဆုံးမဩဝါဒစကားပြောကြားသည်။

ထို့နောက် အလှူရှင် ဦးမောင်ကို-ဒေါ်ရွှေဥ(ထာဝရကုမ္ပဏီ)မှ အထက်ဗမာပြည်စာရေး ဆရာအသင်းအား အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌဆရာ ဆူးငှက်ကလည်းကောင်း၊ မန္တလေးစာပေလူမှုကူညီရေးအသင်းအတွက် လှူဒါန်းငွေကျပ် သိန်း ၂၀ ကို ဆရာနောင်ရှုပကလည်းကောင်း၊ ဦးစောငြိမ်း-ဒေါ်မိုးမိုးဝေ(အောင်မြင်သူကုမ္ပဏီ)မှ အထက်ဗမာပြည်စာရေးဆရာအသင်းအား အလှူငွေကျပ်သိန်း ၅၀ ကို အသင်းဥက္ကဋ္ဌ ဆရာဆူးငှက်ကလည်းကောင်း၊ အလှူရှင်များ၏ လှူဒါန်းမှုများကို လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရက် ၁၀၀ အတွင်း ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်

သရက် ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့စည်ပင်သာယာရေးအဖွဲ့မှ ရက် ၁၀၀ စီမံချက်ကာလအလွန် ဒုတိယရက် ၁၀၀ လုပ်ငန်းဆောင်ရွက်မှုအဖြစ် အောင်လံမြို့(၁၀)လမ်း ကတ္တရာလမ်းနှင့်ပလက်ဖောင်းအကြား မြေသားနေရာတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၏ ပြီးစီးနေမှုအခြေအနေကို ဇူလိုင်လနောက်ဆုံးပတ်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့်အင်ဂျင်နီယာများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရက် ၁၀၀ ကာလအတွင်းကလည်း မြို့အဝင်/အထွက်လမ်းဘေးဝဲယာများတွင် စိန်ပန်းပင်များစိုက်ပျိုးခြင်း၊ ရွာထောင်ရပ်ကွက် ဆာပါချောင်း(တောင်)ကမ်းပါးပြိုကျမှုကို မြေထိန်းနံရံဆောင်ရွက်ခြင်း၊ အောင်လံ-ပြည်လမ်းမကြီးပေါ်ရှိ ရွှံ့နွံများ၊ နုန်းသဲများကို စက်ယန္တရားများဖြင့်ရှင်းလင်းခြင်း၊ ကုသိနာရုံ ချောင်းတံတားတိုးချဲ့ခြင်း၊ အောင်မာလာပန်းခြံလုပရေးအတွက် ပန်းအလှပင်များစိုက်ပျိုးခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ မြို့မဈေးနှင့် မြနန္ဒာဈေးလမ်းကွန်ကရစ်လမ်းခင်းခြင်း၊ မြို့ပတ်လမ်းမြေသားတာပေါင်ချဲ့အုပ်ရိုးစီ သံကူကွန်ကရစ်တံတားခင်းခြင်း၊ ဇေယျာဝတီ(၈)လမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ၁၆ လမ်းနှင့် ၁၇ လမ်းဘေးဝဲယာများမြေညှိခြင်း၊ ခတ္တာလမ်း မြေနီကျောက်ချောခင်းခြင်း၊ ဈေးတောင်ဘက်နှင့်ဈေးကြီးအတွင်း မျဉ်းဝါကျားရေးဆွဲရေး၊ ဈေးရောင်းသူများစနစ်တကျရှိစေရေးဆောင်ရွက်ခြင်း၊ ပုံကျဈေးသည်သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် အောင်လံမြို့သန့်ရှင်းသာယာလှပရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရက် ၁၀၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘပြည်သူရပ်မိရပ်ဖများ၊ ဌာဆိုင်ရာများနှင့် စည်ပင်ဝန်ထမ်းများပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေါက်ကလေး(သရက်)

မိုးကြိုးချည်မျှင်ရှည်ဝါစံပြကွက် တောင်သူပညာပေးကွင်းသရုပ်ပြ

ရမည်းသင်း ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရမည်းသင်းမြို့နယ် ကတင်ကျေးရွာ ပျော်ဘွယ်မြို့နယ် ထန်းတပင်ကျေးရွာတို့၌ မိုးကြိုးချည်မျှင်ရှည်ဝါ စံပြကွက်စိုက်ခင်းများနှင့် ငွေချည်-၆၊ ငွေချည်-၉၊ ရွှေတောင်-၈၊ ဝါမျိုးသန့်စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှုအခြေအနေ တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဇူလိုင်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အဆိုပါသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလင်းမြတ်က စိုက်ပျိုးခဲ့သော ဝါမျိုးများ၏ အားသာချက် အားနည်းချက်များနှင့် မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေး ဌာနမှစီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းညွှန့်နှင့် ဦးသက်နိုင်အေးတို့က တစ်ဧက ပိဿာ ၁၀၀၀ ထွက်ရှိ နိုင်ရန် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ရမည်းသင်းခရိုင်အတွင်း ချည်မျှင်ရှည်ဝါ နှစ်စဉ်စိုက်ဧက ၆၀၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး ယခုနှစ် မိုးကြိုးရာသီတွင် ဝါတစ်ပိဿာ ဈေးနှုန်း ငွေကျပ် ၁၁၀၀ မှ ၁၂၀၀ အထိ ဈေးကွက်ရှိနေပြီး အရည်အသွေးကောင်းမွန်သည့်အတွက် မန္တလေးတိုင်းဒေသကြီး၏ ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှုအတွက် အဓိက ခရိုင်တစ်ခုဖြစ်ပြီး ဝါစိုက်တောင်သူများအတွက် ဝင်ငွေအကျိုးအမြတ်ရရှိသည့် ဒေသတစ်ခု ဖြစ်သည့်အပြင် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ၊ မျိုးပွံ့ပိုးမှုများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

လားရှိုးမြို့မနယ်မြေရဲစခန်းမှ ပြည်သူ့အကျိုးပြု ဟောပြောပွဲကျင်းပ

လားရှိုး ဩဂုတ် ၂

လားရှိုးမြို့နယ်မြေရဲစခန်းမှ ရက် ၁၀၀ စီမံချက် ပြည်သူ့အကျိုးပြုဟောပြောပွဲကို ဇူလိုင်လ နောက်ဆုံးပတ်က လားရှိုးမြို့ ရပ်ကွက်(၁၂)ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းတင်ဦးစီးအဖွဲ့၊ နယ်မြေရဲစခန်းမှူး ရဲအုပ်နိုင်လင်း၊ နယ်ထိန်းခေါင်းဆောင်၊ နယ်မြေရဲကင်းမှူးတို့က မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှု ပညာပေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရပြီး တက်ရောက်လာသူများက သိသင့်သိထိုက်သည်များ မေးမြန်းရာ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

ဇူလိုင် ၃၀ ရက်က ပန်းတောင်းမြို့နယ် ထုံးဘိုနယ်မြေရဲစခန်းအပိုင် ထုံးဘိုမြို့ ခတ္တိယရပ်ကွက်အတွင်း ဧရာဝတီ မြစ်ရေလျှံတက်သဖြင့် ရဲအုပ် ထွန်းကြည်နှင့် တပ်ဖွဲ့ဝင်များက အိမ်ထောင်စုများအား ယာယီ ကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းရာတွင် ကူညီဆောင်ရွက်ပေးစဉ်

(မြန်မာ့အလင်း)

အဖိုးတန် မြေအောက်ရေသယံဇာတကို သားစဉ်မြေးဆက်သုံးနိုင်ဖို့ ဝိုင်းဝန်းထိန်းသိမ်းကြပါစို့

သန်းဇော်(ဆည်/ရေ)

ယူနက်စကိုအဖွဲ့ကြီး၏ ခန့်မှန်းတွက်ချက်မှုအရ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်၌ ရေမလုံလောက်သည့် အခက်အခဲ ပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည့် လူဦးရေပေါင်းမှာ သန်း ၅၀၀ ခန့်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်တွင် လူဦးရေ သန်းပေါင်း ၂၈၀၀ ခန့်နှင့် ၂၀၅၀ ခုနှစ်တွင် သန်းပေါင်း ၄၀၀၀ ခန့်အထိ ရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာ့လူဦးရေ တိုးပွားလာမှုတို့ကြောင့် ဖြစ်ပေါ်လာမည့် ရေလိုအပ်ချက်တိုးတက်လာမှုကို ကူညီဖြေရှင်းပေးရန်နည်းလမ်းမှာ မြေအောက်ရေကို စနစ်တကျ ထုတ်ယူသုံးစွဲခြင်းပင် ဖြစ်ပေသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ မြေအောက်ရေဌာနခွဲအနေဖြင့် မြေအောက်ရေ အလားအလာကောင်းသော နေရာများတွင် မြေအောက်ရေကို ဖော်ထုတ်သုံးစွဲ၍ စိုက်ပျိုးရေ ပေးဝေရန်နှင့် သောက်သုံးရေရှားပါးသော နေရာဒေသများတွင် ဒေသခံပြည်သူများ၏ လိုအပ်ချက်အပေါ် မူတည်ပြီး နိုင်ငံတော်၏ ရန်ပုံငွေကျခံမှုအပြင် ပုဂ္ဂလိကနှင့် အဖွဲ့အစည်းအလှူရှင်များ၏ ကုန်ကျစရိတ်များဖြင့်လည်း မြေအောက်ရေ စက်ရေတွင်းနက်များ တူးဖော်၍ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါသည်။

စာရေးသူသည် ဂျာမနီနိုင်ငံ Federal Institute for Geosciences and Natural Resources-BGR,Germany နှင့် Coordinating Committie for Geoscience Programme in East and Southeast Asia တို့က ကြီးမှူး၍ ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကန်သိုမြို့၌ ယခုနှစ် ဇန်နဝါရီလအတွင်းက ကျင်းပခဲ့သော အရှေ့နှင့် အရှေ့တောင်အာရှဒေသ ကမ်းရိုးတန်းဇုန်များ၏ မြေအောက်ရေဆိုင်ရာ စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ (Integrated Water Resources Management in Coastal Zones with a focus on Groundwater Experiences in East and Southeast Asia Countries) သို့ တက်ရောက်ခဲ့ပါသည်။

ထို့အတူ ကိုရီးယားနိုင်ငံ Korea Institute of Geoscience and Mineral Resources(KIGAM)၊ ယူနက်စကို(ဘန်ကောက်)နှင့် ကမ္ဘောဒီးယားနိုင်ငံ Ministry of Mines and Energy တို့ ကြီးမှူး၍ ကမ္ဘောဒီးယား နိုင်ငံ စီဟာနော့ဗီလီမြို့၌ ဇွန်လအတွင်းက ကျင်းပခဲ့သော မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများတွင် ရာသီဥတုပြောင်းလဲမှု ကြောင့် မြေအောက်ရေအရင်းအမြစ်အပေါ် အကျိုးသက် ရောက်မှု အလုပ်ရုံဆွေးနွေးပွဲ (Climate Change and Groundwater Resources in the Mekong River Basin) သို့လည်း တက်ရောက်ခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိလာသည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ယခု ဆောင်းပါးကို ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

ဆွေးနွေးပွဲတက်ရောက်သော ဗန်ကောက်မြို့အခြေစိုက် ယူနက်စကိုရုံးခွဲမှ ကိုယ်စားလှယ် Dr. Ramasamy Jayakumar က ရေသည် လူသားတို့ အသက်ရှင်ရပ်တည်ရေးအတွက် အဓိကကျသော လိုအပ်ချက်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် မြေပေါ်၊ မြေအောက် ရေသယံဇာတ စုစုပေါင်းပမာဏသည် ၁၅၀ လီတာဝင် ပုံးတစ်ပုံးဟု စိတ်ကူးကြည့်မည်ဆိုပါက ပင်လယ်ရေငန် ပမာဏမှာ ၁၄၆ လီတာခန့်ရှိပြီး ကုန်းတွင်းပိုင်း တိုက်ကြီးများတွင်ရှိသော ရေချိုပမာဏမှာ လေးလီတာခန့်သာရှိမည်ဖြစ်ကြောင်း၊ အဆိုပါ ရေချိုပမာဏ ၄ လီတာတွင်လည်း သုံးလီတာခန့်မှာ ရေခဲတောင်များနှင့် ဝင်ရိုးစွန်းဒေသ ရေခဲပြင်များ၌ အေးခဲနေပြီး စီးဆင်းနေသည့် မြေပေါ်ရေနှင့် မြေအောက်ရေအဖြစ် သိုလှောင်တည်ရှိနေသည့် ပမာဏမှာ တစ်လီတာခန့်သာရှိကြောင်း၊ အဆိုပါ ထုတ်ယူသုံးစွဲနိုင်သည့် ရေချို တစ်လီတာ၏ ၉၉ ရာခိုင်နှုန်းမှာ မြေအောက်ရေအဖြစ် တွေ့ရှိရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့ကြောင့် လူသားတို့အတွက် အရေးပါသော မြေအောက်ရေအရင်းအမြစ်များကို ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်မှာ အရေးပါလှကြောင်း ဆွေးနွေးခဲ့သည်။

ယူနက်စကိုအဖွဲ့ကြီး၏ ခန့်မှန်းတွက်ချက်မှုအရ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်၌ ရေမလုံလောက်သည့် အခက်အခဲ ပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည့် လူဦးရေပေါင်းမှာ သန်း ၅၀၀ ခန့်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်တွင် လူဦးရေ သန်းပေါင်း ၂၈၀၀ ခန့်နှင့် ၂၀၅၀ ခုနှစ်တွင် သန်းပေါင်း ၄၀၀၀ ခန့်အထိ ရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာ့လူဦးရေ တိုးပွားလာမှုတို့ကြောင့် ဖြစ်ပေါ်လာမည့် ရေလိုအပ်ချက်တိုးတက်လာမှုကို ကူညီဖြေရှင်းပေးရန် နည်းလမ်းမှာ မြေအောက်ရေကို စနစ်တကျ ထုတ်ယူသုံးစွဲခြင်းပင် ဖြစ်ပေသည်။

ယနေ့ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော နိုင်ငံအများစုသည် မြေအောက်ရေတွင်းများ တူးဖော်ပြီး ရေလိုအပ်ချက်အပေါ် မူတည်၍ ထုတ်ယူသုံးစွဲမှုများကိုသာ ဦးစားပေး ဆောင်ရွက်နေကြပြီး မြေအောက်ရေသယံဇာတကို ရေရှည် သားစဉ်မြေးဆက် ထုတ်ယူသုံးစွဲနိုင်အောင် အစီအမံများ ချမှတ်ဆောင်ရွက်ရာတွင် အားနည်းနေကြောင်း တွေ့ရှိရမည် ဖြစ်သည်။

မြေအောက်ရေ သယံဇာတကို ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်နေစေရေးအတွက် လိုအပ်သော သယံဇာတအရင်းအမြစ် တည်ရှိမှုပမာဏ ခန့်မှန်းတွက်ချက်မှုများ ဆောင်ရွက်ရန်မှာလည်း လက်တွေ့တွင် စိန်ခေါ်မှုများ ရှိနေပါသည်။ ဥပမာအားဖြင့် မြေအောက်ရေ သိုလှောင်နိုင်မှု/ပြန်လည်ဖြည့်တင်းနိုင်မှုသည် ရာသီဥတု ပြောင်းလဲမှုနှင့် ဆက်စပ်နေခြင်း၊ မြေအောက်ရေသည် မြေအောက်တွင်ပုန်းကွယ်နေသော သယံဇာတအရင်းအမြစ်(Hidden Resource)ဖြစ်ခြင်းကြောင့် တိကျစွာ ကြိုတင်ခန့်မှန်းရန် ခက်ခဲခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် မြေအောက်ရေဆိုင်ရာ စူးစမ်းလေ့လာ သုတေသနပြုထားသည့် အချက်အလက်များ နည်းပါးခြင်းနှင့် လူသားတို့၏ လိုအင်များကြောင့် မြေအောက်ရေ သယံဇာတအပေါ် ထိခိုက်မှုများ ပိုမိုလွယ်ကူစွာ အကျိုးသက်ရောက်နိုင်ခြင်းတို့ကြောင့် မြေအောက်ရေ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများ၊ ဥပဒေများ ပြဋ္ဌာန်း၍ ထိန်းချုပ်ဆောင်ရွက်သွားရန် လိုအပ်လှပါသည်။

အိန္ဒိယနိုင်ငံ၏ အထင်ကရ သူရဲကောင်းတစ်ဦးဖြစ်သည့် မဟတ္တမဂန္ဒီက ကမ္ဘာပေါ်တွင် လူသားတို့ အသက်ရှင်ရပ်တည်ရေး လိုအပ်ချက်အတွက် သဘာဝအရင်းအမြစ်များလုံလောက်စွာရှိသော်လည်း လူသားတို့၏ အဆင်အခြင်မဲ့ လိုအင်များအတွက် မလုံလောက်ပါ(There is a sufficiency in the world for man's need, but not for man's greed) ဟု အဆိုတစ်ခုကို မိန့်ကြားခဲ့ဖူးကြောင်း Dr. Ramasamy Jayakumar က အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးခဲ့ပါသေးသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ San Joaquin Valley တွင် စိုက်ပျိုးရေးအတွက် မြေအောက်ရေ အလွန်အကျွံထုတ်ယူမှုကြောင့် ၅၂ နှစ်ကြာအချိန်အတွင်း မြေမျက်နှာပြင် ၉ မီတာခန့် နိမ့်ကျသွားပုံ

မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။ မဲခေါင်ဒေသတွင်းနိုင်ငံများရှိ မြေအောက်ရေအရင်းအမြစ်များ၏ လက်ရှိအခြေအနေများကို သက်ဆိုင်ရာနိုင်ငံများမှ ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် အခြေခံ၍ Korea Institute of Geoscience and Mineral Resources ၏ ကိုယ်စားလှယ် Dr.Kyoochul Ha က သုတေသနပြုထားမှုများကို စုစည်းတင်ပြရာတွင် လက်ရှိ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ တွေ့ကြုံနေရသော ပြဿနာ အခက်အခဲများမှာ

(က) ရေလိုအပ်ချက် များလာခြင်းကြောင့် ရေလုံလောက်စွာ ပေးဝေနိုင်မှုမရှိခြင်း(Water Supply)

(ခ) မြေအောက်ရေသယံဇာတကို ချင့်ချိန်တွက်ဆမှု မရှိဘဲ ပိုမိုထုတ်ယူခြင်းနှင့် စက်မှုလုပ်ငန်းသုံး စွန့်ပစ်ရေများ၊ အခြားအညစ်အကြေးများကြောင့် မြေအောက်ရေသိုလှောင်နိုင်မှုနှင့် ရေအရည်အသွေး ယိုယွင်းပြုန်းတီးလာခြင်း (Groundwater Depletion)

(ဂ) မြေအောက်ရေ အလွန်အကျွံ ထုတ်ယူမှုကြောင့် မြေမျက်နှာပြင် နိမ့်ကျလာခြင်း(Land Subsidence)

(ဃ) ပင်လယ်ကမ်းစပ် မြေအောက်ရေအောင်းလွှာများတွင် ရေငန်များ တိုးဝင်လာခြင်း(Saltwater Intrusion)နှင့်

(င) မြေအောက်ရေ အရည်အသွေးဆိုင်ရာပြဿနာများ (Groundwater Quality)တို့ ဖြစ်သည်။

အဆိုပါ ပြဿနာနှင့် အခက်အခဲများကို ဖြေရှင်းရန် နည်းလမ်းများအနေဖြင့်

(က) ရေပေးဝေရေးလုပ်ငန်းများနှင့် ရေချွေတာသုံးစွဲရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်ခြင်း (Water Supply)

San Joaquin Valley တွင် မြေအောက်ရေ အလွန်အကျွံ ထုတ်ယူမှုကြောင့် ၁၉၆၅ မှ ၂၀၁၃ ခုနှစ်အထိ ၄၈ နှစ်အတွင်း မြေမျက်နှာပြင် ခုနစ်ပေခန့် ထပ်မံနိမ့်ကျမှုကို သရုပ်ပြပုံ

(ခ) မြေအောက်ရေ ပြန်လည်ဖြည့်တင်းပေးနိုင်မည့်နေရာများ တည်ထောင်ပေးခြင်း(Artificial Groundwater Recharge)

(ဂ) မြေအောက်ရေတစ်ခုတည်းအပေါ် မှီတည်မနေဘဲ မြေပေါ်ရေအရင်းအမြစ် ရရှိနိုင်ပါက ပေါင်းစပ်အသုံးပြုခြင်း (Integrated Surface Water and Groundwater Use)

(ဃ) ရေကို ပြုပြင်၍ အသုံးပြုခြင်းနှင့် အငန်ဓာတ်ပါဝင်မှု လျှော့ချပေးခြင်း (Reclaimed Water Use and Desalinization)

(င) ရေကိုသန့်စင်၍ အသုံးပြုခြင်း(Water Treatment)နှင့်

(စ) လိုအပ်သော မြေအောက်ရေဆိုင်ရာ အစီအမံများ၊ မူဝါဒများ၊ ဥပဒေများ ချမှတ်ဆောင်ရွက်ခြင်း (Management and Regulation)တို့ဖြစ်ပါသည်။

အထက်ဖော်ပြပါ နည်းလမ်းများဖြင့် ဖြေရှင်းနိုင်ရန်အတွက် အောက်ပါ အခြေခံအဆောက်အအုံများ (Infrastructures) မှာလည်း အရေးကြီးကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) မြေအောက်ရေအခြေအနေပြ ဇလဘူမိဗေဒ မြေပုံများ ရေးဆွဲခြင်း (Hydrogeological Mapping)

(ခ) မြေအောက်ရေဆိုင်ရာ စောင့်ကြည့်လေ့လာရေး ကွန်ရက်များ ထူထောင်ပြီး အချက်အလက်များ ကောက်ယူဆန်းစစ်ခြင်း (Groundwater Monitoring Network)

(ဂ) မြေအောက်ရေဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒများ ချမှတ်ခြင်း (Planning and Policy)

(ဃ) လက်တွေ့လုပ်ဆောင်နေသော ဘာသာရပ်ဆိုင်ရာ ဝန်ထမ်း/ပုဂ္ဂိုလ်များအား အရည်အသွေးမြှင့်တင်ပေးခြင်း(Capacity Building) စသည့် လုပ်ငန်းများ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ မြေအောက်ရေဆိုင်ရာ စောင့်ကြည့်လေ့လာရေးစခန်းများ တည်ဆောက်ခြင်း(Construction of Groundwater Monitoring Stations)၊ မြေအောက်ရေအခြေအနေပြ ဇလဘူမိဗေဒမြေပုံများ ရေးဆွဲခြင်း(Hydrogeological Mapping)၊ မြေအောက်ရေဆိုင်ရာ ပညာရှင်များကို အရည်အသွေး မြှင့်တင်ပေးခြင်းနှင့် ထပ်မံမွေးထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ခြင်း (Capacity Building and Human Resources)၊ မြေအောက်ရေ စူးစမ်းလေ့လာတိုင်းတာရေးနှင့် မြေအောက်ရေ ဖော်ထုတ်အသုံးပြုနိုင်မည့် ခေတ်မီစက်ကိရိယာများ ဖြည့်တင်းပေးခြင်းနှင့် မြေအောက်ရေ အလွန်အကျွံ ထုတ်ယူသုံးစွဲနေမှုများကို ထိန်းချုပ်နိုင်ရန် မြေအောက်ရေဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေး စီမံဆောင်ရွက်ခြင်းတို့ လိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် မြေပေါ်/မြေအောက် ရေသယံဇာတ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း မြေအောက်ရေသယံဇာတကို ရေရှည် သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် အချိန်မနှောင်းမီ လိုအပ်သော အစီအမံများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်လျက်ရှိနေပါကြောင်းနှင့် မြေအောက်ရေနှင့် ပါဝင်ပတ်သက် ဆက်နွှယ်ဆောင်ရွက်နေရသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ရေကို နေ့စဉ်သုံးစွဲနေကြရသည့် ပြည်သူများအနေဖြင့်လည်း မြေအောက်ရေသယံဇာတကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ ရေးသားဖော်ပြအပ်ပါသည်။ ။

စဉ့်ကူးမြို့တာရိုး ရေဝတီမြစ်ရေ တိုက်စား၍ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်

စဉ့်ကူး ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့ရှိ တိုးချဲ့ကွက်သစ်ကို ကာရံထားသော မြို့တာရိုးသည် ဧရာဝတီမြစ်ရေတိုက်စား၍ ဌာနဆိုင်ရာရုံးများ၊ လူနေအိမ်များ၊ စည်ပင်သာယာဈေးနှင့်ဆေးရုံတို့မှ ရေများဝင်ရောက်ခဲ့ခြင်းကို ယခင်နှစ်များက ဖြစ်ပွားခဲ့သောကြောင့် ယခုအခါတွင် ဧရာဝတီမြစ်ရေချိုးဖောက်၍အလွယ်တကူ မဝင်ရောက်နိုင်စေရန် ကြိုတင်ပြင်ဆင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့တာရိုးတစ်လျှောက်အား ယခင်ထက်ပိုမိုပြီးခိုင်မာစေရန်အတွက် သဲအိတ်များ၊ ကျောက်ခဲများဖြင့် ထပ်မံဝန်းရံခြင်းလုပ်ငန်းများကို ဇူလိုင်လနောက်ဆုံးပတ်မှစပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ မြို့တာရိုးကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိုလံပစ် အဖွင့်ပွဲစဉ်မှာ ဘရာဇီးတို့နိုင်ပွဲ ပုံဖော်နိုင်ပါ့မလား

မိုးမြင့်လင်းလက်

ဘရာဇီးနိုင်ငံမှာ ကျင်းပတော့မယ့် ၂၀၁၆ အိုလံပစ်ပြိုင်ပွဲရဲ့ အမျိုးသားဘောလုံးပွဲစဉ် အုပ်စုပွဲတွေကို ဩဂုတ် ၄ ရက်နဲ့ ၅ ရက်တွေမှာ စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ နာမည်ကြီး ထိပ်တန်းအသင်းတွေ ပါဝင်နေတာမို့ ပရိသတ်အကြိုက်ပွဲတွေအဖြစ် မြင်တွေ့ရပါဦးမယ်။ ဘရာဇီး၊ အာဂျင်တီးနား၊ ဂျာမနီနဲ့ ယူရို ၂၀၁၆ ချန်ပီယံ ပေါ်တူဂီတို့ရဲ့ ခြေစွမ်းတွေကို အကဲဖြတ်ရဦးမှာမို့ ရင်ခုန်စရာကောင်းနေဦးမှာ ဖြစ်ပါတယ်။

ဘရာဇီးနှင့် တောင်အာဖရိက

ပြီးခဲ့တဲ့မတ်လက ဒိန်းနစ်သင်း ခြေစမ်းပွဲ တွေ့ဆုံရာမှာတော့ ဘရာဇီးက သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ဘရာဇီးအသင်းဟာ တစ်ဦးချင်းရော၊ အသင်းလိုက်ပါ တောင် အာဖရိကထက် ခြေစွမ်းသာလွန်နေတာမို့ အခုပွဲမှာလည်း အိမ်ရှင်တို့ပဲ အသာစီးရအောင် စွမ်းဆောင်သွားပါလိမ့်မယ်။ တိုက်စစ်မှာ နေမာ၊ ဂါဘရီရယ်တို့ ဦးဆောင်ပြီး ကွင်းလယ်မှာ ဖိလစ်ပီ၊ အန်ဒါဆန်တို့ ပါဝင်မှာမို့ ဘရာဇီးဟာ တောင်အာဖရိကကို သက်သက်သာသာ ကစားပြီး နိုင်ပွဲရသွားပါလိမ့်မယ်။

ပေါ်တူဂီနှင့် အာဂျင်တီးနား

အုပ်စု(D)မှာ ပါဝင်နေတဲ့ ပေါ်တူဂီဟာ အုပ်စုအတွင်းမှာ အင်အားအကြီးဆုံးဖြစ်တဲ့ အာဂျင်တီးနားနဲ့ ပွဲဦးထွက် ဆုံတွေ့ရခြင်းပါပဲ။ ပေါ်တူဂီရဲ့ လက်ရှိခြေစွမ်းကိုကြည့်ရင် နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဖြစ်တဲ့ ဂျပန်၊ ပါရာဂွေးနဲ့ ချက်အသင်းတွေကို ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အာဂျင်တီးနားတို့ကတော့ လတ်တလော ကစားခဲ့တဲ့ သုံးပွဲမှာ အီတလီ၊ ပါရာဂွေးနဲ့ မက္ကဆီကိုတို့ကို ရှုံးပွဲမရှိခဲ့ပါဘူး။ အိုလံပစ်သမိုင်းမှာ အာဂျင်တီးနားတို့က ၂၀၀၄ နဲ့ ၂၀၀၈ တွေမှာ ချန်ပီယံဖြစ်ခဲ့တာမို့ သမိုင်းအစဉ်အလာ ရှိတဲ့အတွက် ပေါ်တူဂီတို့ ခက်ခဲပါလိမ့်မယ်။ ခြေစစ်ပွဲအောင်ဖို့ အစွမ်းကုန်ကြိုးစားခဲ့ရတဲ့ ပေါ်တူဂီတို့ ဒီပွဲမှာ နိုင်ပွဲရဖို့ ခဲယဉ်းပါလိမ့်မယ်။

မက္ကဆီကိုနှင့် ဂျာမနီ

အုပ်စု(C)ရဲ့ အဖွင့်ပွဲစဉ်မှာတော့ ဂျာမနီတို့ ခြေကုန်ထုတ်ရမယ့် အခြေအနေပါပဲ။ ပြီးခဲ့တဲ့ရက်တွေက ကစားခဲ့တဲ့ မက္ကဆီကိုရဲ့ ခြေစမ်းပွဲတွေကိုကြည့်ရင် ဘူလ်ဂေးရီးယားကို တစ်ဂိုး-ဂိုးမရှိနိုင်ပြီး နိုင်ဂျီးရီးယားကိုလည်း တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားခဲ့ပါတယ်။ မက္ကဆီကိုရဲ့ ခြေစွမ်းကတည်ငြိမ်ပြီး ကစားသမားတွေရဲ့ တစ်ဦးချင်းအားထုတ်မှုက ကောင်းနေပါတယ်။ ဂျာမနီတို့ကလည်း လူငယ်ကစားသမားတွေနဲ့ စနစ်တကျ စုဖွဲ့ထားတာမို့ ဒီပွဲမှာ အနိုင်ရရေး စုစုစည်းစည်းနဲ့ အားထုတ်ပါလိမ့်မယ်။ ဒီပွဲရဲ့ အဖြစ်နိုင်ဆုံးရလဒ်က သရေပါပဲ။

ဆွီဒင်နှင့် ကိုလံဘီယာ

အုပ်စု(B)က ဆွီဒင်တို့ အဖွင့်ပွဲစဉ်မှာ ကိုလံဘီယာအသင်းနဲ့ တွေ့တာ ကံမကောင်းခြင်းပါပဲ။ ဆွီဒင်တို့ရဲ့ လက်ရှိခြေစွမ်းက ကောင်းမွန်နေပြီး မော်ရိုကိုအသင်းကို လေးဂိုးပြတ်နိုင်ကာ တောင်ကိုရီးယားကိုတော့ တစ်ဂိုးစီ သရေပွဲဖြစ်ထားပါတယ်။ ဩစတြေးလျအသင်းကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ ကိုလံဘီယာတို့ကတော့ မက္ကဆီကိုအသင်းကို ဂိုးမရှိ သရေ၊ အမေရိကန်အသင်းကို တစ်ဂိုးစီသရေကစားပြီး နောက်ဆုံး ရှုံးထွက်ပွဲမှာ အမေရိကန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရအောင် ကစားနိုင်ခဲ့ပါတယ်။ အသင်းလိုက်ရော တိုက်စစ်ပိုင်းမှာပါ သာလွန်တဲ့ ကိုလံဘီယာတို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

နိုင်ဂျီးရီးယားနှင့် ဂျပန်

အုပ်စု(B)မှာ နိုင်ဂျီးရီးယားရော ဂျပန်တို့ပါ အိုလံပစ်မှတ်တမ်းကောင်းရရှိထားတဲ့ အသင်းတွေဖြစ်ပါတယ်။ ဂျပန်အသင်းရဲ့ လောလောဆယ်ခြေစွမ်းကိုကြည့်ရင် အင်္ဂလန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားပြီး ကျန်တစ်ပွဲကတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ထားခဲ့ပါတယ်။ လက်ရှိအချိန်မှာ နှစ်သင်းစလုံး ခြေစွမ်းပိုင်းတူညီနေတာမို့ အကြိတ်အနယ်ရှိလာမယ့်ပွဲပါပဲ။ ဒီပွဲမှာ ဂျပန်တို့ အခြေအနေကောင်းသွားနိုင်ပါတယ်။ ။

အဲဗာတန်တိုက်စစ်မှူး လူကာကူကို ခေါ်ယူဖို့ မျှော်လင့်နေတဲ့ ချယ်လ်ဆီး

အဲဗာတန် တိုက်စစ်မှူး လူကာကူကို ချယ်လ်ဆီးက ပေါင်သန်း ၆၀ နဲ့ ခေါ်ယူဖို့ မျှော်လင့်နေတယ်လို့ ဆိုပါတယ်။ အဲဗာတန်ကတော့ တိုက်စစ်မှူး လူကာကူရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၇၅ သန်းအထိ ရရှိဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ သို့သော်လည်း ချယ်လ်ဆီးက ခေါ်ယူနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ချယ်လ်ဆီးက ဘယ်လ်ဂျီယံ တိုက်စစ်မှူး လူကာကူကို လွန်ခဲ့တဲ့ နှစ်ရာသီက အဲဗာတန်ကို ပေါင် ၂၈ သန်းနဲ့ ရောင်းချခဲ့တာပါ။

အဲဗာတန်မှာ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူး လူကာကူကို ပြန်လည်ခေါ်ယူဖို့ ချယ်လ်ဆီးအနေနဲ့ မျှော်လင့်နေတာပါ။ ချယ်လ်ဆီးနည်းပြ ကွန်တီက သူ့ရဲ့အသင်းမှာ တိုက်စစ်အား မြှင့်တင်ဖို့ လူကာကူကို အလိုရှိနေတာပါ။ ချယ်လ်ဆီးအနေနဲ့ ဟီဂူအင်ကို ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့တာပါ။ ဟီဂူအင်ကို ဂျူဗင်တပ်စ်က ပေါင် ၇၅ သန်းနဲ့ ခေါ်ယူလိုက်တဲ့အတွက် ချယ်လ်ဆီးအနေနဲ့ လူကာကူကို ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့ရတာလို့ ဆိုပါတယ်။ လူကာကူဟာ ဥရောပထိပ်တန်းကလပ်တွေ အများစုက ပစ်မှတ်ထားခြင်းခံရတဲ့ တိုက်စစ်မှူးပါ။ သို့သော်လည်း ချယ်လ်ဆီးက ပေါင် ၇၅ သန်းနဲ့ ခေါ်ယူလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်။

အာဆင်နယ်က ပစ်မှတ်ထားလာတဲ့ ဝက်စ်ဘရွန်း နောက်တန်းကစားသမား

အာဆင်နယ်အသင်းအနေဖြင့် နောက်တန်းကစားသမားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ဝက်စ်ဘရွန်းအသင်းရဲ့ ဂျွန်နီအီးဗန်းစ်ကို ပေါင် ၁၆ သန်းနဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။ မြောက်အိုင်ယာလန် နောက်တန်းကစားသမား ဂျွန်နီအီး ဗန်းစ်ကို အာဆင်နယ်အသင်းရဲ့ နောက်တန်း လိုအပ်ချက်အတွက် အားဖြည့်နိုင်ဖို့ ကြိုးစားနေတာပါ။

ဂျွန်နီအီးဗန်းစ်ကို မန်ယူမှာရှိကတည်းက အာဆင်နယ်နည်းပြဝင်းဂါးက ပစ်မှတ်ထားနေတာပါ။ ဝက်စ်ဘရွန်းအနေနဲ့ ပြိုင်ဘက်အသင်းတွေကို ရောင်းရဖို့ ငြင်းဆိုခဲ့တဲ့အတွက် အီးဗန်းစ်ကို အာဆင်နယ်က ဝယ်ယူနိုင်ခဲ့ခြင်း မရှိပါဘူး။ အသက် ၂၈ နှစ်အရွယ် ဂျွန်နီအီးဗန်းစ်ဟာ ပြီးခဲ့တဲ့ရာသီက နိုင်ငံနဲ့ ကလပ်အသင်းအတွက် ပွဲပေါင်း ၄၅ ပွဲ ပါဝင်ကစားပေးခဲ့တာပါ။ အီးဗန်းစ်ဟာ အောင်မြင်ခဲ့တဲ့နောက်တန်းကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း အာဆင်နယ်အသင်းက ဂျွန်နီအီးဗန်းစ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်ရဲ့ ကမ်းလှမ်းမှုကို ပယ်ချလိုက်တဲ့ ဂျိမ်းဗာဒီ

ပြီးခဲ့တဲ့ရာသီက လက်စတာအသင်းနဲ့အတူ ခြေစွမ်းပြကစားခဲ့တဲ့ ဂျိမ်းဗာဒီကို အာဆင်နယ်က အလိုရှိနေတာပါ။ အာဆင်နယ်က ကမ်းလှမ်းမှုတွေလုပ်ခဲ့ပေမယ့် လက်စတာကတော့ ပယ်ချလိုက်ပါတယ်။ လက်စတာအသင်းအနေနဲ့ ပရီမီယာလိဂ်ဖလား အောင်မြင်စွာ ဆွတ်ခူးနိုင်ခဲ့တဲ့ ခြေစွမ်းကို ဆက်လက်ထိန်းထားမှာဖြစ်တဲ့အတွက် ဗာဒီကို ထုတ်ရောင်းမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ တိုက်စစ်မှူး ဂျိမ်းဗာဒီအနေနဲ့ လက်ရှိချန်ပီယံ လက်စတာအသင်းမှာပဲ ဆက်လက်နေသင့်တယ်လို့ အင်္ဂလန်နည်းပြဟောင်း ရှိုင်ဟော့ဆန်က ဆိုပါတယ်။ ယူရို ၂၀၁၆ မှာ အင်္ဂလန်အသင်းနဲ့အတူ စတင်ပါဝင်ကစားခဲ့တဲ့ ဂျိမ်းဗာဒီကို သူ့ရဲ့အနာဂတ်နဲ့ ပတ်သက်လို့ လက်စတာအသင်းမှာလည်း ရှိသင့်တယ်လို့ ဆိုပါတယ်။ အာဆင်နယ်က ပေါင်သန်း ၂၀ နဲ့ ခေါ်ယူမယ်လို့ ပစ်မှတ်ထားခဲ့တာပါ။ အသက် ၂၉ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ဗာဒီကို စာချုပ်သစ် ချုပ်ဆိုဖို့ လက်စတာက ကြေညာထားပါတယ်။

ဗိုလ်ချုပ်ကြေးရုပ်ဝင်းအတွင်း လျှောစင်တစ်ခု တည်ဆောက်မည်

မကွေး ဩဂုတ် ၂

ဇူလိုင်လဆန်းပိုင်းမှစ၍ ပြည်သူများ ဝင်ထွက်မှုများကာ အသက်ဝင်လာခဲ့သော မကွေးမြို့ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်ဝင်းအတွင်း ကလေးငယ်များပျော်ရွှင်စွာ ဆော့ကစားနိုင်ရန် ရည်ရွယ်၍ လျှောစင်တစ်ခုကို ကမ္ဘောဇအလင်းတန်း ဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် တည်ဆောက်ရန်စီစဉ်နေကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"လာရောက်အပန်းဖြေတဲ့ ပြည်သူများရဲ့ ရင်သွေးငယ်လေးတွေ ပျော်ရွှင်စွာဆော့ကစားနိုင်ဖို့ ကမ္ဘောဇအလင်းတန်း ဖောင်ဒေးရှင်းက ငွေကျပ်ကိုးဆယ့်တစ်သိန်းလေးသောင်းကို ဇူလိုင် ၂၉ရက်က လှူဒါန်းခဲ့ပါတယ်။ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ မြေနေရာရွေးချယ်မှုတွေ ဆောင်ရွက်ပြီး မြေသားတူးဖော်မှုနဲ့ ဖောင်ဒေးရှင်းချတာတွေ စတင်လုပ်ဆောင်နေပါတယ်" ဟု မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးကျော် စိုးမင်းကပြောသည်။

ပန်းခြံအတွင်း တည်ဆောက်မည့် ကလေးများ ကစားရန် လျှောစင်ပုံစံငယ်

အတိုင်းအတာ ပေ (၂၀ × ၁၀)ရှိ စတီးလ်နှင့် သံကူကွန်ကရစ်ဖြင့် တည်ဆောက်မည့် လျှော လေးစင်းနှင့် လှေကားနှစ်စင်းပါ လျှောစင်တစ်ခုကို ဩဂုတ်လအတွင်း အပြီးတည်ဆောက်သွားရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ ဗိုလ်ချုပ်ပန်းခြံဟု ခေါ်ကြသော ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ဝင်းအတွင်း ကွန်ကရစ်ထိုင်ခုံ ၂၃ လုံး ၊ ကျောက်သားထိုင်ခုံ အလုံး ၂၀ နှင့် MPT ၊ Telenor ၊ Ooredoo တို့မှ လှူဒါန်းသည့် ထီး ၄၅ လက်၊ မာမားခေါက်ဆွဲမှလှူဒါန်းသည့် လေးထောင့်ထီးကြီး ရှစ်လက်တို့ကိုလည်း ပန်းခြံဝင်းအတွင်း ပြည်သူများ နားနေအသုံးပြုနိုင်ရန် စီစဉ်ထားရှိပေးထားကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ဇူလိုင်လအတွင်း ပြန်လည်အသက်ဝင်လာခဲ့သော ပန်းခြံမှာ ပြည်သူများအပန်းဖြေနိုင်ရန် ပြုလုပ်ပေးခြင်းနှင့် ကမ္ဘောဇအလင်းတန်းဖောင်ဒေးရှင်း လှူဒါန်းမှုတို့ကြောင့် ပိုမိုစည်ကားလာဖွယ်ရှိနေသည်။ ယခင်နှစ်များစွာက အမြဲလိုလို တံခါးပိတ်ထားသော အဆိုပါပန်းခြံကို ယခုအခါ နံနက် ၇ နာရီမှ ည ၉ နာရီထိ အချိန်သတ်မှတ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

ဧယျတု(မကွေး)

မြို့နယ်လုံးဆိုင်ရာ အရပ်ဖက် လူမှုအဖွဲ့အစည်းများဖိုရမ်ကျင်းပ

ရေး ဩဂုတ် ၂

မွန်ပြည်နယ် ရေးမြို့နယ်လုံးဆိုင်ရာ အရပ်ဖက် လူမှုအဖွဲ့အစည်းများဖိုရမ်ကို ရေးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ဇူလိုင် ၃၁ ရက်က ကျင်းပခဲ့သည်။

ဖိုရမ်တွင် ရေးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ဒေသအတွင်းဖွံ့ဖြိုးရေးအတွက် ရှေ့လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၏ တည်ဆဲဥပဒေများနှင့်အညီ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပူးပေါင်း ချိတ်ဆက်သွားကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် မွန်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်မှ တာဝန်ရှိသူများက ပေါင်းစည်းညီညွတ်သော ကွန်ရက်ချိတ်ဆက်အားဖြင့် ငြိမ်းချမ်းသာယာသည့် လူ့ဘောင်တစ်ခုတည်ဆောက်ရန်၊ ဒေသအကျိုးပိုမိုဆောင်ရွက်နိုင်ရေးအတွက် CSO များအချင်းချင်း ကွန်ရက်ချိတ်ဆက်ပြီး လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန်၊ CSO များအတွက် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဒေသတွင်း CSO များအချင်းချင်း ကွန်ရက် ချိတ်ဆက်မှုမှတစ်ဆင့် နိုင်ငံအတွင်း CSO များနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် CSO များ၏အခန်းကဏ္ဍကို မြှင့်တင်သွားရန်စသည့်အကြောင်းအရာများကို ဆွေးနွေးကြသည်။ ထို့နောက် ရေးမြို့နယ်အတွင်းမှ ဖိတ်ကြားထားသည့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းပေါင်း ၇၈ ဖွဲ့မှ အဖွဲ့ဝင်များက မိမိတို့အဖွဲ့များအလိုက် လုပ်ငန်းဆောင်ရွက်မှုတွင် အားနည်းချက် အားသာချက်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်ကျင်းပခြင်း မျှော်မှန်းချက်မှာ မြို့နယ်အတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများအချင်းချင်း အတွေ့အကြုံဖလှယ်နိုင်ရန်၊ အဖွဲ့အစည်းများအချင်းချင်း ကွန်ရက်ချိတ်ဆက် လုပ်ငန်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများကို အရပ်ဖက်အဖွဲ့အစည်းဝင်များ ပိုမိုသိရှိလာရန်နှင့် ရှေ့ဆက် လုပ်ငန်းဆောင်ရွက်မှုများတွင် အရပ်ဘက်အဖွဲ့အစည်းအချင်းချင်း လက်တွဲဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်များ ညှိနှိုင်းချမှတ်နိုင်ရန်ဖြစ်ကြောင်း သိရသည်။

ဖိုရမ်တွင် သတ်မှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်များမှာ ဒေသအတွင်း ပညာပေးလုပ်ငန်းနှင့် စွမ်းရည်မြှင့်တင်မှုသင်တန်းများ ပြုလုပ်သွားရန်၊ အစိုးရ၊ လွှတ်တော်များနှင့် ပြည်သူများ၏ အခက်အခဲများကို ညှိနှိုင်းပေးသွားရန်၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများထဲတွင် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးရန်နှင့် ပြည်နယ်အဆင့် CSO Fourm များ ပြုလုပ်သွားရန်ဖြစ်ကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေး

သပိတ်ကျင်း ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အုံးဇုံးကျေးရွာအုပ်စု ဇရပ်ကွင်းကျေးရွာမှ သက်ကြီးရွယ်အိုဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုများကို ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဇူလိုင် ၃၀ ရက်က ဆောင်ရွက်ပေးခဲ့ပြီး အာဟာရဖြစ်စေသော အစားအသောက်များလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကြည်နှင့် အဖွဲ့ဝင်များက ဇရပ်ကွင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးနှင့်အာဟာရအကြောင်း ဆွေးနွေးဟောပြောကာ ကိုယ်ဝန်ဆောင်မိခင် ၃၅ ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးချိန်ပေးခြင်းများ ပြုလုပ်ပေးခဲ့ပြီး အာဟာရဖြည့် အစာများဖြစ်သော ကြက်ဥ၊ ငှက်ပျောသီး၊ အိုင်အိုဒင်းဆားထုပ်များ ပေးဝေခဲ့သည်။ ထို့နောက် ကျေးရွာမှ အသက် ၈၇ နှစ်ရှိ အဘိုးတစ်ဦးနှင့် အသက် ၇၈ နှစ်ရှိ အဘွားတစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများကို အိမ်တိုင်ရာရောက်သွားရောက်၍ ဆောင်ရွက်ပေးခဲ့ပြီး အာဟာရဖြည့်အစားအစာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

သဃ်န်းကျွန်းမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အထက သုဝဏ္ဏကျောင်း ပညာခန်းမ၌ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို အမှတ်(၃၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုက ကြီးမှူး၍ ဇူလိုင် ၃၀ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် အမှတ်(၃၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု သဃ်န်းကျွန်းမြို့နယ်တပ်ဖွဲ့စုမှူး ဒုရဲမှူး မိုးကျော်ဟိန်းက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပွားမှုများသည့် ယာဉ်မတော်တဆမှုဖြစ်စဉ်များနှင့် လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

တင်ကြည်(သဃ်န်းကျွန်း)

ကျေးရွာမြေငှားဂရန်များထုတ်ပေး

ဒီပဲယင်း ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ညောင်လုံးပြကျေးရွာနေ ပြည်သူများအတွက် ကျေးရွာမြေငှားဂရန်များကို ဇူလိုင် ၃၀ ရက်က အဆိုပါကျေးရွာရှိ ကံသာဦးဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြေငှားဂရန်များ ပေးအပ်ပွဲတွင် ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးမောင်ထူးက ကျေးရွာမြေငှားဂရန်များ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးတို့က ညောင်လုံးပြကျေးရွာမှ မြေငှားဂရန် လျှောက်ထားရရှိသော အိမ်ထောင်စု ၁၆၆ စုအတွက် မြေငှားဂရန်များကို လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

အောင်လင်း (ပြန်/ဆက်)

မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတားဆီးရေးနှင့် ယာဉ်စည်းကမ်းဆိုင်ရာများ ပညာပေးဟောပြော

မိုင်းပျဉ်း ဩဂုတ် ၂

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့ အောက်ဈေးတန်းရပ်ကွက်ရှိ ခရစ်ယာန်ဘုရားကျောင်း၌ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး(ယာယီ) ရဲမှူးစိုးလွင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးဝင်းနိုင်က လူကုန်းကူးမှုဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး(ရုံးဦးစီး) ရဲအုပ်သန်းနိုင်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အကြောင်းအရာများကို လည်းကောင်း ဒေသခံပြည်သူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းနှင့် ဟောပြောပွဲ တာချီလိတ်၌ ပြုလုပ်

တာချီလိတ် ဩဂုတ် ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့ ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Change and Chance ခေါင်းစဉ်ဖြင့် ဟောပြောပွဲနှင့် သင်တန်းကို တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ ဇူလိုင် ၃၀ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

ဟောပြောပွဲတွင် တာချီလိတ်ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးစိုးလွင်၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ Mr.Inada Kyosuke တို့က အမှာစကားပြောကြားကြပြီး ကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌဒေါက်တာမျိုးသက်က ဟောပြောပွဲပြုလုပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် နိုင်ငံတကာအတွေးအခေါ်များ၊ လုပ်ငန်းတစ်ခုနှင့်တစ်ခု ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာများ၊ လုပ်ငန်းချဲ့ထွင်ခြင်းဆိုင်ရာ နည်းစနစ်ကောင်းများ၊ အာဆီယံစီးပွားရေးအသိုက်အမြုံ(AEC)သို့ ဝင်ရောက်တော့မည့် မြန်မာနိုင်ငံ စီးပွားရေးဆိုင်ရာ နည်းစနစ်ကောင်းများစသည့် အကြောင်းအရာများကို သင်တန်းသား ကုမ္ပဏီဝန်ထမ်းများအား သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

နေပြည်တော် တပ်ကုန်းမြို့နယ် မြို့မရဲစခန်းဝင်းအတွင်း၌ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ဇူလိုင် ၃၀ ရက်က ပြုလုပ်ခဲ့ပြီး ဥတ္တရသီရိခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဝင်း ဦးဆောင်၍ တပ်ကုန်းမြို့နယ်မှူးရုံးနှင့် မြို့နယ်ရဲစခန်းမှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများက ကျွန်းပင်၊ ခရေပင်၊ ပိတောက်ပင်၊ ယူကလစ်ပင်နှင့် မဟော်ဂနီပင်များကို စုပေါင်း စိုက်ပျိုးစဉ်
တင်ထွန်းတာ(တပ်ကုန်း)

လက်ပံကျင်းတောင်ကျေးရွာ မြေသားလမ်းသစ်ဖွင့်လှစ်

ငါန်းဇွန် ဩဂုတ် ၂
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် လက်ပံကျင်းတောင်ကျေးရွာ အဝင်၌ လူထုဗဟိုပြုစီမံကိန်းအရ ခင်းကျင်းခဲ့သော မြေသားလမ်းသစ်ဖွင့်ပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဦးစိုးဝင်းထွန်းက အမှာစကားပြောကြားပြီး ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါ်ပိုရီက လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းအတွေ့ အကြုံများ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးအရာရှိ၊ မြို့နယ်နည်း ပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးမျိုးဝင်းဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်း ဇော်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ မြေသားလမ်းမှာ ကျေးရွာအတွင်း ရွာလယ်လမ်းမကြီးဖြစ်ပြီး လက်ပံကျင်း မြောက်ကျေးရွာနှင့် ဆက်သွယ်ထားသည့် လမ်းလည်းဖြစ်ကာ လမ်းအရှည်မှာ ၆၅၀၀ ပေရှိကြောင်း၊ မြေသားလမ်းခင်းခြင်း လုပ်ငန်းများကို လူထုဗဟိုပြုစီမံကိန်း ထောက်ပံ့ ငွေ ကျပ်သန်း ၁၅၀ ဖြင့် ဇွန် ၂၆ ရက်မှ ဇူလိုင် ၇ ရက်အတွင်း အပြီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။
သက်နောင်ဦး(ငါန်းဇွန်)

ကျေးရွာငါးရွာအတွက် မြစိမ်းရောင်ရန်ပုံငွေများ လွှဲအပ်

ချောင်းဦး ဩဂုတ် ၂
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် အကောင် အထည်ဖော်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ရန်ပုံငွေများကို ချောင်းဦး မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင်လ နောက်ဆုံးပတ် အတွင်းက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်မည့် ရွာသစ်၊ ကုန်းသာ၊ ရွှေကျင်၊ ကံမ၊ ရွာတော်လေး ကျေးရွာများသို့ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ အဖြစ် တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ စီအား ဇူလိုင် ၂၂ ရက်မှ ၂၉ ရက်အတွင်း ကျေးရွာများအရောက် သွားရောက်၍ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း ချောင်းဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာဦးက ပြော သည်။

မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာတစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာကိုးရွာနှင့် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာငါးရွာ စုစုပေါင်း ကျေးရွာ ၁၅ ရွာ၌ အကောင်အထည်ဖော်ထားပြီး တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီ ထုတ်ပေးထားကာ အဆိုပါကျေးရွာများမှ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများ ပို၍တိုးတက်လာစေရန် ချေးငွေများကို ကျေးရွာ ကော်မတီများက စီမံကိန်းရန်ပုံငွေမှ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။
မယု (ချောင်းဦး)

မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း ပညာပေးဟောပြော

တောင်ကြီး ဩဂုတ် ၂
ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးတား ဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ကြီးမှူး၍ မူးယစ်ဆေးဝါးဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ နွယ်နွယ်ယဉ်က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲ တပ်ဖွဲ့မှ ရဲမှူးစောလေဝါးက မူးယစ်ဆေးဝါးဆိုင်ရာ သိကောင်းစရာ ခေါင်းစဉ်ဖြင့် မူး ယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ ဘက် ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှု ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး၊ မူးယစ်ဆေးဝါး ပြဿနာသည် လူသားအားလုံး၏ပြဿနာဖြစ်ရာ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် လူသားတိုင်းမှာ တာဝန်ရှိသလို တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ လူထုတစ်ရပ်လုံးက ပါဝင်တိုက်ဖျက်ရေးတို့ကို တောင်ကြီးတက္ကသိုလ် ဘာသာရပ် ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့သည်။
စိုင်းသန်းကျော်(တောင်ကြီး)

တောင်သာမြို့၌ မှုခင်းကျဆင်းရေးနှင့် ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းစေ ရေးအတွက် တောင်သာမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးကျော်လင်းထွန်းနှင့် တပ်ဖွဲ့ ဝင်များက အမှတ်(၅)ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ အိမ်တိုင်ရာရောက် ရဲ လုပ်ငန်းစနစ် Home visit အစီအစဉ်အရ ဇူလိုင် ၂၇ ရက် ညပိုင်းက တစ်အိမ် တက်ဆင်း လိုက်လံဆွေးနွေးစဉ်။
လင်းလက်ကြယ်(တောင်သာ)

သွေးလွန်တုပ်ကွေးဖြစ်ပွား၍ ကလေးတစ်ဦးသေဆုံးခဲ့သည့်ကျေးရွာ၌ ရောဂါကာကွယ်ရေးလုပ်ငန်းများ ချက်ချင်းကွင်းဆင်းဆောင်ရွက်

ရမည်းသင်း ဩဂုတ် ၂
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာ ဈေးကုန်းရပ်ကွက်မှ အသက်ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး ဇူလိုင် ၃၀ ရက်က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွား၍ သေဆုံးခဲ့ပြီးနောက် အဆိုပါရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်နှိမ်နင်းရေးလုပ်ငန်းများနှင့် ပညာပေးမှုများကို ဦးဆောင် သည့်အဖွဲ့က ယင်းနေ့ ညနေပိုင်းတွင် ချက်ချင်းကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

ရမည်းသင်းခရိုင်ဆေးရုံအုပ်ကြီး ဒေါ်လှလှမြွေး ဦးဆောင်၍ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဌာန ဒေသခံဝန်ထမ်းများနှင့် မြို့မိမြို့ဖများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များက အဆိုပါရပ်ကွက်အတွင်း ချက်ချင်းကွင်းဆင်းစစ်ဆေးပြီး ခြင်နှိမ် နင်းရေးလုပ်ငန်းများဖြစ်သော ရေတွင်းရေကန်များတွင် အဘိတ်ဆေးများခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ထို့အပြင် ရပ်ကွက်အတွင်းရှိ ကလေးသူငယ်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဖျားနေသူများနှင့် သွေးလွန်တုပ်ကွေးဖြစ်သည်ဟု သံသယရှိသူကလေးများအား ဆေးရုံသို့ အမြန်တက်ရန် စေလွှတ်ခြင်း၊ ရပ်ကွက်အတွင်းရှိ ပြည်သူများအား စုစည်း စေ၍ သွေးလွန်တုပ်ကွေးရောဂါ မကူးစက်နိုင်ရန်နှင့် ရောဂါကြိုတင်ကာကွယ်နိုင်ရန် သိကောင်းစရာများကို အသေးစိတ် ရှင်းလင်းဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ ဈေးကုန်းရပ်ကွက်အတွင်း အိမ်ထောင်စု ၇၂ စု ရှိကာ ရပ်ကွက်နေပြည်သူ များတွင် သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ သံသယရှိပါက ပြည်သူ့ဆေးရုံကြီး သို့ အမြန်ဆုံးပို့ကြရန်လည်း ခရိုင်ဆေးရုံအုပ်ကြီးက တိုက်တွန်းဟောပြောခဲ့သည်။
တင်ဦး(ရမည်းသင်း)

ကျေးရွာမူလတန်းကျောင်းများသို့ စာရေးကိရိယာများ ထောက်ပံ့လှူဒါန်း

ငါ့သရောက် ဩဂုတ် ၂
ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်းရှိ အိုင်ကြီးကျေးရွာနှင့် မြကန် ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေး ကိရိယာများကို ငါ့သရောက်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါ်အေးမြတ်စိုးနှင့် အဖွဲ့ဝင်များ ဇူလိုင် ၂၈ ရက်က သွားရောက်လှူဒါန်းခဲ့ကြသည်။

စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းရာတွင် အိုင်ကြီးကျေးရွာ အခြေခံ ပညာမူလတန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူ ၃၃ ဦးအတွက် ဗလာ စာအုပ် ၁၂ ဒါဇင်နှင့် ခဲတံ ၁၂ ဒါဇင်၊ မြကန်သာကျေးရွာ အခြေခံပညာ (တွဲ ဖက်)မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၇ ဦးအတွက် ဗလာစာအုပ် ၁၃ ဒါဇင်နှင့် ခဲတံ ၁၃ ဒါဇင်ခန့်ကို လှူ ဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အဆိုပါကျေးရွာများရှိ အသက် ၈၀ နှင့်အထက် ဘိုးဘွားများ ကိုလည်း အာဟာရဖြစ်စေသော စား သောက်ဖွယ်ရာပစ္စည်းများ လှူဒါန်းခဲ့ကြ ကာ ကျေးရွာဘုန်းတော်ကြီးကျောင်း များမှ ကျောင်းထိုင်ဆရာတော်ကြီးများ ကိုလည်း လှူဖွယ်ပစ္စည်းများနှင့် ဝါဆို သင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြ ကြောင်း သိရသည်။
ရဲဝင်းနိုင်(ညောင်ဦး)

အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

သီပေါ ဩဂုတ် ၂
သီပေါမြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို သီပေါမြို့နယ် အားကစားကွင်း၌ ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် ဘော်ကြိုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအသင်းက အနိုင်ရဗိုလ်စွဲခဲ့ပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ် အားကစားနှင့် ကာယ ပညာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်လှိုင်က ဗိုလ်စွဲသည့်အသင်းအား ဆုငွေကျပ် တစ်သိန်း၊ ဒုတိယဆုရရှိသည့် အသင်းအား ငွေကျပ်ခုနစ်သောင်း၊ ပူးတွဲတတိယဆုရရှိသည့် အသင်း နှစ်သင်းအား ကျပ်လေးသောင်းစီနှင့် အကောင်းဆုံးအားကစားသမားဆုလေးဆုကို ချီးမြှင့်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးသည်းထန်၍ ပျက်စီးသွားသောလမ်းပိုင်းများကို ကွင်းဆင်းစစ်ဆေး

အောင်လံ ဩဂုတ် ၂
မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အတွင်း ဇူလိုင် ၂၅ ရက်က မိုးသည်းထန် စွာ ရွာသွန်းခဲ့မှုကြောင့် ပျက်စီးသွား သော လမ်းပိုင်းများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာနမှူးဦးတိုးကြည်နှင့်ဝန်ထမ်း များ ဇူလိုင် ၂၈ ရက်က ကွင်းဆင်းကြည့်ရှု ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးခဲ့သော သံချိတ်ကျေးရွာနှင့် ကျား သေကျေးရွာကြားရှိ လမ်းပိုင်းပျက်စီးနေ မှု ၊ ကျားသေကျေးရွာ လမ်း၏ယာဘက် ခြမ်းရှိ မြေထိမ်းနံရံမြေသား ရေတိုက်စား ပဲ့ကျမှု၊ ရွာမထုံးကျေးရွာနှင့် အောင်မြေ ကုန်းကျေးရွာကြားရှိ လမ်းပိုင်းတွင် လမ်းသား ပျက်စီးနေမှု အခြေအနေများ ကို ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ် တောက်မှုမရှိစေရေးအတွက် ပြင်ဆင် ဆောင်ရွက်ပေးခဲ့သည် ။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် နှင့် အဖွဲ့သည် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ထားသည့်ကျေးရွာ သစ်များဖြစ်သော မြွေရိုး၊ ကန်နှစ်ဆင့်၊ မြစ်နား၊ အုပ်ရှစ်ကုန်း၊ ပျဉ်ထောင်၊ မြေနီ ကုန်းနှင့် ဆည်လောင်းကျေးရွာများ၌ စီမံကိန်းရန်ပုံငွေ ခွဲဝေပေးအပ်ထားမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ များကိုလည်း ကွင်းဆင်းကြည့်ရှုခဲ့ကြ ကြောင်း သိရသည်။
သိန်းလွင်(ပြန်/ဆက်)

စီမံကိန်းပိတ်ပွဲအခမ်းအနားကျင်းပ

လှိုင်းဘွဲ့ ဩဂုတ် ၂

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် Malteser International နှင့် ADRA (မြန်မာ)တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှုဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဆောင်ရွက်ပြီးစီးခဲ့သော ဥရောပသမဂ္ဂရန်ပုံငွေဖြင့်ပြုလုပ်သော စီမံကိန်းလုပ်ငန်းများပြီးဆုံးသည့် ပိတ်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးမှူး (ကိုယ်စား) ကျန်းမာရေးမှူး ဒေါ်အဲမွိကကျန်းမာရေးနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ Malteser International စီမံကိန်းမန်နေဂျာ ဒေါက်တာစိုးနိုင်က စီမံကိန်းကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအကြောင်း အားသာချက်၊ အားနည်းချက်များ၊ ပြုပြင်သင့်သည့်အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဇူလိုင် ၃၀ ရက်မှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းသောကြောင့် စလင်း-ဆင်ဖြူကျွန်းသွားရာ အဝေးပြေးကားလမ်းသည် မြို့နယ်မှူးရုံးအနီး ပဆငဝင်းအတွင်းမှ သက်တမ်းရင့်ကုက္ကိုပင်ကြီးသည် ကားလမ်းဘက်သို့ လဲပြိုကြစဉ်။ (အဆိုပါသစ်ပင်ကြောင့် ဆိုင်ခန်းနှစ်ခန်းပျက်စီး၍ ကားလမ်းယာယီပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ရဲမှူးဦးကျော်ခင်နှင့် မီးသတ်တပ်ဖွဲ့မှူး ဦးဌေးမော်ခေါင်းဆောင်သော စလင်းရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။)

စစ်ကြည်(စလင်း)

ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် GAP စနစ်ဖြင့် စိုက်ပျိုးနည်းသရုပ်ပြ

သံတောင်ကြီး ဩဂုတ် ၂

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ရွာကြီးကျေးရွာအုပ်စု ပျားစခန်းရွာရှိ တောင်သူဦးကျော်နိုင် လယ်ကွင်းအတွင်း၌ ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် တစ်ဧကစပါးအထွက်နှုန်းတိုးစေမည့် GAP စနစ်ဖြင့် စိုက်ပျိုးနည်းသရုပ်ပြပွဲတစ်ရပ်ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဦးဆောင်၍ ဇူလိုင်လနောက်ဆုံးပတ်က ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ရေတော်မိုးတော်ကေ ထွန်တုံးပိတ်သရုပ်ပြစိုက်ပျိုးပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က လေ့လာကြည့်ရှုကြပြီး ကျေးရွာစပါးစိုက်တောင်သူများ၏ ပိုးမွှားရောဂါဒဏ်ခံနိုင်ရန်အတွက် ဖျူရာဒါန်နှင့် 3G ပိုးသတ်ဆေးများကို ထောက်ပံ့ပေးအပ်ရာ တောင်သူများက လက်ခံရယူကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြစိမ်းရောင်စီမံကိန်းကျေးရွာများ ရန်ပုံငွေလွှဲပြောင်းပေးအပ်

မာန်အောင် ဩဂုတ် ၂

ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော်မည့် ကျေးရွာများဖြစ်သည့် ကုန်းတန်း၊ သိမ်ကုန်း၊ ပုန်းဆိုးကြီးတောရွာ၊ ကင်းတဲ၊ စစ်ကဲတော်၊ အုပ်ကျေးရွာများသို့ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်အောင်ခန့်နှင့် ဝန်ထမ်းများက ဇူလိုင်လစတုတ္ထပတ်တွင် သွားရောက်ပြီး စီမံကိန်းအကြောင်း ရှင်းလင်းခြင်း၊ ကုမ္ပဏီအဆင့်ဆင့်ရွေးချယ်ပေးခြင်းနှင့် ငွေစာရင်းဆိုင်ရာများ သင်တန်းပို့ချခြင်းကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာခြောက်ရွာသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီးကုန်းတန်း၊ သိမ်ကုန်း၊ ပုန်းဆိုးကြီး၊ တောရွာ၊ ကင်းတဲနှင့် စစ်ကဲတော်အုပ် ကျေးရွာကော်မတီ ဥက္ကဋ္ဌများထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ စီအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၅၇)

ရန်ကုန်-မန္တလေးအမြန်လမ်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး

နေပြည်တော် ဩဂုတ် ၂- ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ဖြတ်သန်းမောင်းနှင်နေသော မော်တော်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘောနီကျေးရွာတွင် ပြုလုပ်ရာ အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဘောနီအမြန်လမ်းမကြီး ရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင် ၁၆ဦးတို့က ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများအား သရုပ်ပြပညာပေးအစီအစဉ်များ ဟောပြောခဲ့ကြသည်။ ဆက်လက်၍ အကျယ် ၂၄ ပေ၊ အရှည်တစ်မိုင်ခန့်ရှိ ဘောနီကျေးရွာ မြေသားလမ်းနှင့် အကျယ် ၁၀ ပေ၊ အရှည် ၂ ဖာလုံခန့်ရှိ ဘောနီကျေးရွာ မူလတန်းကျောင်း မြေသားလမ်းအားပြုပြင်ခြင်း၊ ကျောက်ခင်းခြင်း၊ သဲခင်းခြင်း၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းတူးဖော်ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း အမြန်လမ်းရဲတပ်ဖွဲ့ထံမှ သိရသည်။

သန်းဦး(လေးမျက်နှာ)

ဖခင်အမည်မှန်

လားရှိုးမြို့၊ အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်း၊ အဋ္ဌမတန်းမှ မထက်နန္ဒာလင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းငွေဖြစ်ပါကြောင်း။

ဦးသန်းငွေ
၁၃/နမတ(နိုင်)၀၁၀၇၀၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ် ၁၆၁/က၊ မြေကွက်တည်နေရာအမှတ် ၁၆၁/က၊ မေတ္တာ ၃လမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးတင်ကို ISN-၅၄၃၁၅၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ကို ISN-၅၄၃၁၅၆၊ ၁၂/သဃက(နိုင်) ၀၂၇၂၈၀ ကိုယ်တိုင်မှ ၁၉၈၆ ခုနှစ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးခဲ့သည့် မြေချပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားရာတွင် မြို့မြေစာရင်း၌ ဦးတင်ကို ISN-၅၄၃၁၅၆ဖြင့်နှစ်၆၀မြေငှားဂရန် ထွက်ပြီးကြောင်း မှတ်သားထားသဖြင့် ဂရန်လက်ဝယ်ရှိသူမှ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏အဆောက်အအုံကို ဆောက်လုပ်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	မှတ်ချက်
၁	ဦးအောင်မြင့်+၁	၁၂/စခန(နိုင်)၀၄၀၇၈၃	၂၂ ရတနာသိဒ်လမ်း၊ မုန့်/မြောက်ရပ်ကွက်၊ စမ်းချောင်း	၂၈-B	ယခင်၁၂၂/ယခု၁၉၁	ဦးသိန်းမောင်+၆	၃-ထပ်တိုက်
၂	ဦးကံထွန်း(ခ)ဦးခင်မောင်ဝင်း	၉/ကပတ(နိုင်)၀၂၃၃၀၄	၂၆၈၊ နေမျိုးအနော်ရထာလမ်းသွယ်၊ ၁-ရပ်ကွက်၊ ရွှေပြည်သာ	၃၆	၂၆၈	ဒုဗိုလ်မှူးကြီးမြင့်သိန်း	၂-ထပ်တိုက်
၃	ဦးစည်သူကျော်	၇/တဝန(နိုင်)၁၀၃၄၇၈	၆၅၁/က၊ မြခေမာ(၁)လမ်း၊ ၁၀-ရပ်ကွက်၊ ရွှေပြည်သာ	၃၄	၆၅၁/က	ဦးကြီးငွေ	၂-ထပ်တိုက်
၄	ဦးလာလ်ဘဲလျန်	၄/ဖလန(နိုင်)၀၂၇၅၈၇	၆၁၁၊ ကံ့ကော်လမ်းသွယ်(၂)လမ်း၊ ၁၂-ရပ်ကွက်၊ ရွှေပြည်သာ	၃၂	၆၁၁	ဗိုလ်ကြီးသန်းလွင်	၂-ထပ်တိုက်
၅	ဒုဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)	PRE-၁၃၆၆၂၅	၈၇၂/က၊ ပုသိမ်လမ်း၊ ၁၀-ရပ်ကွက်၊ ရွှေပြည်သာ	၃၄	၈၇၂/က	ဦးမြင့်အောင်	၂-ထပ်တိုက်
၆	ဒေါ်နော်ချစ်သင်းကြူ	၁၂/ရပသ(နိုင်)၀၄၁၀၉၃	၄၁၉/က+ခ၊ ဝေဠုဝန်လမ်း၊ ကျောင်းကုန်းကျေးရွာအုပ်စု၊ ရွှေပြည်သာ	၅၃	၄၁၉/က၊၄၁၉/ခ	ဦးတင်မင်း၊ ဦးလှမြင့်	၂-ထပ်တိုက်
၇	ဒေါ်အေးသီတာမွန်	၃/လကန(နိုင်)၀၃၆၁၃၆	၈၅၂/ခ၊ ပုဂံလမ်း၊ ၅၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၅၆	၈၅၂	ဦးထွန်းမြင့်	၃-ထပ်တိုက်
၈	ဦးကြည်နိုင်+၂	၈/နမန(နိုင်)၁၀၃၂၅၈	၁၀၂/က+ခ၊ ဇေယျာသိဒ္ဓိ(၃)လမ်း၊ ၁-ရပ်ကွက်၊ လှိုင်	၁၃	၄၉	မီးလောင်ပြင်ပြန်ချ	၃-ထပ်တိုက်
၉	ဒေါ်ရင်ရင်မျိုး	၁၂/လမန(နိုင်)၀၄၅၇၅၁	၁၀၂/က၊ စံပယ်ဖြူ(၂)လမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်	၃၀	၁၀/ဈ၂	ဦးစောသာ	၃-ထပ်တိုက်
၁၀	ဦးခင်သိန်း	၁၂/ရပသ(နိုင်)၀၀၁၃၃၉	၁၄/က+ခ၊၁၅/က၊ဝေဠုဝန်(၆)လမ်း၊ဝေဠုဝန်တောင်ရပ်ကွက်၊စမ်းချောင်း	၂၈-A	၅၂	KARSAR Chettyar Firm	၃-ထပ်တိုက်
၁၁	ဒေါ်ခင်မာသန်း	၁၂/ရပသ(နိုင်)၀၇၂၄၄၀	၁၉၄၄/ခ၊ အောင်မေတ္တာလမ်း၊ ၁၆-ရပ်ကွက်၊ ရွှေပြည်သာ	၄၃	၁၉၄၄/ခ	ဦးငွေသိန်း	၂-ထပ် Steel
၁၂	ဦးခင်မောင်တိုး	၁၀/ရဗန(နိုင်)၀၀၀၄၄၄	၁၁၇၇၊ ဗိုလ်ချုပ်လမ်း၊ ၁၉-ရပ်ကွက်၊ ရွှေပြည်သာ	၄၈	၁၁၇၇	ဒေါ်ရီ	၂-ထပ်တိုက်
၁၃	ဒေါ်သန်းသန်းစိုး	၇/ရတန(နိုင်)၀၀၇၈၆၈	၃၈၇၊ ပြင်ဦးလွင်လမ်း၊ ၂၀-ရပ်ကွက်၊ ရွှေပြည်သာ	၄၅	၃၈၇	ဒေါ်ခင်ငွေ	၂-ထပ်တိုက်
၁၄	ဦးစိန်ဝင်း	၁၄/မမန(နိုင်)၀၁၈၂၁၈	၂၇၈/က+၂၇၇/ခ၊မြင့်မိုရ်လမ်း၊၁၈-ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)	၁၈	၂၇၇/ခ၊ ၂၇၈/က	ဦးဘရန်အောင်၊ ဦးမျိုးမြင့်	၂½-ထပ်တိုက်
၁၅	ဒေါ်ငွေငွေမြင့်	၁၂/ဗဟန(နိုင်)၀၈၃၉၇၁	၁၇၊ စံပါယ်(၁)လမ်း၊ ၃-ရပ်ကွက်၊ ကမာရွတ်	၈၀	၅၃	Miss Constanu Andrews	၃-ထပ်တိုက်
၁၆	ဦးဝင်းနိုင်ကျော်	၁၂/ဒဂတ(နိုင်)၀၁၉၉၂၁	၁၆၁၆/ခ၊ကွမ်းအပ်သာမင်းသားလမ်း၊၉၀-ရပ်ကွက်၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)	၉၀	၁၆၁၆/ခ	ဦးအောင်ဟဲ	၃-ထပ်တိုက်
၁၇	ဒေါ်ချိုချိုဝင်း	၁၀/စတန(နိုင်)၀၀၄၉၀၉	၁၅/က၊ သပြေလမ်း၊ ၂/က-ရပ်ကွက်၊ မင်္ဂလာဒုံ	၄၀၈-A	၅/A-၁	မရှိန်	၃-ထပ်တိုက်
၁၈	ဒေါ်စန်းစန်းထွေး	၁၂/အစန(ပြု)၀၀၀၅၂၂	၁၀၃/က၊ ရဲရန်နိုင်လမ်း၊ ၁၁-ရပ်ကွက်၊ ရွှေပြည်သာ	၃၅	၁၀၃/က	ဦးဆာဗီ	၁-ထပ် BN
၁၉	ဒေါ်မြင့်မြင့်ကြည်	၁၂/လမန(နိုင်)၀၂၁၄၈၉	၁၂-A၊ ပန်းခြံကျောင်းလမ်း၊ ၁၃-ရပ်ကွက်၊ လှိုင်	၁၇/ကမာရွတ်	၆/၃၂	ဦးဝန်	၃-ထပ်တိုက်
၂၀	ဦးအေးလွင်	၁၂/အစန(နိုင်)၁၁၉၀၇၂	၉၅၁၊ အောင်မင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်	၁၀-F	၃/၈၃-A	ဒေါ်မြစိန်	၂-ထပ် Steel ၃လုံး

ဌာနမှူး အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်

ဝယ်သလောက် အပိုရမယ့် နှစ်ဆ DATA PACK

MONTHLY PACK

မူရင်း Data ပမာဏ	Data အပိုဆု	စျေးနှုန်း (ကျပ်)	စျေးနှုန်း /MB	USSD (သို့) ဖုန်းခေါ်ရန်	စာတိုပို့ရန်
400MB	400MB	၂၈၀၀	3.5Ks/MB	*2002#	400MB to 1332
1GB	1GB	၆၅၀၀	3.25Ks/MB	*2003#	1GB to 1332
2GB	2GB	၁၂၀၀၀	3.0Ks/MB	*2004#	2GB to 1332
5GB	5GB	၂၅၀၀၀	2.5Ks/MB	*2005#	5GB to 1332

ဇူလိုင်လ(၁၃)ရက်မှ စတင်ဝယ်ယူနိုင်ပါသည်
MPT၏ **ဆွေသဟာ** အစီအစဉ် ရယူထားသော **Prepaid,Postpaid GSM/WCDMA**အသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်
၂၀၁၆ ဧပြီလ(၁)ရက်မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

24 HR PACK

MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်

အစီအစဉ်သစ်

120MB ကို ၄၀၀ ကျပ်

*2001# (သို့) 120MB to 1332

ဇူလိုင်လ(၁၃)ရက်မှ စတင်ဝယ်ယူနိုင်ပါသည်
24 HR PACK ကို ဝယ်ယူသည့်အချိန်မှစ၍ **၂၄နာရီအတွင်း** အသုံးပြုနိုင်ပါသည်
MPT၏ **ဆွေသဟာ** အစီအစဉ် ရယူထားသော **Prepaid,Postpaid GSM/WCDMA**အသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်
၂၀၁၆ ဧပြီလ(၁)ရက်မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

First Myanmar Investment Co., Ltd.

A Public Company Listed on the Yangon Stock Exchange
Company Registration No. 159/92-93 | YSX Code 00001

(၂၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

First Myanmar Investment Co., Ltd. (FMI) ၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များတက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ မွန်းလွဲ (၂း၀၀)နာရီမှ ညနေ (၅း၀၀)နာရီအထိ
ကျင်းပမည့်နေရာ ။ ။ အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးဖိတ်စာအား ၇-၇-၂၀၁၆ ရက်နေ့ကုန်တွင် YSX ရှိ စာရင်းအရ အစုရှယ်ယာရှင်များထံသို့ ပေးပို့ထားပြီးဖြစ်ပါသည်။ အစည်းအဝေး မတက်ရောက်နိုင်ကြသော အစုရှယ်ယာရှင်များသည် ကြိုတင်ပေးပို့ထားပြီးဖြစ်သော ကိုယ်စားလှယ်လွှဲစာတွင် ဖြည့်စွက်လက်မှတ်ရေးထိုး၍ FMI Co., Ltd. ရုံးခန်းသို့ ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ မပျက်မကွက်ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးအစီအစဉ်တွင် အောက်ပါကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ရန် ဖြစ်ပါသည်။

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်းနှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာကို အတည်ပြုရန်။
၂။ ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် အမြတ်ဝေစုကို အတည်ပြုရန်။
၃။ ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျတာဝန်ထမ်းဆောင်မှုနှင့် ခန့်အပ်မှုအတည်ပြုရန်။
၄။ V Advisory Limited အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အဖြစ်ခန့်အပ်ရန်။

အမြတ်ဝေစုရယူရန်

၂၀၁၅-၂၀၁၆ ခုနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ကို ၄-၇-၂၀၁၆ (တနင်္လာနေ့) အထိ အစုရှယ်ယာဝယ်ယူပိုင်ဆိုင်သော အရေအတွက် အတိုင်း ရယူခွင့်ရှိမည်ဖြစ်သည်။

အမြတ်ဝေစုများ ထုတ်ဝေပေးရာတွင် -

* Securities ကုမ္ပဏီများဖြစ်ကြသော KBZSC, MSEC, AYAtrust Securities, CB Securities နှင့် KTZRH Securities ကုမ္ပဏီတို့တွင် Securities Account ဖွင့်လှစ်ထားပြီးဖြစ်သည့် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုအား မိမိတို့ဖွင့်လှစ်ခဲ့သော Securities ကုမ္ပဏီများသို့ ထည့်သွင်းပေးမည်ဖြစ်ပါ၍ Securities ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ကြရပါမည်။ ထည့်သွင်းပေးမည့်ရက်ကို ထပ်မံကြေညာပါမည်။
* Securities Account မဖွင့်လှစ်ရသေးသော အစုရှယ်ယာရှင်များအနေဖြင့် FMI Co., Ltd. တွင် ထုတ်ယူရပါမည်။ ထုတ်ယူရမည့်ရက်ကို ထပ်မံကြေညာပါမည်။

အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းလိုသည့် အချက်အလက်များရှိပါက FMI Co., Ltd. သို့ (၃-၈-၂၀၁၆) ရက် ညနေ(၄း၀၀)နာရီ နောက်ဆုံးထား၍ ပေးပို့ကြရန် ဖြစ်ပါသည်။

အမှုဆောင်ဒါရိုက်တာအဖွဲ့
FMI Co., Ltd.

First Myanmar Investment Co., Ltd.
ရန်ကုန်ရုံးချုပ် - FMI Centre ၊ အမှတ်-၃၈၀၊ ၁၀-ထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၀၃၆၃၊ ၂၄၀၃၇၃
Web: fmi.com.mm | Email: fmi@spa-mm.com
မန္တလေးရုံးခွဲ - အမှတ် (၃၀၃)၊ ၇၆-လမ်း (၃၃× ၃၄ လမ်းကြား)၊ မောရဂီဝါရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂ ၆၀၅၆၁
Email- fmi-mdy@spa-mm.com

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

▶ ဒီစင်ဘာ၁၆ရပ်ကွက် ...
(၁၀၀ × ၁၀၀) ပေပါမစ်မြေ (ထောင့်ကွက်) - (၁၆၅၀) သိန်း
▶ ညောင်နှစ်ပင် - ကြာတန်ကျေးရွာ
၀.၄၆ဧက၊ ရေ၊ မီး၊ ပါ၊ ခြံပြေစာ - (၂၈၀) သိန်း
Ph: 09-49342067, 09-785084831

ဒီဇယ်မော်တာ
စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
၂၁အနောက်မြင်းပြိုင်ကွင်းလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

ထူးချွန်သော ကွန်ပျူတာပညာရှင်ဖြစ်ပြီး
အလုပ်အကိုင်ပါတစ်ပါတည်းရလိုသူများအတွက်

ကွန်ပျူတာ ဒီပလိုမာ နှင့် ကွန်ပျူတာ ဘွဲ့သင်တန်းများ

B.Sc (Hons) Business IT, University of Greenwich, UK

- Full - Time (Mon-Fri)
- Part - Time (Sat-Sun) (Part - Time)

Enroll Now!

www.facebook.com/mcc.institute

Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 09-402671562, 011-202113
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132
MCC Polytechnic (Monywa) Ph - 09-965676777, 09-265333120
MCC Polytechnic (Pathein) Ph - 09-451888373, 09-773510899

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၆-၂၀၁၇ခုနှစ်၊ ဘုရားဖူးရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်မှ စတင်၍"အောင်ချမ်းသာမှသင့်ဆန္ဒပြည့်ဝစေရမည်" ဟူသောဆောင်ပုဒ်နှင့်အညီတစ်ပတ်ခြားတနင်္လာနေ့တိုင်းထွက်ခွာရန် စီစဉ်ထားရှိပါသည်။ရန်ကုန်မှဗုဒ္ဓဂယာသို့လေယာဉ်ဖြင့်တိုက်ရိုက်သွားပြီးဘုရားဖူးမြော်ကာဗုဒ္ဓဂယာမှရန်ကုန်သို့တိုက်ရိုက် ပြန်လာသည့်(၁၁)ညအိပ်(၁၂)ရက်ခရီးဖြစ်ပါသည်။

ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သဇင်မြင့်အောင် ကိုယ်တိုင်ဘုရားဖူးခရီးစဉ်တစ်လျှောက်လိုက်ပါ၍ နွေးထွေးသောဝန်ဆောင်မှုများပေးသဖြင့်ဘုရားဖူးများကျေနပ်အားရပီတိဖြစ်ကာစိတ်အေးချမ်းသာစွာသာသနာပြုနိုင်ခဲ့ကြောင်း တဖွဲဖွဲပေးပို့လာသည့်ကျေးဇူးတင်လွှာများနှင့်ပြန်လည်လိုက်ပါရန်အဆိုပြုထားသည့်ဘုရားဖူးများ။ယခုနှစ်ခရီးစဉ်တွင် ကြိုတင်စာရင်းပေးသွင်းထားသောဓမ္မမိတ်ဆွေများအားအထူးကျေးဇူးတင်ရှိပါသည်။ထွက်ခွာမည့်ခရီးစဉ်များမှာ-

(၁) ၂၆-၉-၂၀၁၆	(၄) ၇-၁၁-၂၀၁၆	(၇) ၁၉-၁၂-၂၀၁၆	(၁၀) ၃၀-၁-၂၀၁၇	(၁၃) ၁၃-၃-၂၀၁၇
(၂) ၁၀-၁၀-၂၀၁၆	(၅) ၂၁-၁၁-၂၀၁၆	(၈) ၂-၁-၂၀၁၇	(၁၁) ၁၃-၂-၂၀၁၇	(၁၄) ၂၇-၃-၂၀၁၇
(၃) ၂၄-၁၀-၂၀၁၆	(၆) ၅-၁၂-၂၀၁၆	(၉) ၁၆-၁-၂၀၁၇	(၁၂) ၂၇-၂-၂၀၁၇	(၁၅) ၁၀-၄-၂၀၁၇ (သင်္ကြန်ပိတ်ရက်)

အထက်ပါခရီးစဉ်များပြောင်းလဲခြင်းမရှိပါ။မိမိသွားလိုသောခရီးစဉ်များကိုရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၊ပြည်သာယာလမ်း၊ဘောက်ထော်၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁-၅၅၉၇၁၉၊၀၁-၅၄၄၂၈၇၊၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၃၃၊ ၀၉-၅၁၂၈၆၂၁သို့အမြန်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

သဇင်မြင့်အောင်

ကျေးဇူးအထူးတင်ရှိခြင်း

ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် စည်သူ ဦးအောင်ကိုဝင်းနှင့် ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမအဆင့်)တို့သည် ရဟန်းသံဃာများ၊ သီလရှင်များနှင့်ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်တွင် တာဝန်ထမ်းဆောင်နေသည့် အရာထမ်း၊ ဝန်ထမ်းများ၊ အငြိမ်းစားကျောင်းဆရာ၊ ဆရာမကြီးများနှင့် ဆွေမျိုးသားချင်းများကို ဓမ္မဒါနကုသိုလ်အဖြစ် အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် ဘုရားပွင့်ရာ၊ ဗုဒ္ဓဂယာ မဇ္ဈိမဒေသသို့ အောက်ဖော်ပြပါရက်များတွင်ဘုရားဖူးပို့ဆောင်ပေးခဲ့ပါသည် -

၁။၁၈-၁၂-၂၀၁၀ (၁၂၄)ဦး	၆။၂၅-၁၀-၂၀၁၄ (၂၁)ဦး
၂။၂၄-၂-၂၀၁၂ (၁၃၈)ဦး	၇။၅-၂-၂၀၁၄ (၂၁)ဦး
၃။၂၂-၂-၂၀၁၃ (၁၄၂)ဦး	၈။၂၁-၁၂-၂၀၁၅ (၁၂)ဦး
၄။၂၈-၂-၂၀၁၄ (၁၃၄)ဦး	၉။၂၈-၂-၂၀၁၅ (၁၂၃)ဦး
၅။၈-၁၀-၂၀၁၄ (၃၄)ဦး	၁၀။၁၁-၃-၂၀၁၆ (၁၂၃)ဦး

စုစုပေါင်း(၈၇၂)ဦး ပို့ဆောင်ပေးခဲ့သည့် ကမ္ဘောဇဘဏ်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ တို့အား အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှအထူးပင်ကျေးဇူးတင်ရှိပါသည်။

ဒေါ်သဇင်မြင့်အောင်(အုပ်ချုပ်မှုဒါရိုက်တာ)
အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

ကျေးဇူးအထူးတင်ရှိခြင်း

ASIA WORLD Co.,Ltd.ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့်ဇနီးဒေါ်စီစီလှ၍မိသားစုမှ ဓမ္မဒါနကုသိုလ်အဖြစ် ဘုရားပွင့်ရာ၊ ဗုဒ္ဓဂယာ မဇ္ဈိမဒေသသို့ အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် ပို့ဆောင်ပေးခဲ့ပါသည်။၅-၁၁-၂၀၁၂ နေ့တွင်(၁၆)ဦး။၈-၄-၂၀၁၃ နေ့တွင်(၃၀)ဦး။ ၁၁-၄-၂၀၁၆ နေ့တွင်(၃၉)ဦး။စုစုပေါင်း(၈၅)ဦးအား ဗုဒ္ဓဂယာသို့ ဘုရားဖူးပို့ဆောင်ပေးခဲ့သည့် ASIA WORLD Co.,Ltd.မှ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့်ဇနီးဒေါ်စီစီလှ၍မိသားစုတို့အား ကျေးဇူးအထူးတင်ရှိပါသည်။

ဒေါ်သဇင်မြင့်အောင်(အုပ်ချုပ်မှုဒါရိုက်တာ)
အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ကျေးဇူးအထူးတင်ရှိခြင်း

HITACHI,SOE Electric & Machinery ဥက္ကဋ္ဌ ဦးစိုးတင့်နှင့်ဇနီးဒေါ်ရီရီမာ (ခေါ်)ဒေါ်ရင်ရင်နုမိသားစုတို့မှနေပြည်တော်၊ပျဉ်းမနားရှိဝတ်ဖြူအသင်းနှင့်ဓမ္မာရုံအသီးသီးမှ ဝတ်ရွတ်ယောဂီများ၊ အဖိုး၊ အဖွားတို့အား ဓမ္မဒါနကုသိုလ်ယူကာ ဘုရားပွင့်ရာ၊ ဗုဒ္ဓဂယာ မဇ္ဈိမဒေသသို့ အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ဖြင့်ပို့ဆောင်ပေးခဲ့ပါသည်။၄-၁-၂၀၁၆ နေ့တွင်(၆၀)ဦး။၁၈-၁-၂၀၁၆နေ့တွင်(၃၈)ဦး။၂၈-၃-၂၀၁၆နေ့တွင်(၄၀)ဦး။စုစုပေါင်း(၁၃၈)ဦးအား ဗုဒ္ဓဂယာသို့ဘုရားဖူးပို့ဆောင်ပေးခဲ့သည့် HITACHI,SOE Electric & Machinery ဥက္ကဋ္ဌ ဦးစိုးတင့်နှင့်ဇနီးဒေါ်ရီရီမာ(ခေါ်)ဒေါ်ရင်ရင်နုတို့အားကျေးဇူးအထူးတင်ရှိပါသည်။

